
www.burmeseclassic.com



# မောင်လှမျိုး

## အသည်းနှလုံး၏ ကြေညာစာတမ်း

လုံးချင်းဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

တင်တင်အုန်း
စီစဉ်သည်

စိန်သရဖူ
စာပေ
အမှတ်(၆၆)၊ ပထမထပ်၊ ၆-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၂၀၇၅၂

BURMESE CLASSIC .com

# အသည်းနှလုံး၏ ကြေညာစာတမ်း

မောင်လှမျိုး (ချင်းချောင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com

# အသည်းနှလုံး၏ကြေညာစာတမ်း

**မောင်လှမျိုး** (ချင်းချောင်းခြံ)


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၃၁၁၀၈၀၈ |
| အဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၀၈၀၉၀၈ |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၈ခုနှစ်၊ အောက်တိုဘာလ |
| စာအုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၅၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | မင်းမြင့်နိုင် |
| ကွန်ပျူတာ | - | ပြည့်ဖြိုး |

ထုတ်ဝေသူ

ဒေါ်တင်တင်အုန်း (၀၃၇၄၈)၊ စိန်သရဖူစာပေ

အမှတ် (၆၆)၊ (၆) လမ်း၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ

ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)

အမှတ် (၁၅၂)၊ ကျွန်းရွှေမြိုင်လမ်း၊

သုဝဏ္ဏ၊ ရန်ကုန်မြို့။


BURMESE CLASSIC .com

**ဒို့အရေး အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊


အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ညီမလေးသို့ ...



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟာ စကားပြောဆိုတဲ့နေရာမှာ...

၁။ မဟုတ်မမှန်ဘူး၊ စီးပွားနဲ့လည်း စပ်ယှဉ်မှုမရှိဘူး၊ သူတစ်ပါး နှစ်သက်မှု၊ နှစ်မြို့က်မှုလည်း မရှိဘူးဆိုတဲ့ စကားမျိုးကို မပြောဘူး။

၂။ ဟုတ်မှန်မှုတော့ရှိတယ်၊ ဒါပေမဲ့ အကျိုးစီးပွားနဲ့ မစပ်ယှဉ်ဘူး၊ သူတစ်ပါးနှစ်သက်မှုလည်း မရှိဘူးဆိုတဲ့ စကားမျိုးကိုလည်း မပြောဘူး။

၃။ မဟုတ်မမှန်ဘူး၊ အကျိုးစီးပွားနဲ့လည်း မစပ်ယှက်ဘူး၊ ဒါပေမဲ့ သူတစ်ပါးနှစ်သက်မှု၊ နှစ်မြို့က်မှုတော့ရှိတယ်ဆိုတဲ့ စကားမျိုးကိုလည်း မပြောဘူး။

၄။ ဟုတ်မှန်မှုရှိတယ်၊ သူတစ်ပါးနှစ်သက်မှု နှစ်မြို့က်မှုလည်း ရှိတယ်၊ ဒါပေမဲ့ အကျိုးစီးပွားနဲ့ မစပ်ယှဉ်ဘူးဆိုတဲ့ စကားမျိုးကိုလည်း မပြောဘူး။



www.burmeseclassic.com

www.burmeseclassic.com

**ဧဒေါင်လှုပျိုး** (ချင်း၊ဇော်ခေါင်း၊ပြ)

၅။ ဟုတ်မှန်မှုရှိတယ်၊ အကျိုးစီးပွားနဲ့လည်း စပ်ယှဉ်တယ်၊ ဒါပေမဲ့ သူတစ်ပါးနှစ်သက်မှု၊ နှစ်မြို့က်မှုတော့ မရှိဘူးဆိုတဲ့ စကားမျိုးကို အခြေအနေအရ အခါအားလျော်စွာပြောတယ်။ ပြီးတော့ ...

၆။ ဟုတ်မှန်မှုရှိတယ်၊ အကျိုးစီးပွားနဲ့လည်း စပ်ယှဉ်တယ်၊ သူတစ်ပါးနှစ်သက်မှု၊ နှစ်မြို့က်မှုလည်းရှိတယ်ဆိုတဲ့စကားမျိုးကို အခြေအနေကြည့်ပြီး အခါအားလျော်စွာ ပြောပါတယ်။

**နဗ္ဗာသိန်းဇံ**

**✳ မှန်ဝေသာစကားထိုထိုဖြစ်းနှင့်ဝတ်ထတ်ဝေသာ မှတ်ချတ်များ**

BURMESE CLASSIC .com

# အမုန်း ကြေညာချက်





www.burmeseclassic.com

www.burmeseclassic.com

## (၁)

"မောင့်ကို မုန်းလိုက်ပါတော့ သိင်္ဂီ ...၊

မေ့လိုက်ပါတော့"

ကျွန်တော်ချစ်သော သိင်္ဂီထွေးက ကျွန်တော်ပြောသော စကားလုံးများကို ကြားလျှင်ကြားချင်း ဟက်ဟက်ပက်ပက် ရယ်မော သည်။

လှသောသူ ရယ်သဖြင့် နုနဲ့ရည်လျားသော ကြေးဆံနွယ်



www.burmeseclassic.com

www.burmeseclassic.com



တို့သည် ရယ်မောသံနှင့်အတူ လေပြည်တွင် လွင့်လူးသွားကြ၏။

ရယ်မောပြီးစ သူ့မျက်နှာကို ငေးကြည့်လျက် ကျွန်တော်ကတော့ မရယ်မောဖြစ်။

"မောင် ... တကယ်ပြောနေတာ သီဂီ"

အင်းလျားကန်ရေပြင်တစ်ခုံးကို ငေးကြည့်ကာ လေသံမာထန်စွာဖြင့် ကျွန်တော် ပြောလိုက်၏။ ကျွန်တော့်လက်ျာဘက်ပခုံးပေါ်သို့ လက်ဖဝါးနုလေးနှစ်ခု သွယ်ယှက်ကာ တင်သည်။ ထိုလက်ခုံလေးပေါ်သို့ မေးတင်လျက် သီဂီထွေး ကျွန်တော့်မျက်နှာကို ငေးကြည့်၏။ ကျွန်တော့်မျက်နှာ တည်တင်းသည့်တိုင် သူ့အပြုံးတွေ မလျော့ပါးသေး။

"မောင် ... ဒီစကားပြောဖို့ ဆုံးဖြတ်ထားတာကြာပြီ ...၊ အပြောခက်နေလို့၊ ပြောမထွက်လို့ အခုမှပြောတာ။ မောင့်ကို မုန်းဖြစ်အောင် မုန်းလိုက်ပါတော့"

"ဟင်း ... ဟင်း ... မောင်က အဲ့ဒီလို အတည်နဲ့နောက်ရင် ဘေးကလူက ပိုပြီး ရယ်ရသေး"

ချစ်သူ၏ မုန်းမေ့ဖို့စကားကို နားဖြင့် ဆတ်ဆတ်ကြားရသော အခါ ...





လူတော်တော်များများကတော့ ...

*'မုန်းဖို့စကား နားမှကြားရ၊ အတိတ်အိပ်မက် မဖြစ်နိုင်ဘူးငယ်ချစ်ဦးရေ'* ဟု ရင်နင့်စွာ ခံစားနာကျင်ကြရပေလိမ့်မည်။

ကျွန်တော့်ချစ်သူ သီဂီထွေးကတော့ နားဖြင့် နီးနီးကပ်ကပ်၊ ဒိဗိသသ၊ တိတိကျကျ ကြားနေရပါလျက် ပြက်လုံးတစ်ခုကို ကြားလိုက်ရသလိုမျိုး ခိုးခိုးခစ်ခစ်နှင့် ရယ်မောနေပြန်ပါသေးသည်။

"တောက်"

ကျွန်တော့်တောက်ခေါက်သံက မျက်နှာမူထားရာ အင်းလျားရေပြင်ကိုပင် လှိုင်းဂယက်များစွာ ထသွားစေနိုင်သည်။ ကျွန်တော်ထိုင်နေရာမှ ထလိုက်၏။ သီဂီထွေး၏မျက်နှာကို စူးရဲစွာကြည့်လျက်...

"ငါ တကယ်ပြောနေတာ သီဂီ"

မိုးဖွဲဖွဲကျနေသည့်တိုင် ပွဲကြည့်မပျက်ဘဲ လျှင်လှုပ်သောအခါကျမှ ဖုန်ခါ၍ ထပြေးရမည့် ပွဲကြိုက်သူတစ်ယောက်၏ မျက်နှာကဲ့သို့၊ ကျွန်တော့်တောက်ခေါက်သံကြားတော့မှ သီဂီထွေးမျက်နှာအရောင်ပြောင်းလဲသွားသည်။ အရယ်အပြုံး ရပ်တန့်သွားသည်။ တောင်စွယ်မှာ နေကွယ်သကဲ့သို့ ရွှန်းလဲ့တောက်ပခဲ့သော သူ့မျက်လုံးလေး အရောင်မှေးမှိန်သွားသည်။ မျက်နှာမြင် ချစ်ခင်စေဆိုသောဆုဖြင့်ပြည့်ဝခဲ့သော ချစ်သူ၏ ထိုမျက်နှာကို စိတ်တင်းလျက် ကျွန်တော်စိုက်ကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ . . . ကျွန်တော့်ကိုကြည့်ကာမှ ကျွန်တော် အဝေးသို့ ငေးနေလိုက်၏။

သူလည်း . . . ထိုင်ရာမှ ထပြစ်သွားပေပြီ။

"မောင် . . . ဒေါသတကြီးနဲ့ ပြောနေတာလား။ အဟုတ်တကယ် ပြောနေတာပေါ့။ တကယ့်ကို . . . နာနာကျင်ကျင်ပြောနေတာပေါ့။ ဟုတ်လား ဟင် . . . ဟုတ်လားမောင်"

တိတ်ဆိတ်ခြင်းဖြင့် ဝန်ခံနေသည့်တိုင် ကျွန်တော့်ဝန်ခံမှုက မပြည့်စုံသေး။

"သိဂီမေးနေတယ်လေ . . .။ မောင် ဖြေလေ၊ မောင် တကယ်ပြောနေတာလား"

"ဟုတ်တယ် . . . တကယ်ပြောနေတာ"

"တကယ်"

တကယ် . . . ဟူသောစကားသံသည် သူ့ရင်တွင်းမှ လှိုက်တက်လာသော တုန်ခါသံ . . .။

သူ့မျက်နှာကို ငုံ့မကြည့်ဘဲ သူ့မျက်ဝန်းတွင် လဲ့နေသော မျက်ရည်ရိပ်တွေကို ကျွန်တော် မြင်သည်။

"မောင် . . . မောင် ဘယ်တုန်းက ဒီလိုပြောခဲ့ဘူးလို့လဲ။ ဘာကြောင့်ပြောရတာလဲ"





လေပြည်သည် တစ်ချက်တစ်ချက် ပြင်းသွားသည်။

"ဘာကြောင့်ပြောရတာလဲ မောင် . . ."

"ပြောချင်လို့ ပြောတာ"

မျက်တောင်ကို သူပုတ်ခတ်သည်။

"တကယ်ပြောတယ်ဆိုတာ သေချာရဲ့လား မောင်"

"သေချာတယ်"

ကျွန်တော် မျက်နှာမူရာသို့ သူ့မျက်နှာကို ရွှေ့လာသည်။ မျက်နှာချင်းဆိုင်ကာ သူရပ်သည်။ သူ့မျက်နှာကို ဝှေ့ခနဲ တစ်ချက်ကြည့်မိ၏။ မျက်ရည်စကို လှစ်ခနဲမြင်သည်။

ကန်ပေါင်ရိုး၏ အောက်ဘက်ခပ်ဝေးဝေး ကားလမ်းပေါ်သို့ ကျွန်တော့်အကြည့်တွေကို နေရာရွှေ့လိုက်သည်။

"သေချာတယ်ဆိုရင် သိဂီမျက်နှာကိုကြည့်ပြီး နောက်တစ်ခါထပ်ပြော"

သူ့မျက်နှာဘက်သို့ ကျွန်တော် ဆတ်ခနဲလှည့်ကြည့်လိုက်၏။

"ပြောပါ . . . မောင်"

သူ့မျက်လုံးတွေကို ကျွန်တော် ကြည့်ပစ်လိုက်သည်။

"ငါ့ကို နင် မုန်းလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေစီးကျသည့်တိုင် သူ့မျက်တောင်မခတ်။

"မဟုတ်ဘူး၊ အဲဒီလို မပြောရဘူး ...။ နင့်ကို ငါ မုန်းတယ်လို့ပြော ...။ ငါ့ကို နင်မုန်းလိုက်တော့လို့ မပြောနဲ့၊ မမုန်းနိုင်းနဲ့၊ နင့်ကို ငါ မုန်းတယ်လို့ ပြော၊ ပြောလေ ..."

"စကားလုံးကို ရွေးဆစ်မနေနဲ့ သီဂီ၊ အရေးကြီးတာ နင် ငါ့ကို မုန်းဖို့ပဲ။ ချစ်သူတစ်ယောက်အဖြစ်ကနေ အခုချက်ချင်း ရပ်စဲဖို့ပဲ"

"မောင် ... သီဂီ့ကို မုန်းလို့လား"

"အဲဒါတွေ မမေးနဲ့'

ကျွန်တော် ... အော်ဟစ်လိုက်မိသည်။

"မောင်"

ကျွန်တော် ငဲ့ကြည့်ဖြစ်လျှင် သူငိုနေသည်ကို မြင်ရပေမည်။

"အကြောင်းပြချက်တစ်ခုလောက် ထည့်ပြောပါလား မောင်၊ သီဂီ့ကို မောင် ဘာကြောင့်မုန်းနိုင်းရတာလဲ"

မျက်ရည်တွေကို ဖယ်သုတ်ပြီး သူ မေးသည်။

ကျွန်တော်က ...,

"မုန်းနိုင်းတာ၊ ,ခစ်ခုတည်း မဟုတ်ဘူး။





အဆက်ဖြတ်ဖို့၊ ချစ်သူအဖြစ်က ရပ်ဆဲဖို့၊ မပတ်သက်ဖို့၊ မခေါ်ဖို့၊ မပြောဖို့၊ စိတ်ထဲက,ပါ အပြီးအပိုင် ထုတ်ပစ်လိုက်ဖို့ ပြောနေတာ"

မျက်ရည်ကင်းစင်သောမျက်နှာကို လက်ကိုင်ပဝါဖြင့် ဖွဖွသန့်စင်ပြီး သီဂီထွေးက ...

"မောင်ပြောတာကို ချက်ချင်းလိုက်နာဖို့ လွယ်ပါ့မလား"

"လွယ်ပါတယ်"

"ဟိုးက ကုက္ကိုပင်ကြီးကို မြင်တယ်မဟုတ်လား မောင်"

သူ ... ညွှန်ရာသို့ ကျွန်တော် ကြည့်မိသည်။

"အဲ့ဒီအပင်ကြီးကို အခုချက်ချင်း နုတ်ယူလို့ရပါ့မလား ...၊ မြေတူးစက်နဲ့ ကော်ထုတ်မယ်ဆိုရင်တောင်၊ အမြစ်တွေ ကျန်နေဦးမှာပါ မောင် ..."

သူ့စကားကို ဘဝင်မကျစွာ ကျွန်တော် နားထောင်သည်။

"သူငယ်ချင်းဘဝ၊ ချစ်သူဘဝ၊ ကာလတွေ အများကြီးဖြတ်သန်းခဲ့ရတဲ့ သီဂီတို့နှစ်ယောက်ဟာ တစ်ထိုင်တည်း၊ တစ်နေ့တည်း၊ တစ်နာရီတည်းမှာ ... တစ်ယောက်နဲ့တစ်ယောက် မုန်းဖို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လွယ်ပါ့မလား မောင် ...။

မောင့်ဘက်က လွယ်တယ်ဆိုရင်တောင်၊ ဘာကြောင့်ဆိုတဲ့ အကြောင်းပြချက်တစ်ခုခုတော့ ရှိလိမ့်မယ် ...။ အဲ့ဒါကို သီဂီသိချင်တယ်''

''ဘာကြောင့်မှ မဟုတ်ဘူး၊ မုန်းစေချင်လို့ မုန်းနိုင်းတာ၊ မေ့စေချင်လို့ မေ့နိုင်းတာ''

မှဲ့ခနဲပြုံးသည်။

''စစ်ဆိုတာ ဘာကြောင့်ဖြစ်တာလဲ မောင်''

''မသိဘူး၊ သိချင်ရင် စစ်တိုက်နေတဲ့သူတွေကို သွားမေး''

''စစ်ဖြစ်တယ်ဆိုတာ အခြေခံအကြောင်းရင်း၊ လတ်တလောအကြောင်းရင်း၊ အဲ့ဒီအကြောင်းအချက်တွေကြောင့် ဖြစ်ရတာ။ မုန်းနိုင်းတဲ့မောင့်ရဲ့အကြောင်းရင်းက ဘာလဲ၊ မေ့နိုင်းတဲ့ မောင့်ရဲ့လတ်တလော အကြောင်းရင်းက ဘာလဲ''

သီဂီထွေး၏စကားပြောဟန်သည် သူ့စာသင်ခန်းထဲက စာသင်သားတစ်ယောက်ကို ပြောဆိုမေးမြန်းနေသလိုမျိုး။

''ဇော်ဝိတ်ကို တိုင်ပင်ချင်သေးတယ် မောင် ...၊ အသိပေးချင်သေးတယ်''





''အဓိပ္ပာယ်မရှိတာ''

''အဓိပ္ပာယ်ရှိတာပေါ့၊ ဒီသူငယ်ချင်းသုံးယောက်ပဲရှိတာ။ အဆိုးအကောင်း၊ အကျိုးအကြောင်းတော့ တိုင်ပင်ရမှာပဲ၊ အသိပေးရမှာပဲ''

''သီဂီ့ဘာသာ ဘာပဲလုပ်လုပ်၊ ဘယ်သူ့ပဲပြောပြော၊ ငါကတော့ မပတ်သက်ဖို့ ဆုံးဖြတ်ပြီးသွားပြီ''

''မောင် အကြောင်းပြချက်မပေးသမျှ၊ မောင့်အကြောင်းပြချက်တွေ ခိုင်မာမှုမရှိသေးသမျှ၊ သီဂီထွေးက မောင့်ချစ်သူအဖြစ် ရပ်တည်နေဦးမှာပါ မောင် ....''

''ကဲ ... သီဂီ့ကို လိုက်ပို့''

ဟု ပြောပြီး ကန်ပေါင်လှေကားထစ်များအတိုင်း ဆင်းသွားသည်။

ကျွန်တော် လိုက်ပို့ဖြစ်ဦးမည် ... ဟု ယုံကြည်နေသေးသောကြောင့်လား မသိ ...။ ကျွန်တော့်ကို တစ်ချက်မျှပင် မကြည့်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

(၂)

သိမ်ကြီးဈေးကုန်တိုက်ကြီးတွင် ကျွန်တော်နှင့်ဇော်ဝိတ် ပူးပေါင်းဖွင့်လှစ်ထားသော အရောင်းဆိုင် ခြောက်ခုရှိသည်။ ကုန်တိုက်၏ပထမထပ်ရှိ ကျွန်တော့်အရောင်းဆိုင်တစ်ခုသို့ ဇော်ဝိတ်ရောက်လာသည်။

ဇော်ဝိတ်က ဆရာဝန်။ စီးပွားရေးလုပ်ငန်းကို သူ နားမလည်။ ကျွန်တော့်လုပ်ငန်းတွင် ငွေပင်ငွေရင်းသာ စိုက်ထုတ်ပေးထားပြီး





ကျွန်တော့်စိတ်တိုင်းကျ စီမံသည်များကို အလုံးစုံ လက်ခံသူဖြစ်သည်။

ကျွန်တော့်စားပွဲသို့ သူ ရောက်လာလျှင်လာချင်း၊ သူ ဘာပြောမည်ကို ကျွန်တော်သိသဖြင့် ထိုင်ရာမှ ထ,လိုက်သည်။ အရောင်းတရေးမတွေကို မှာစရာရှိတာ မှာပြီး၊ ဇော်ဝိတ်နှင့်အတူ ကုန်တိုက်အောက်သို့ ဆင်းခဲ့သည်။

ကုန်သည်ကြီးများဟိုတယ်အနီးရှိ စင်ထရယ်ဟိုတယ်မှ ဖွင့်လှစ်ထားသော Diamond White သို့ ထွက်လာခဲ့ကြသည်။

❋

ဟန်ဘာဂါနှစ်ခုနှင့် ကော်ဖီနှစ်ခွက်ကို ကျွန်တော်မှာသည်။ စီးကရက်တစ်လိပ်ကို ကျွန်တော် ထုတ်သောက်သည်။ ဇော်ဝိတ်က စီးကရက်ငွေ့များကို လက်ဖြင့် ဖယ်ထုတ်၏။

"ဆေးခန်းကို ဒီအတိုင်း ပစ်ထားခဲ့တာလား"

ရွှေဘုံသာလမ်းထဲတွင် သူ့ဆေးခန်းရှိသည်။

ဇော်ဝိတ်က ...

"ပစ်ထားခဲ့တာ မဟုတ်ဘူး၊ ပိတ်ထားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"လူနာတွေ ဒုက္ခရောက်နေဦးမယ်ကွာ၊ မင်းကလည်း . . . ဆေးခန်းကို တကူးတက ပိတ်ထားခဲ့ရတယ်လို့ . . .။

အရေးတကြီးကိစ္စ ရှိတယ်ဆိုရင်လည်း ဖုန်းဆက်လိုက်ရင် ရသားနဲ့။ မင်းကိုအားကိုးပြီး အရေးတကြီးလူနာရောက်လာရင် ဒုက္ခ"

ဆိုင်အမှုထမ်းတစ်ဦးက မှာကြားထားသည်များကို စားပွဲပေါ်သို့ ညင်သာစွာချသည်။ ကျွန်တော့်မျက်နှာကို ဇော်ဝိတ်က မျက်ခုံးတွန့်ကာကြည့်လျက် . . .

"အရေးကြီးလူနာရောက်လာရင် ငါ မရှိပေမယ့်၊ တခြားဆရာဝန်တွေရှိတယ် . . .။ တခြားဆေးကုဌာနတွေ ရှိတယ်။ အဲဒီအတွက် မင်း မပူနဲ့"

"ပူလို့ရယ် မဟုတ်ပါဘူး . . .၊ မင်း အလုပ်ကို မလေးစားလို့"

"လေးစားတယ်ဆိုတာ ဘာလဲ . . . မင်းခန့်ညား"

ကျွန်တော့်မျက်နှာကို သူ့မျက်နှာ နီစပ်စပ်ဖြင့် ကြည့်လျက်မေးသည်။

ကျွန်တော်က စီးကရက်ဖွာပြီး . . .





"လေးစားတယ်ဆိုတာ အဘိဓာန်ထဲမှာ ဘယ်လိုဖွင့်ဆိုမလဲ မသိဘူး။ ငါ . . . သိသလောက်ကတော့ လေးစားတယ်ဆိုတာ ဘာကိုမှမခွဲခြားဘဲ လူအချင်းချင်း ထပ်တူစာနာပေးတာ နေမှာပေါ့။

သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ဆိုတာမျိုးလေ . . .။ တစ်ယောက်ရဲ့ဂုဏ်ကျေးဇူးကို တစ်ယောက်က အသိအမှတ်ပြုတာ၊ တန်ဖိုးထားတာ"

"အဲဒီစိတ်ထား မင်းမှာရှိလား မင်းခန့်ညား"

"မရှိဘဲနေမလားကွ၊ ရှိလို့မို့ အလုပ်အပေါ် လေးစားဖို့ လူနာတွေအပေါ် လေးစားဖို့ ပစ်စလက်ခတ် မလုပ်ဖို့ မင်းကို ငါပြောနေတာပဲဟာ . . ."

"ဒါဆို သီဂီတွေအပေါ်မှာကော၊ မင်း . . . လေးစားသလား။ သူ့ကိုကော တန်ဖိုးထားသလား"

စီးကရက်ကို လက်ကြားညှပ်လျက်က ကျွန်တော် . . . ကော်ဖီတစ်ငုံ သောက်လိုက်ရသည်။

"ငါ . . . ဘာလုပ်လို့လဲ"

"မင်း ဘာလုပ်သလဲလို့ ငါက မင်း[illegible] မှာ၊ မင်းက ငါ့ကို ပြန်မေးနေရသလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါက သူ့တန်ဖိုးကို ထိခိုက်နစ်နာအောင်၊ ဘာလုပ်မိသလဲလို့ မေးတာပါ ဇော်ဝိတ်ရာ ..."

"မိန်းမသားတစ်ယောက်ကို သူ့ချစ်သူ၊ သူ့ရည်းစားက အဆက်ဖြတ်ဖို့၊ မုန်းမေ့ဖို့ စ,ပြီးပြောလိုက်တာ အနိုင်ကျင့်စော်ကားခြင်းတစ်မျိုးပဲကွ။'

နင့်ကို ငါ မနှစ်မြို့တော့ဘူး ... လို့ ပြောလိုက်တာပဲကွ။ အဲဒါ တန်ဖိုးမထားတော့ဘူး ... လို့ ကြေညာတာပဲလေ"

"မဆိုင်ပါဘူးကွာ ...။ မင်းကို သူ အကြောင်းကြားပြီးပြီပေါ့ ...။ ဟုတ်လား"

ဇော်ဝိတ် ခေါင်းမညိတ်။

"အမုန်းဒဏ်ကို မခံစားနိုင်တာ အမုန်ပဲတဲ့။ ဒါပေမဲ့ ခံစားဖို့ ကြိုးပမ်းနိုင်မယ်ဆိုရင်တောင်၊ ဘာကြောင့် ဒီလိုတောင်းဆိုရသလဲဆိုတာ သူ ... သိချင်တယ်တဲ့။

အေး ... သူသိချင်တာ ငါလည်း သိချင်တယ်။ ပြောစမ်းပါဦး မင်းခန့်ညား ...၊ မင်း ဘာစိတ်ရှုပ်ထ,တာလဲ"

ကျွန်တော် ... ခေါင်းခါသည်။





"အကြောင်းတစ်ခုခုတော့ မင်းမှာရှိလိမ့်မယ်၊ ပြောလေ ...။ မင်း ဘာကြောင့် လမ်းခွဲစကားပြောခဲ့ရတာလဲ"

သောက်လက်စ စီးကရက်ကို ပြာခွက်အတွင်းသို့ ထိုးချေထိုက်မိသည်။

ထိုပြာခွက်ကိုကြည့်ရင်း ...

"လူတစ်ယောက် ထမင်းစားတာကို ဘာဖြစ်လို့စားတာလဲလို့မေးရင် ... ဆာလို့ စားတာလို့ပဲ ဖြေနိုင်လိမ့်မယ်။

ဘာကြောင့် ဆာတာလဲလို့မေးရင် ... အဲဒီမေးခွန်းက မေးတဲ့လူလည်း မမေးသင့်တဲ့ မေးခွန်း ...၊ ဖြေတဲ့လူလည်း အဖြေခက်မယ့်မေးခွန်းပဲ"

"ဒါဆို သီဂီထွေးမှာ ဘာအပြစ်အနာအဆာမှ မရှိဘဲ မင်းက မုန်းချင်လို့ မုန်းတာပေါ့။ ဟုတ်လား"

"အင်း"

"မင်း ... သူ့ကို မုန်းလို့လား"

"မုန်းတယ်"

ဇော်ဝိတ်က အသံထွက်၍ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



''မင်းမုန်းတဲ့အသံက၊ ရင်ခေါင်းထဲကအသံ မဟုတ်ဘူး။ ပါးစပ်ဖျားက အသံ''

''စကားပြောသံကိုတောင် မင်းက ဒွန်ကရိုဏ်း ခွဲနေရသေးသလားကွာ''

''ငါက သဒ္ဒါပညာရှင် မဟုတ်ပေမယ့် ဆရာဝန်လေ ...။ မတည့်တဲ့အစာကို စားထားပြီး မစားထားပါဘူးလို့ လိမ်ပြောတာလောက်တော့ ငါသိတာပေါ့ကွာ ငါ ... စိတ်မဆိုးချင်ဘူး.မင်းခန့်ညား ...။

မင်းရယ် ငါရယ် ... သိင်္ဂီထွေးရယ်က သူငယ်ချင်းတွေ၊ မင်းတို့နှစ်ယောက်က သူငယ်ချင်းဘဝကလာတဲ့ ချစ်သူ ...။ တကယ့်ချစ်သူတွေ။ တော်ရုံတန်ရုံကိစ္စနဲ့ လမ်းမခွဲသင့်တဲ့လူတွေ။ မင်း ... မျက်နှာမပူဘူးလားကွာ''

ကျွန်တော် ခေါင်းခါ၏။

''ယောက်ျားအချင်းချင်း၊ ပွင့်ပွင့်လင်းလင်း ပြောကွာ ...။ ဥပါယ်တံမျဉ်နဲ့ ငါ သွန်သင်ပေးမယ်၊ သူ့အပေါ် မင်း စိတ်တိုင်းမကျတာ ရှိသလား ...''

ကျွန်တော် စကားမတုန့်ပြန်။





''ဒါမှမဟုတ်၊ တခြားတစ်ပါးကို စိတ်ရောက်စရာတွေ့လို့ သူ့ကို လမ်းခွဲနိုင်တာလား ...။ မင်း သစ္စာမဲ့တဲ့သူ မဖြစ်စေရဘူး။

မင်းအပေါ် နာကျင်အောင် ငါကိုယ်တိုင် တခြားနည်းနဲ့ သွယ်ဝိုက်ပြီးပြောပေးမယ်။ ဘာကြောင့်လဲဆိုတာတော့ ငါ့ကိုပြောပါကွာ ...။ ပြောစမ်းပါ။

သူ့ကို မသိစေချင်ဘူးဆိုရင်လည်း ငါ့ကိုပဲ အသိပေးပါ။ ငါ ... ဖုံးဖိထားပါ့မယ်''

''ဘာအကြောင်းမှ မရှိဘူးကွာ ...။ ငါ သူနဲ့ ချစ်သူအဖြစ် မနေချင်တော့တာ တစ်ခုတည်းပဲ''

''မင်းမှာ အချစ်စိတ် မရှိတော့ဘူးလား''

ကျွန်တော် ... သက်ပြင်းချဖြစ်သည်။

''ပုတီးတွေစိပ် ... တရားတွေအားထုတ်၊ လောကရဲ့ ပဋိစ္စသမုပ္ပါဒ်ကို ရှုမြင်ပြီး၊ ကိလေသာ ကုန်ခန်းလို့ သံယောဇဉ်ကို ရှင်ခန်းဖြတ်တယ်ဆိုရင်လည်း ... အဲ့ဒီ သံယောဇဉ်ဖြတ်မယ့် ခရီးတစ်လျှောက်မှာ သိင်္ဂီထွေးဟာ မင်းကို ပါရမီဖြည့်မယ့် မိန်းမကောင်း၊ မိန်းမမြတ်တစ်ယောက်ပါကွာ ...''



www.burmeseclassic.com

www.burmeseclassic.com



မင်း . . . ဆုံးဖြတ်ချက်ကို ပြင်လို့ရရင် ပြင်လိုက်စမ်းပါ''

''မပြင်နိုင်တော့ဘူး . . . ဇော်ဝိတ်၊ ငါ့ဆုံးဖြတ်ချက်မှားခဲ့ရင်တောင်၊ အဲဒီအမှားကို မင်းတို့ ခွင့်လွှတ်ပေးဖို့ပဲ၊ ငါပြောချင်တယ်။

တခြား ငါ့ကို ဘာမှ မေးမနေနဲ့တော့ကွာ။ မင်းမေးရင်လည်း ငါ ဝေ့လည်ကြောင်ပတ်အဖြေတွေပဲ ဖြေနေမှာပဲ''

''အစိမ်းသက်သက်ကြီး အခွဲခံရမယ့် မိန်းမသားတစ်ယောက်ရဲ့ ရင်ထဲကိုလည်း၊ မင်း . . . စာနာကြည့်ဦးလေ . . . မင်းခန့်ညား''

''စာနာဖို့ စဉ်းစားမိမှတော့ လမ်းခွဲစကားကို ငါ ပြောပါ့မလား''

ဟု ကျွန်တော် ပြောလိုက်သည်။

ဇော်ဝိတ်က . . .

''အခုအချိန်ထိ မင်းနဲ့သီဂီတွေးကို ချစ်သူတွေအဖြစ်ပဲ ငါ မြင်သေးတယ်၊ သနားညှာတာတတ်တဲ့ မင်းရင်ထဲမှာ တခြားပယောဂတစ်ခုခု ဝင်နေပြီဆိုတာ ငါသိနေတယ်၊ အချိန်မီပါသေးတယ်ကွာ . . ။





မင်းရဲ့အမုန်းစကားတွေကို ပြန်ရုပ်သိမ်းလိုက်စမ်းပါ။ မင်းက ရက်စက်တတ်တဲ့လူမှ မဟုတ်ဘဲ''

ခေါင်းကိုသာ ကျွန်တော် တွင်တွင်ယမ်းနေမိ၏။

မည်သို့ပင် ဖြစ်စေ . . .

ဘဝ၏အရာရာကို တစ်က ပြန်စ၍ ရနိုင်လျှင် ကောင်းလှမ်းမည်ဟု ရှုးနှမ်းစွာ ကျွန်တော် တွေးချင်သည်။

❋ ❋ ❋



www.burmeseclassic.com

## (၃)

''ကိုကို အသနားခံနေတာပါ ညီမလေး . . .။
ညီမလေးကို ကိုကို လက်ထပ်ပါရစေ''

နွဲ့ယမင်းစိုး၏ မျက်လုံးလှလှလေးများမှ မျက်ရည်ပေါက်တွေ စီးကျသည်။

ကျွန်တော့်ကားကို လှိုင်ကောလိပ်၏ခပ်လှမ်းလှမ်းတွင် ရပ်တန့်ထား၏။ ကား၏ပြင်ပမှ မိုးလေပြင်းထန်သံကို ကြားရသည်။





ကားရှေ့မှန်မျက်နှာပြင်ပေါ်သို့ သက်ရောက်သော မိုးရေထုသည် အိုင်ဖွဲ့လွှန်း၏။ ပြင်ပသို့ ငိုးတဝါးသာ မြင်ရသည်။ ရေသုတ်ကိရိယာသည် ငြိမ်သက်လျက်ရှိ၏။

''ဘာဖြစ်လို့ မျက်ရည်ကျတာလဲ . . .၊ ဒါ ငိုရမယ့်အချိန် မဟုတ်ဘူး။ ကိုကို့စကားကို နားထောင်ရမယ့်အချိန်၊ ကိုကို့ဆန္ဒကို လိုက်လျောရမယ့် အချိန်''

အငိုမျက်နှာဖြင့် ပြုံးပျက်ပျက်ရှိနေသော မိုးရင်ပြင်ပမာ၊ ကြေကွဲစွာသော မျက်လုံးများဖြင့် သူ ကျွန်တော့်ကို ငဲ့ကြည့်သည်။ သူ့မျက်ရည်တွေ ကျွန်တော် ဖယ်သုတ်ပေးလိုက်၏။ ဖယ်သုတ်ပေးနေသော ကျွန်တော့်လက်ချောင်းများကို သူ့လက်ဖယောင်းသွယ်လေးများက ဆုပ်ကိုင်နိုတွယ်ထားရှာ၏။

''မငိုပါနဲ့ ယမင်းရယ် . . .။ ကိုကိုဖြစ်စေချင်တဲ့အတိုင်းသာ ခေါင်းညိတ်လိုက်စမ်းပါ''

ခေါင်းညိတ်နိုင်းကာမှ ခေါင်းခါပြနေပြန်၏။

မိုးပြင်းထန်စွာရွာ၏။ လေပြင်းထန်စွာတိုက်၏။ ကားအတွင်း၌ ရင်ကိုထိခိုက်စေသော ငိုရှိုက်သံများ လွင့်ပျံ့လာပြန်၏။ ကောင်းကင်မိုးနှင့်အပြိုင် စီးထွေရွာကျနေသော သူ့မျက်ဝန်းမိုးကို နီးကပ်စွာမြင်တွေ့နေရသဖြင့် ကျွန်တော့်ရင်ထဲ လှုပ်စီးလက်သည်။ မိုးခြိမ်း

www.burmeseclassic.com



သည်။

"ကိုကို့စကားကို အလေးအနက်မထားတော့ဘူးလား ယမင်း ...။ ကိုကို့ကို မချစ်ဘူးလား ... ဟင် ညီမလေး"

ပခုံးပေါ်သို့ မျက်နှာအပ်သည်။ လက်ဝဲဘက်ပခုံးစွန်း၌ မျက်ဝန်းငွေ့တွေ ရိုက်ခတ်၏။ မျက်ရည်စ,တို့ စိမ့်ဝင်သည်။

"ယမင်းကို ဘာမှမပြောပါနဲ့တော့ ကိုကိုရယ် ...။ ကိုကို့ဆီက အဲဒီစကားတွေ မကြားပါရစေနဲ့။ ယမင်းကို ခွင့်လွှတ်ပါနော် ကိုကို"

"သိဂ္ဂိကို ကိုကို အဆက်ဖြတ်လိုက်ပြီ ယမင်း။ ဒါ ကိုကို့ရဲ့ အပြတ်သားဆုံး ဆုံးဖြတ်ချက်ပဲ"

"မသိဂ္ဂိထွေးကို ... မသိဂ္ဂိထွေးကို ကိုကို အဆက်ဖြတ်လိုက်ပြီ ... ဟုတ်လား"

ပခုံးထက်မှ မျက်နှာခွာလျက် ငိုမဲ့စွာမေးသည်။

"ဟုတ်တယ် ညီမလေး ...။ ညီမလေး ဘာကိုမှ ငြင်းပယ်ဖို့ မစဉ်းစားနဲ့တော့။ ညီမလေး ဘာကိုမှ ထောက်ထားစရာ မလိုတော့ဘူး"

"ဟာ ... ဒုက္ခပါပဲ ကိုကိုရယ်။ ညီမလေး သေချင်တယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်တယ်"





"သတ်သေမယ်ဆို ကိုကို့ကို အရင်သတ်"

မျက်နှာကို စူးစိုက်ကြည့်လျက် ပြတ်သားစွာ ကျွန်တော် ပြောလိုက်၏။ ခေါင်းငိုက်စိုက် ကျသွားသည်။

"မိုးတွေသိပ်သည်းနေတယ် ကိုကို ...။ ယမင်း ပြန်ချင်ပြီ။ ယမင်းကားရပ်ထားတဲ့နေရာကို ကိုကိုလိုက်ပို့"

"မပြန်ရသေးဘူး ယမင်း ...။ ကိုကိုလိုချင်တဲ့အဖြေကို ပေးပြီးမှ ပြန်"

"မဖြစ်နိုင်ဘူး ကိုကိုရယ် ...။ ဘယ်နည်းနဲ့မှ မဖြစ်သင့်ဘူး။ မသိဂ္ဂိထွေးအပေါ် ကိုကို သစ္စာရှိရမယ်လေ"

"ကိုကို့ကို မိကျောင်းမင်း ရေခင်းမပြနဲ့ ညီမလေး ...။ ကိုကို့စကားကို နားမထောင်ရင်၊ ကိုကို့ကို လက်မထပ်ရင် ညီမလေးကို ကိုကို အခု ချက်ချင်းနိုးပြေးမယ်၊ နိုးပြေးလို့မှ မရရင် ကိုယ့်ကိုယ်ကို သတ်သေမယ် ... ဒါပဲ"

"အဲဒီလိုတော့ မလုပ်ပါနဲ့ ကိုကိုရယ် ...။ ညီမလေးကြောင့် ကိုကို့ကို ဘယ်လိုမှ မထိခိုက်စေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး''

''အဲဒါဆိုရင် ကိုကိုကို လက်ထပ်ခွင့်ပေး။ ကိုကို အခုချက်ချင်း ဖေဖေ့ကို ဖွင့်ပြောလိုက်မယ်''

''အခုချက်ချင်းတော့ မလုပ်ပါနဲ့ ကိုကိုရယ် ...။ ညီမလေးကို အချိန်နည်းနည်းပေးပါဦးနော်''

''ယမင်း ...။ စဉ်းစားရမယ့်အချိန် မဟုတ်ဘူးလေ။ အချိန်မဆွဲသင့်ဘူး ...။ ကိုကိုပြောတာ နားလည်လား''

မဝံ့ရဲစွာ ခေါင်းညိတ်သည်။

ကျွန်တော် ကားစက်နှိုးသည်။ လီဗာကို ဖိနင်းထားလျက် ...

''ဒီရက်ပိုင်းအတွင်း ကိုကိုလိုချင်တဲ့အဖြေ ညီမလေး ပေးရမယ်။ ညီမလေးကို နာရီနဲ့အမျှ ကိုကို ဖုန်းဆက်မယ်။ ဖုန်းနားကနေ ဝေးဝေးမသွားရဘူး။ အိမ်ထဲကအိမ်ပြင် မထွက်ရဘူး။

ဖုန်းဆက်လို့ ညီမလေးအသံကို ကိုကို မကြားရဘူးဆိုရင် ကိုကိုအသုဘကို ညီမလေးလာချရမယ်။ ဒါ ... အမိန့်ပဲ။ နွဲ့ယမင်းစိုးရဲ့ကိုကို မင်းခန့်ညား အမိန့်ပဲ။ တင်ပြခွင့် မရှိ၊ ငြင်းပယ်ခွင့်မရှိ၊ ဆွေးနွေးခွင့် မရှိ''





ကလပ်ကို နင်းသည်။ ဂီယာထိုးသည်။ ကလပ်ကို လွှတ်သည်။ လီဗာကိုနင်းလိုက်သည်။ ကားသည် မိုးရေထဲတွင် ဝေါခနဲ ပြေးထွက်သွား၏။ ကား၏ဝဲယာ၌ လွင့်ပျံ့သွားသော ရေထု၏ပြန့်ကားမှုသည် ကားတစ်စီးလုံးကိုပင် ကွယ်ကာသွားလောက်၏။

❋

နောက်တစ်နေ့ မနက်စောစောမှာတော့ ကျွန်တော့်တိုက်ခန်းသို့ ဒေါက်တာဇော်ဝိတ် (ခေါ်) ကျွန်တော့်သူငယ်ချင်းဇော်ဝိတ် ရောက်ရှိလာသည်။ သူရောက်လာသောအချိန်တွင် ကျွန်တော့်ဖေဖေ အိပ်ရာမှ မနိုးသေး။

''မနက်စောစောစီးစီးပါလား ဇော်ဝိတ် ...။ အရေးတကြီးကိစ္စ ရှိလို့လား။ ဖုန်းဆက်လိုက်ရောပေါ့ကွာ''

ရေချိုးခန်းထဲမှအထွက် ဦးခေါင်းကိုရေသုတ်ရင်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

ဇော်ဝိတ်က ...

"ဖုန်းထဲက ပြောရင် မင်းမျက်နှာအရိပ်အကဲကို မမြင်ရမှာစိုးလို့ လူကိုယ်တိုင်လာခဲ့တာပဲ သူငယ်ချင်း"

ထော့သံ၊ ခနဲ့သံဟု ... ကျွန်တော်သိသည်။

"ရော့ ... သိင်္ဂီထွေးပေးလိုက်တာ"

ဟုပြောပြီး ဇော်ဝိတ်က ကျွန်တော့်ကို စာတစ်စောင်ပေးသည်။ စိတ်မပါ့တပါဖြင့် စာခေါက်ကို ကျွန်တော် လှမ်းယူလိုက်ရ၏။ ဇော်ဝိတ်၏ရှေ့တည့်တည့်တွင်ထိုင်ပြီး စာခေါက်ကို ကျွန်တော်ဖြေသည်။ ကိုယ်ခန္ဓာတွင် ရေစက်ရေပေါက်တွေ မကင်းစင်တတ်သေး။

*...မောင်က မုန်းခိုင်းပေမယ့် မောင့်မှာ အပြစ်တစ်ရုံတစ်ရာ မတွေ့သေးလို့ သိင်္ဂီ မမုန်း၊ မမေ့နိုင်သေးဘူး မောင်။*

*...မောင်တောင်မှ သိင်္ဂီကို မုန်းတယ် ...လို့ ရဲရဲဝံ့ဝံ့ မာမာထန်ထန် ကြေညာရဲသေးတာမှ မဟုတ်ဘဲ၊ သိင်္ဂီတလည်း မောင့်လိုပါပဲ။ မုန်းတယ် ...လို့ မကြေညာချင်သေးပါဘူး။*

*မောင် ...ဘယ်လောက်ထိ ရိုးသားတယ်၊ ဘယ်လောက်အထိ စာနာတရားကြီးတယ်ဆိုတာ သိင်္ဂီသိထားတာပဲ။*





*မောင့်လိုလူတစ်ယောက်ရဲ့ပါးစပ်က မုန်းဖို့၊ မေ့ဖို့စကားကို အင်မတန်အားတင်းပြီး ပြောရလိမ့်မယ် ထင်ပါရဲ့။*

*ခက်ထန်တဲ့စကားကို မောင်ဘယ်တုန်းက ပြောဖူးလို့လဲ။ မောင့်မှာ ပယောဂတစ်ခုခု ဝင်နေပြီလို့ သိင်္ဂီ ယူဆထားပါတယ်။*

*ဘယ်လို အမှောင့်ပယောဂလဲဆိုတာ သိင်္ဂီ မသိရမချင်း၊ မောင့် အမုန်းကြေညာချက်ကို သိင်္ဂီ အသိအမှတ်မပြုဘူးမောင်။ သိင်္ဂီ မလိုက်နာဘူး။*

*လူကို မမြင်ချင်ရင် သိင်္ဂီ မလာပါဘူး မောင် ...။*

*မောင်ရဲ့ ပြတ်စဲကြောင်း အမိန့်ပြန်တမ်းကြီးကိုတော့ မောင့်ဘာသာ ပြန်ရုပ်သိမ်းထားလိုက်ပါ။ သိင်္ဂီကတော့ မောင့်ရဲ့ ချစ်ခင်ကြင်နာသူအဖြစ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်အပြည့်နဲ့ ဆက်ပြီး အသက်ရှင်နေပါ့မယ်။ သိင်္ဂီက၊ မောင့်ကို အောက်ကျခံပြီး၊ အယူခံဝင်နေတာပါလား...၊ အသနားခံနေတာပါလားလို့ မောင် တွေးမယ်ဆိုရင်လည်း တွေးပေါ့။*

*သိင်္ဂီ့မှာ ဘာအပြစ်ရှိသလဲဆိုတာကို မောင်ပြောပြနိုင်မှ မောင် သိင်္ဂီ့ကို မုန်းရမယ်။ ဆို ...ဘာပဲဖြစ်ဖြစ် မောင် သိင်္ဂီ့ကို မုန်းမုန်း မမုန်းမုန်း၊ မောင့်မှာ အပြစ်ကြီးငယ်တစ်ခုခုတွေ့မှ မောင့်ကို သိင်္ဂီ မုန်းနိုင်ပါလိမ့်မယ်။*

*အပြစ်တွေ့တယ်ဆိုရင်တောင် ချစ်သူအချင်းချင်း သိနား*



www.burmeseclassic.com

www.burmeseclassic.com

**မောင်လူမျိုး** (ချင်းမျှော်ပြ)

*လည်တက်လို့မို့ ခွင့်လွှတ်နေဦးမှာပါ ...မောင်။*
*မောင် ...ပျော်ပါစေ။*

*ချစ်လျက် ...*
*သိဂီ*

စာရွက်ကို ကျွန်တော် ပြန်ခေါက်လိုက်သည်။ ရေခဲ့ပြီးပြီး ချင်း ဖြစ်ပါလျက် တစ်ကိုယ်လုံး အိုက်စပ်လာသည်ဟု ခံစားရ၏။ 'စာရေးတာ ရှိသဲ့သဲ့နဲ့' ဟု ကျွန်တော် တစ်ကိုယ်တည်း ပြောမိသည်။

ဇော်ဝိတ်က ...

"အသနားခံတဲ့စာ မဟုတ်ဘူးလား မင်းခန့်ညား"

"မင်းကပါရောပြီး ခန့်တာလား"

ဟု ဇော်ဝိတ်ကို၊ ကျွန်တော် ပြောလိုက်သည်။ ဇော်ဝိတ် မဲ့ပြုံး ပြုံး၏။ ပြီးမှ ...

"အင်းလျားလမ်းနားက ခရေပင်တန်း အောက်မှာ မင်းကို ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်တဲ့။ အဲဒါ ဘယ်သူလဲ"

"ငါ ခရေပင်လမ်းကို မသွားဘူး"

"မသွားဘူးဘဲ ထားပါတော့၊ အဲဒီမှာ ရပ်



**အသည်းနှလုံးဇော်ကြေညာစာတမ်း**

ထားတဲ့ကားတစ်စီးပေါ်ကို မင်းကားပေါ်က ကောင်မလေးကတက်ပြီး ကားမောင်းထွက်သွားတယ် ဆိုလားပဲ။ မိုးတွေကလည်း သဲသဲမဲမဲရွာနေသတဲ့" နဲ့ယမင်းစိုးကို သူတို့ မြင်တွေ့ဖူးသွားကြပြီလား။ ကျွန်တော် ပြန်မေးမိချင်သည်။ သို့သော် ...

"မင်းပြောတာကို ငါနားမလည်ဘူး ဇော်ဝိတ်"

"ငါပြောတာကို မင်းနားမလည်ဘူးဆိုသလို အိပ်ချင်ယောင်ဆောင်တဲ့လူကိုလည်း ငါ မနိုးတတ်ဘူး မင်းခန့်ညား"

ကျွန်တော် အံကြိတ်သည်။ ထိုင်ရာမှ ထသည်။ ဇော်ဝိတ်ကို ကျောပေးသည်။ စိတ်ကိုတင်းလျက် ပြတင်းပေါက်မှတစ်ဆင့် အဝေးသို့ ငေးရင်း ...

"ငါ ...ငါ သီဂီထွေးကိုမုန်းတယ် ဇော်ဝိတ်၊ အဲဒါကို မင်းပြောလိုက်"

ဇော်ဝိတ် ဟားတိုက်ရယ်မောသည်။ ရယ်ပြီး ...

"သီဂီထွေးကို ရည်းစားစကား ပြောတုန်းက ငါပြောပေးခဲ့တာမှ မဟုတ်ဘဲ။ မင်းဘာသာ ပြောတာပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စကား၊ ကြိုက်စကားကို တောင်၊ မင်းကိုယ်တိုင် ပြောခဲ့သေးတာပဲ၊ မုန်းတဲ့စကားကိုလည်း မင်းကိုယ်တိုင် ပြောလိုက်ပေါ့''

''ငါ ... သူ့မျက်နှာကို မကြည့်ချင်ဘူး''

''မုန်းလို့ မကြည့်ချင်တာလား၊ ဒါမှမဟုတ် ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ရဲ ဆိုတာမျိုးလား''

''မင်းဘာသာ ကြိုက်သလိုယူဆတော့ကွာ၊ ငါ ... ဘာမှ မပြောချင်တော့ဘူး''

အနီးရှိ တီရှပ်တစ်ထည်ကို ယူဝတ်ရင်း ကျွန်တော် ပြောသည်။

''အပြစ်မရှိ အပြစ်ရှာတယ်ဆိုရင်တောင် ငါ မင်းကို နားလည်နိုင်သေးတယ်။ အခုဟာက သက်သက်မဲ့ မင်း သစ်စိမ်းချိုး ချိုးတာပဲ။

အကြောင်းပြချက် မယ်မယ်ရရမရှိတဲ့ မင်းရဲ့ လမ်းခွဲစကား အပြောခံရတဲ့ သီဂီထွေးက ဆယ်ကျော်သက်လေး မဟုတ်ဘူး။ တက္ကသိုလ်ကျောင်းက ဆရာမ။ အသိုင်းအဝိုင်းနဲ့၊ မိသားစုနဲ့၊ ပတ်ဝန်းကျင်နဲ့၊ ဂုဏ်သရေရှိ ဣန္ဒြေရှင်မိန်းကလေး။

ဒီလိုမိန်းကလေးတစ်ယောက်က ချစ်သူရဲ့





အစွန့်ပစ်ကို ခံရပြီဆိုတော့ သူ ... ဘယ်လိုနေမလဲ၊ မင်း ... စာနာကြည့်။ အကြောင်းပြချက် နိုင်နိုင်လုံလုံနဲ့ လမ်းခွဲတာဆိုရင် တော်သေးတာပေါ့။

အခု ... မင်းလုပ်ပုံက ငါတောင် မင်းကို ဘယ်လိုအပြစ်တင်ရမှန်း မသိအောင် ဖြစ်နေတယ်''

''မင်းနဲ့ငါ စီးပွားရေးကိစ္စပဲ ပြောရင်ကောင်းမယ် ဇော်ဝိတ်။ မင်းလည်း အလုပ်များတယ်၊ ငါလည်း အလုပ်များတယ်။ ဒီ ... ဘာမဟုတ်တဲ့ကိစ္စကို မင်းခေါင်းထဲက ထုတ်ပစ်လိုက်ကွာ''

ဇော်ဝတ် ဝုန်းခနဲ မတ်တတ်ရပ်သည်။

''ဒေါသမကြီးနဲ့ ဇော်ဝိတ်၊ မင်း ခေါင်းအေးအေးထား။ သိပ်မခံစားနဲ့။ ငါ ... ဘယ်ကိစ္စကိုမှ အကြောင်းမဲ့ မလုပ်ဘူးဆိုတာ မင်းသိထားရင် လုံလောက်ပြီ''

''အကြောင်းမဲ့မဟုတ်ဘူးဆိုကတည်းက အကြောင်းရှိရမယ်၊ အဲဒီ မင်းရင်ထဲကအကြောင်းကို ငါသိချင်တယ်။

ငါ ... သီဂီထွေးအတွက် အောင်သွယ်ဟာ လုပ်နေတာ မဟုတ်ဘူး။ မင်း ဘာကိုရင်ဆိုင်နေရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘာကိုမျိုသိပ်ထားရတယ်ဆိုတာကို သူငယ်ချင်းတစ်ယောက်အနေနဲ့ ကူညီဖြေရှင်းဖို့ ငါမေးနေတာ''

ကျွန်တော် ခေါင်းခါသည်။

''ခေါင်းမခါနဲ့ မင်းခန့်ညား ...၊ လူဆိုတာ မိတ်ဆွေအပေါင်းအသင်းရှိတယ်။ ရင်ဆိုင်ခံစားရသမျှကို ဒီမိတ်ဆွေ အပေါင်းအသင်းကို ရင်မဖွင့်လို့ မင်း ...ဘယ်သူ့ကို ရင်ဖွင့်မလဲ၊ ဘယ်သူ့ကို ကြေညာမလဲ''

''ဘယ်သူ့မှ ရင်မဖွင့်ဘူး။ ဘယ်သူ့မှ မကြေညာဘူး''

ကျွန်တော့်အနားသို့ ဖော်ဝိတ်တိုးလာသည်။ လေသံသဲ့သဲ့ဖြင့် ...

''ဘာလဲ ...မင်းက မျိုသိပ်နိုင်တယ်ပေါ့။ တစ်သက်လုံး သိမ်းထားနိုင်တယ်ပေါ့။ ဟုတ်လား''

ကျွန်တော် ခေါင်းညိတ်ပြီး ...

''မျိုသိပ်နိုင်ရမှာပေါ့ ...၊ သိမ်းထားနိုင်ရမှာပေါ့။ လူ့ဘဝမှာ နေထိုင်သွားတဲ့ လူတွေအားလုံး သူတို့ပြောချင်တာကို အိပ်သွန်ဖာမှောက် ပြောသွား





ကြလို့လား။ ပြောဖြစ်ကြလို့လား။

မပြောဖြစ်ဘူး သူငယ်ချင်း ...။ အကြောင်းကြောင်းကြောင့် တစ်နှစ်စာ မျိုသိပ်ထားကြတယ်။ ဆယ်နှစ်စာ မျိုသိပ်ထားကြတယ်။ လိုအပ်ရင် တစ်သက်စာ မျိုသိပ်သွားကြရတယ်၊ အဲဒါကိုက လူ့ဘဝ၊ လူ့အဖြစ်၊ လူ့အသည်းနှလုံးတွေပေါ့ကွ''

ကျွန်တော့်နံဘေးတွင် ဖော်ဝိတ် ဝင်ထိုင်သည်။ ကျွန်တော့်မျက်နှာကို ငဲ့ကြည့်ကာ ...

''မင်းပြောသလိုဆိုရင် လူ့ဘဝမှာ တိုင်ပင်တာတို့၊ ရင်ဖွင့်တာတို့ မရှိရတော့ဘူးပေါ့။ ဟုတ်လား ...''

''သူတစ်ပါးကို မထိခိုက်၊ မနစ်နာဘူးဆိုရင် တိုင်ပင်ရမှာပေါ့၊ ရင်ဖွင့်ရမှာပေါ့။ သူတစ်ပါး ထိခိုက်နစ်နာမယ့် ကိစ္စမျိုးကျတော့ မျိုသိပ်ထားတာ အကောင်းဆုံးပဲ''

''သိဂီထွေး ထိခိုက်နစ်နာနေတယ်ဆိုရင်ကော မင်း ဘာပြောမလဲ''

ဟု ဖော်ဝိတ်က မေးသည်။ ကျွန်တော်က ...

''သူ့ကိစ္စနဲ့ ပတ်သက်ပြီး ငါ လိုပြောသန့်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကောက်ပင်သန်ဖို့ ပေါင်းပင်နှုတ်ပစ်ရတယ် လို့ပဲ ငါခံစားတယ်''

''မင်း သိပ်ပြီး ပဟေဠိဆန်နေတယ် မင်းအနီ ညား ...။ မင်း ဒုက္ခရောက်လိမ့်မယ်''

အခန်းတွင်းမှ ဖေဖေထွက်လာသည်ကို မြင်သည်။ စကား ပြတ်သွားစေသဖြင့် ဖေဖေ့ကို ကျွန်တော် ကျေးဇူးတင်ရ၏။

❊ ❊ ❊



(၄)

ဇော်ဝိတ်နှင့်ဖေဖေ စကားတစ်ခွန်းစ နှစ်ခွန်းစ ပြောဖြစ်သည်။

ဖေဖေမျက်နှာသစ်နေစဉ်တွင် ဖေဖေ့ကို နှုတ်ဆက်ပြီး ဇော်ဝိတ် ပြန်သွား၏။ အလှူမိနိုယမ်လက်ကိုင်တုတ်လေးကို နံရံတွင် ထောင်ပြီး ကျွန်တော့်အနီးတွင် ဖေဖေထိုင်သည်။

''မင်းနဲ့ဇော်ဝိတ် စကားများနေကြတာလား''



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသုတ်ပဝါကြီးကို ပခုံးပေါ်တွင်တင်ပြီး ဖေဖေ ကျွန်တော့်ကို မေးသည်။

"စကားများတယ်တော့ မဟုတ်ပါဘူး ဖေဖေ ...။ ဒီလိုပါပဲ သူနဲ့သားနဲ့က ..."

"စီးပွားရေးကိစ္စတော့ မဟုတ်ဘူးထင်တယ်ကွ"

ဦးအောင်ခန့် ... ဟုခေါ်သည့် ကျွန်တော့်ဖေဖေ၏ များလှစွာသော အရည်အချင်းများအနက် စကားနိုက်တတ်သော အစွမ်းအစမှာလည်း ကျွန်တော် မကျော်လွှားနိုင်သော ပညာရပ်တစ်ခုဖြစ်သည်။

'စီးပွားရေးကိစ္စတော့ မဟုတ်ဘူး ထင်တယ်ကွ' ဟု ဖေဖေ ပြောဆိုသုံးနှုန်းလိုက်ကတည်းကိုက အခြားကိစ္စ၊ လူမှုရေးကိစ္စဆိုသည်ကို ဖေဖေ ရိပ်စားထားပြီးပြီဟု ကျွန်တော့်ကို ကြိုတင်အသိပေးလိုက်ခြင်း ... ဟု ကျွန်တော် နားလည်ထားရသည်။

လိမ်ညာကွယ်ဝှက်ရန် ကြိုးစားပုံးဖိရန်ကိုပင် နှုတ်တွန့်သွားစေ၏။

ထိုမျှအထိ ဖေဖေ တော်ပါသည်။

ထို့ကြောင့် အခြားသော အကြောင်းပြချက်တစ်ခုခုဖြင့် ပြီးစလွယ်ဖြေကြားတော့မည့် ကျွန်တော့်ပါးစပ်မှ မည်သည့်စကားမျှ ထွက်၍မလာတော့ဘဲ ဖေဖေ့ထံမှ အကြည့်လွှဲနေလိုက်ရသည်။





ကျွန်တော့်အကြည့်ရှေ့တည့်တည့်တွင် ကျွန်တော့်ကို မကြည့်ဘဲ ဖေဖေ ဝင်ထိုင်၏။

"သီဂီထွေးဆိုတဲ့ ကောင်မလေးကို သားက အဆက်ဖြတ်လိုက်ပြီလား"

"ဟုတ်ကဲ့"

ဖေဖေ ခေါင်းတဆတ်ဆတ်သာ ညိတ်သည်။ ကျွန်တော် မကြည့်။ ကျွန်တော့်စိတ် မလုံခြုံ။

စိတ်မလုံခြုံသူတိုင်းသည် လုံခြုံမှုပြည့်ဝစေရန်အတွက် စကားလုံးများဖြင့် ကာကွယ်တတ်ကြသည် ထင်၏။

"သား ရည်းစားထားချင်စိတ် မရှိတော့လို့ အဆက်ဖြတ်လိုက်တာပါ ဖေဖေ"

ထိုအခါကျမှ ဖေဖေ ကျွန်တော့်ကို တည့်တည့်ကြည့်သည်။

"သား ... မင်းကို ဘာကြောင့်အဆက်ဖြတ်လိုက်တာလဲဆိုတဲ့ မေးခွန်း မမေးသေးဘူး။ ဘာဖြစ်လို့ ကြိုတင်ဖြေဆိုနေရတာလဲ"

ဖေဖေနှင့်အကြည့်ဆုံအောင် တစ်ချက်သာ ကျွန်တော် ကြည့်ရဲသည်။

"ဖေဖေမေးမယ် ထင်လို့ပါ"

"မမေးပါဘူး။ မင်းချစ်သူကို မင်းဘာသာမင်း



www.burmeseclassic.com

www.burmeseclassic.com



အဆောက်ဖြတ်တာတွေ မှန်းတာတွေက ဖေဖေနဲ့ မပတ်သက်ဘူး။ တိုက်ရိုက်လည်း မပတ်သက်ဘူး၊ သွယ်ဝိုက်လည်း မပတ်သက်ဘူး။ ဒါပေမဲ့ . . .''

ထို 'ဒါပေမဲ့' ကို ကျွန်တော် ပိုကြောက်သည်။

''ဒီရက်ပိုင်းအတွင်းမှာ မင်းနဲ့စိုးစိုး အသွားအလာ၊ အခေါ်အပြောတွေ သိပ်များနေတာကတော့ ဖေဖေနဲ့ တိုက်ရိုက်လည်း ပတ်သက်နေတယ်၊ သွယ်ဝိုက်ပြီးတော့လည်း ပတ်သက်နေတယ်။ မင်းနဲ့စိုးစိုး ဘာတွေဖြစ်နေကြသလဲ . . . ပြော။ အဲဒါကို ဖေဖေ သိချင်တယ်''

နွဲ့ယမင်းစိုး၏အမည်ကို စိုးစိုးဟုခေါ်ဝေါ်သူမှာ ဖေဖေ တစ်ယောက်တည်းသာဖြစ်သည်။

''သားနဲ့ ယမင်းနဲ့က မောင်နှမတွေပဲဟာ . . . ဘာကိစ္စတွေ ထွေထွေထူးထူးရှိရမှာလဲ ဖေဖေရဲ့''

''မင်းလည်း မသွားနဲ့၊ သူလည်း မလာစေနဲ့ . . . လို့ ဖေဖေကိုယ်တိုင် ပြောထားတာပဲ။

စိုးစိုးရဲ့အမေ နေရီစိန်သိသွားရင် ဘာတွေဖြစ်မလဲ၊ ဖေဖေ ဘာဖြစ်သွားမလဲ၊ သား မတွေးမိဘူးလား . . .။





ဘယ်တော့မှ မပတ်သက်စေရဘူးလို့ ဖေဖေကိုယ်တိုင်ပြောပြီး၊ အဲဒီအိမ်ဝင်းထဲက ထွက်လာခဲ့ကြတာလေ . . .၊ သား မေ့နိုင်လို့လား. မင်းခန့်ညား။ သား . . . မင်း မေ့ပစ်လိုက်တာလား''

''မမေ့ပါဘူး ဖေဖေရယ်၊ သား . . . ညီမလေးကို သနားလို့ပါ''

''ဖေဖေလည်း သနားတာပဲ။ သနားလို့ တစ်နှစ်နီးပါး မလာ,မသွားလုပ်ထားပါလျက် သမီးလေးစိုးစိုး အိမ်အလည်လာတယ်ဆိုပေဘာ့ ဖေဖေ နှင်ထုတ်ခဲ့လို့လား . . . သား''

ကျွန်တော် ခေါင်းငုံ့ထားမိသည်။

''လာရင်ညှိခံ၊ ပြန်ရင်လိုက်ပို့၊ တော်ရောပေါ့ . . .။

အခုတော့ . . . သားနဲ့စိုးစိုးက တတွဲတွဲဖြစ်နေတယ်၊ သူ့အမေ နေရီစိန် သမုတ်သလို ဖြစ်များဖြစ်နေကြရင် ဖေဖေ ရင်ကျိုးလိမ့်မယ် သား . . .။

မင်းရှေ့ကနေ မားမားမတ်မတ်ရပ်ပြီး ယုံကြည်စိတ်အပြည့်နဲ့ ဒေါ်နေရီစိန်ရှေ့မှာ ထောင်ပြခဲ့တဲ့ ဖေဖေ့လက်မကြီးကိုတော့ လှမ်းချိုးလိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ပါစေနဲ့ ငါ့သား ... မင်းခန့်ညားရယ်''

ကျွန်တော့်ဦးခေါင်းတစ်ခုလုံး ထူပူသွားသည်။

''နော် ... သား''

''ဟုတ်ကဲ့ပါ ဖေဖေ''

ကတိတစ်ခုကိုပေးသောအခါ၌ မသေချာသောသူများသည် ကတိတောင်းသူ၏မျက်နှာကို လုံးဝမကြည့်ဝံ့ကြချေ။ တစ်ဖက်လူ သံသယမဝင်အောင် ကြည့်မှဖြစ်မည် ... ဟု စဉ်းစားမိသဖြင့် အားတင်း၍ကြည့်သောအခါတွင်လည်း တစ်ခဏမျှသာ ကြည့်ဖြစ်ပါလိမ့်မည်။

ထိုလေ့စရိုက် လက္ခဏာသွင်ပြင်ကို ယခုမှသာ ကျွန်တော်နားလည်ရ၏။

❊

ထိုနေ့တစ်နေ့လုံး ကျွန်တော့်စိတ်တွေ အခြေမကျ။ ကုန်တိုက်





[illegible]စတိုးဆိုင် အရောင်းစာရေးမများ၏ရှေ့၊ ဆိုင်မန်နေဂျာတို့၏ရှေ့တွင် ကုန်ပစ္စည်း၏ရောင်းအား ရောင်းဈေး ပစ္စည်းအဝင်အထွက်ကိစ္စများဖြင့် အလုပ်များစွာ ခေါင်းရှုပ်နေရသူတစ်ဦးကဲ့သို့ ကျွန်တော်နေမိသည်။

နဂိုကမှ စည်းကမ်းကြီးသော ကျွန်တော့်ကို ယင်းနေ့တစ်နေ့လုံး မည်သူမျှ စကားကို ရဲရဲဝံ့ဝံ့စွာမပြောဝံ့ကြ။

''ဦးမင်းခန့် အလုပ်သိပ်များနေတယ်၊ မျက်နှာလည်းမကောင်းဘူး။ အားလုံး ဂရုတစိုက်လုပ်ကြနော်''

ဟူသော မန်နေဂျာတစ်ဦး၏ တီးတိုးသံကို ကျွန်တော် ကြားရ၏။

ကုန်တိုက်ပိတ်ချိန်မရောက်ခင်ကတည်းက ကျွန်တော် အိမ်ပြန်ခဲ့သည်။ ဖေဖေက ဂေါ့(ဖ်) ရိုက်သွားနေ၏။

ကျွန်တော် ရေချိုးသည်။ ရေမွှန်းချမ်းစိမ့်သွားသည်အထိ စိတ်မလန်းဆန်း။

ညနေစောင်းစတွင် နွဲ့ယမင်းဆီးထံသို့ ကျွန်တော် ဖုန်းလှည့်လိုက်၏။

''တီ ... တီ''

''ဟလို ... ပြောပါ''



www.burmeseclassic.com

www.burmeseclassic.com



နွဲ့ယမင်းစိုး၏မိခင် ဒေါ်နေရီစိန် ... ဟု ကျွန်တော်သိမ်သိလျှင်သိချင်း စကားပြောခွက်ကို ပြန်ချလိုက်ဖို့ စဉ်းစားမိသေးသည်။ သို့သော် နွဲ့ယမင်းစိုး ရှိ,မရှိ သိချင်သည်။ ထိုသိချင်စိတ်ကြောင့် စကားပြောခွက်ကို လွှတ်မချဖြစ်။

"ဟဲလို ပြောပါ"

"မေမေစိန် ညီမလေးရှိလား"

စကားသံမတည်ငြိမ်စွာ ကျွန်တော်မေးသည်။

"အခုပြောနေတာ ဘယ်သူလဲ"

"ကျွန်တော်ပါ မေမေစိန်၊ မင်းခန့်ညွှားပါ"

မဲ့ပြုံးတစ်ခု ပြုံးလိုက်မည်ဟု ကျွန်တော် ခန့်မှန်းသည်။

"ဘာကိစ္စရှိလို့လဲ မင်းခန့်ညွှား"

"ဟို ... ကိစ္စအထူး မရှိပါဘူး မေမေစိန်။ ညီမလေး နေကောင်းရဲ့လားလို့ သိချင်လို့ပါ"

"သမီးနေမကောင်းတာ, နေကောင်းတာကို မင်းစိုးရိမ်စရာ လိုလို့လား။ စုံစမ်းစရာ လိုလို့လား"

"မိုးများ, လေများလို့ မေမေစိန်ကော၊ ညီမလေးရော နေထိုင်ကောင်းကြရဲ့လားလို့ မေးတာပါ"

"အေး ... ကျန်းကျန်းမာမာပါပဲ၊ မင်းအဖေ ဦးအောင်ခန့်ရဲ့မေတ္တာကြောင့် ဒေါင်ဒေါင်မြည်လျက်





ပါပဲ၊ မင်း နောက်ကို ဖုန်းမဆက်ပါနဲ့"

ကျွန်တော် ပေါက်ကွဲချင်သည်။ ဒါမှမဟုတ် ဖောက်ခွဲချင်သည်။

ဘာမဆိုင် ညာမဆိုင် သိင်္ဂီတွေးနှင့် ဖော်ဝီတ်ကို သတိရ၏။ နွဲ့ယမင်းစိုး နေကောင်းသည်ဟု ကြားသိရသဖြင့် တော်ပါသေးသည်။

❋

ညဆယ်နာရီတိတိမှာတော့ ကျွန်တော်ချစ်သော ကျွန်တော့် ညီမလေး နွဲ့ယမင်းစိုး၏ ချစ်စဖွယ်စကားသံနုလေးကို မိုး၏ဂီတဖြင့် ကြားနာရသည်။

ကျွန်တော် စိတ်ချမ်းသာလိုက်တာ ...

"ကိုကို ဖုန်းဆက်တယ်ဆို"

"ဟုတ်တယ် ယမင်း ...၊ ယမင်း ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သွားနေတာလဲ။ ကိုကိုမှာထားတယ်နော်၊ အိမ်မှာပဲ ရှိနေလို့"

"နေပါတယ် ကိုကိုရယ် . . .။ ကိုကိုဖုန်းဆက်တော့ ယမင်းက မာမီ့အနားမှာပါ။ ကိုကို . . . ယမင်းပေးထားတဲ့ ဓာတ်ပုံတွေကောဟင်၊ ကိုကို ဘယ်မှာသိမ်းထားတာလဲ"

ဆယ်လူလာဖုန်းကို နားထောင်ရင်း ခေါင်းအုံးအတွင်းသို့ ကျွန်တော် စမ်းလိုက်သည်။

"ရှိတယ် . . .၊ ကိုကို့ခေါင်းအုံးစွပ်ထဲမှာ"

"ဘာဘ တွေ့သွားဦးမယ်နော်"

"မတွေ့ပါဘူး။ ဖေဖေက ကိုကို့အိပ်ခန်းထဲကို ဝင်လေ့ဝင်ထ မရှိဘူး"

"နောက်နေ့တွေ ကိုကို ဖုန်းမဆက်နဲ့နော်။ မာမီ ယမင်းကို အရမ်းဆူတယ်၊ ကိစ္စရှိရင် ညီမလေးပဲ ဆက်ပါ့မယ် ကိုကိုရယ် . . ."

"ညီမလေး နေကောင်းရဲ့လားလို့ သိချင်လို့ပါ"

"ကောင်းပါတယ်"

ငိုရှိုက်သံကို ကျွန်တော် ကြားရသည်။





"ဘာဖြစ်လို့ ငိုတာလဲ၊ ယမင်း . . . ညီမလေး ပြောစမ်း ဘာဖြစ်လို့ ငိုတာလဲ"

"ကိုကိုကို သနားလို့ ညီမလေးကို ကိုကိုချစ်တာ အခုမှ ပိုပြီးသိရလို့ပါ"

"ကဲ . . . ကဲ မငိုနဲ့တော့။ ကိုကို့ကိုသနားရင် ကိုကို့စကားတွေကို နားထောင်။ ကိုကို့ကို့လက်ထပ်ဖို့ အမြန်ဆုံးစဉ်းစား။ နေကောင်းအောင်နေ . . .။ အိပ်တော့ အိပ်တော့"

"ကိုကိုရော အိပ်တော့နော်"

ဟု နွဲ့ယမင်းစိုး ပြောသည်။

"အင်းပါ"

ဟု ကျွန်တော်ပြောသည်။

လျှပ်စစ်လှိုင်းသံ ပြတ်တောက်သွား၏။

ကျွန်တော် အိပ်မပျော်၊ အိပ်မရ။

ညီမလေးနွဲ့ယမင်းစိုး အိပ်လို့ပျော်မှ ပျော်ပါစ။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၇)

တကယ်တော့ နွဲ့ယမင်းစိုးဆိုသည့် ကောင်မလေးသည် ကျွန်တော် လက်ထပ်ခွင့်တောင်းအပ်သော မိန်းကလေးတစ်ယောက် မဟုတ်သင့်ပါ။

မည်သူကိုမျှ ပြန်မပြောဘူးဆိုလျှင် တိုးတိတ်လျှို့ဝှက်စွာ ပြောပြချင်သော ဇာတ်လမ်းရှည်တစ်ပုဒ် ကျွန်တော့်ရင်ထဲမှာ ရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင် ဇော်ဝိတ်ကို ကျွန်တော် ပြောပြချင်ပါသည်။ ဒါပေမဲ့ မဖြစ်နိုင်ပါ။ ကျွန်တော့်ချစ်သူ သီဂီတွေးကို ရင်ဖွင့်ပြချင်သည်။ ဒါပေမဲ့ မဖြစ်နိုင်ပါ။ ဖေဖေ့ကိုလည်း တင်ပြချင်သည်။ ပိုပြီး မဖြစ်နိုင်ပါ။

ထို့ကြောင့် ကျွန်တော့်ရင်ထဲမှာ သိမ်းထားသောကိစ္စ တော်တော်များများ ရှိနေခဲ့ပါသည်။ ဘာကြောင့် သိမ်းထားရပါသလဲဟု မေးမြန်းလျှင် သိမ်းထားမှ သင့်လျော်မည်ဟု ယူဆသဖြင့် သိမ်းထားမိခြင်းပဲ ဖြစ်ပါသည်။

ကျွန်တော့်ရင့်ထဲမှာ မည်သို့မည်မျှ ပြည့်ကျပ်နေမည်ကိုတော့ ကျွန်တော်မှတစ်ပါး မည်သူမျှ ခန့်မှန်းနိုင်လိမ့်မည်မဟုတ်ပါ။ ကျွန်တော့်မှာ အားနည်းချက်တစ်ခုတော့ရှိသည်။ အဲဒါကတော့ ကိစ္စတော်တော်များများကို မျိုသိပ်ခံစားတတ်ခြင်းပဲဖြစ်၏။ ထို့ကြောင့် ကျေးဇူးပြု၍ မည်သူ့ကိုမျှ ပြန်မပြောကြပါနဲ့။

ကျွန်တော့်ဖေဖေ ဦးအောင်ခန့်နှင့် နွဲ့ယမင်းစိုး၏ဖခင် ဦးတင်စိုးတို့သည် လွန်စွာချစ်ခင်သော သူငယ်ချင်းများဖြစ်ကြ၏။

နွဲ့ယမင်းစိုး၏မိခင် ဆုံးပါးသောအချိန်တွင် ကျွန်တော်က ကလေးသူငယ်အရွယ်။ နွဲ့ယမင်းစိုးလေးက မွေးကင်းစ ဥမမယ် စာမမြောက်အရွယ်လေးတွေ ဖြစ်ကြသည်။

နွဲ့ယမင်းစိုး၏မိခင် သေဆုံးပြီး တစ်နှစ်ခန့်အထိ ကျွန်တော်





တို့ သားအဖနှစ်ယောက်သည် သူတို့နှင့် တစ်အိမ်တည်းတွင် နေထိုင်ခဲ့ကြသဲဖြစ်၏။ ယခု နွဲ့ယမင်းစိုး၏မိခင်ဟုခေါ်သော ဒေါ်နေရီစိန်နှင့် ဦးတင်စိုး လက်ထပ်လိုက်သောအခါမှာတော့ ဖေဖေနှင့်ကျွန်တော်သည် သူတို့အိမ်ဝင်းထဲရှိ ပျဉ်ထောင်အိမ် တစ်အိမ်ပေါ်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်။

"မင်းနဲ့ငါနဲ့က သူငယ်ချင်းဆိုပေမယ့် ရေရှည်
အတွက် စဉ်းစားရင် အခုလိုပဲ တခြားစီနေသင့်တယ်
တင်စိုး . . .။ အိမ်ဝင်းတစ်ဝင်းထဲမှာ နေရတာပဲကွာ၊
ဘယ်လောက်ပိုဝေးသွားတာမှ မဟုတ်ဘဲ"

. . . စသဖြင့် ပြောဆိုရှင်းပြခဲ့သော ဖေဖေ့စကားများကို ကျွန်တော် မှတ်မိနေသည်။

အရွယ်ရောက်သည်အထိ ဒေါ်နေရီစိန်ကို မိခင်အရင်းဟု နွဲ့ယမင်းစိုး ထင်မှတ်ချစ်ခင်ခဲ့သည်။ သူ့မိခင်အရင်း၏ဓာတ်ပုံကို ထုတ်ပြပြီး သူ့ဖခင်အသိပေးသောအခါတွင်လည်း ဒေါ်နေရီစိန်အပေါ် အရိုအသေမလျော့ အချစ်အခင်မလျော့သဖြင့် ကျွန်တော် စိတ်ချမ်းသာခဲ့ရသည်။

ထိုစဉ်က . . .

ကျွန်တော်က ဒသမတန်းကျောင်းသား၊ နွဲ့ယမင်းစိုးက သတ္တမတန်းကျောင်းသူလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့မေမေကလည်း ယမင်းမေမေလိုပဲ၊ ကိုကိုငယ်ငယ်လေးကတည်းက သေသွားတာဆို၊ ဟုတ်လားဟင် ..."

"ဟုတ်တယ် ယမင်း ...။ ကိုကိုလည်း ယမင်းလိုပဲ ဓာတ်ပုံမှာပဲ မြင်ဖူးလိုက်တာ"

နှဲ့ယမင်းစိုးက ကျွန်တော့်ကိုကြည့်ကာ ပြုံးပြီး ...

"ယမင်းနဲ့ ကိုကိုနဲ့က မိတဆိုးလေးတွေပေါ့ နော်"

လူကြီးသူမတစ်ဦး၏လေသံဖြင့် ပြောသောကြောင့် ကျွန်တော်ပါ ပြုံးဖြစ်သည်။

"အင်းပေါ့ ...။ မိတဆိုးလေးတွေပေါ့။ ဘာလဲ ညီမလေးက အဲဒါကို အခွင့်ကောင်းယူပြီး မိဘအပေါ် ဆိုးဦးမလို့လား"

"မဆိုးပါဘူး ...။ ကိုကို့လို လိမ်လိမ်မာမာ နေမှာပေါ့"

"လိမ်မာမှပေါ့ ယမင်းရယ်၊ မေမေစိန်က လည်း ယမင်းကို ချစ်နေတာပဲဟာ"

"မာမီ့ကို ယမင်းချစ်တယ်။ ဒါပေမဲ့ မေမေ့ ဓာတ်ပုံကို တွေ့သွားပြီးတဲ့အခါကျတော့ စိတ်ထဲမှာ





တစ်မျိုးကြီးပဲ ...။ အချစ်လျော့သွားတာမျိုးတော့ မဟုတ်ဘူး။ တစ်နေရာရာကို တမ်းတမိသလိုမျိုးပဲ။ ဘဘက နောက်မိန်းမ မယူဘူးနော် ...။

ဘဘက ကိုကို့ကို အရမ်းချစ်လို့ နောက်မိန်းမ မယူတာ ဖြစ်မယ်"

ကျွန်တော် ပြုံးသည်။

"ယမင်းဖေဖေက ယမင်းကို အရမ်းမချစ်လို့ နောက်မိန်းမ ယူတယ်လို့ ပြောနေတာလား"

"ဟင့်အင်း ...အဲလိုမပြောပါဘူးနော်။ ယမင်းကို ဒယ်ဒီချစ်တာ ယမင်းသိသားပဲဟာ"

"မရှာဘူး ...ဦးဦးစိုးပြန်လာရင် ပြန်တိုင်မယ်။ ယမင်းကို အရမ်းမချစ်လို့ နောက်မိန်းမယူတာပါလို့ အဓိပ္ပာယ်သက်ရောက်တဲ့စကားကို ယမင်းပြောတယ်လို့"

"တိုင်ပေါ့ ...ဒယ်ဒီက ယမင်းစကားကိုပဲ ယုံမှာပေါ့"

ယမင်းက ဒန်းပေါ်မှထပြီး သစ်ခွပင်တစ်ပင်ကို လက်ဖြင့် ထိ၍ သန့်စင်ရင်း ...

"ဒယ်ဒီနဲ့ ဘဘနဲ့က သူငယ်ချင်းတွေနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ အဲဒါဘာဖြစ်လဲ"

"ဘာဘာက ဒယ်ဒီ့ထက် ပညာပိုတော်သလိုပဲ"

"အမယ် . . . သူ့ကိုတိုင်မယ်ဆိုလို့ စကားလွဲပြီး မဖွားနဲ့လေ"

နွဲ့ယမင်းစိုး ရယ်လေသည်။ ရယ်ပြီး . . .

"သြော် . . . စကားလွှဲမှန်းတောင် မသိပါဘူး။ တကယ်ပြောတာပါ။ ဘာဘာဆုံးဖြတ်ချက်တိုင်းကို ဒယ်ဒီ အမြဲတမ်းလက်ခံတာကို ယမင်း မြင်တွေ့နေလို့ပါ"

"အတန်းပညာအရည်အချင်းကတော့ အတူတူပါပဲ။ ဒါပေမဲ့ ဖေဖေက အတွေးအခေါ်ပိုကောင်းတယ်။ ဒါပေမဲ့ ဖေဖေက သိပ်မချမ်းသာဘူး"

ပန်းတစ်ပွင့်ကို ဆွတ်ခူးလျက် နွဲ့ယမင်းစိုး ပြုံးသည်။

"ဒယ်ဒီနဲ့ ဘာဘာနဲ့ သူငယ်ချင်းတွေဆိုတော့ ယမင်းနဲ့ ကိုကိုနဲ့လည်း သူငယ်ချင်းတွေပဲပေါ့နော်"

ကျွန်တော် သူ့ခေါင်းလေးကို ဒန်းပေါ်ရှိ ဝလာစာအုပ်ဖြင့် လှမ်းပုတ်လိုက်၏။ ခေါင်းပုလေး ဖြစ်သွားသည်။

"သူငယ်ချင်းတွေ မဟုတ်ဘူး။ မောင်နှမ ဒီမှာ အစ်ကို၊ အစ်ကိုကြီး"





ကိုယ့်ကိုယ်ကိုယ် လက်ညှိုးညွှန်၍ ကျွန်တော်ပြောသည်။

နွဲ့ယမင်းစိုးက . . .

"သြော် . . . အသက်ကြီးတဲ့သူက အစ်ကိုဖြစ်ကြေးကိုး"

ထိုအချိန်များအထိ ကျွန်တော် စိတ်မညစ်တတ်သေး။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

## (၉)

မျက်လှည့်ဆရာ၏ လှည့်ကွက်တစ်ခုကဲ့သို့ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း ဖြစ်ပေါ်ပြောင်းလဲစေသော သေခြင်းတရား၏အစွမ်းအစကို နွဲ့ယမင်းစိုး၏ဖခင် ဦးတင်စိုး သေဆုံးသည့်နေ့က ကျွန်တော် မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်။

အနိစ္စ အမြဲမရှိဟူသော ဝေါဟာရကို နားဖြင့်သာ ကြားဖူးသည်။ မျက်ဝါးထင်ထင် မတွေ့ကြုံဖူးခဲ့။ အခုတော့ . . . 'ဦးတင်စိုး





ဆုံးပြီ . . .' တဲ့။ ဖေဖေကတော့ ခြေထောက်အရိုး ကျိုးသွားသည်တဲ့။

သူငယ်ချင်းနှစ်ယောက် ရှမ်းပြည်နယ်ဘက်သို့ ကုန်အဝယ်သွားကြသည်မှာ အတူတူ။ လမ်းခုလတ်မှာ ကားချင်းတိုက်မိပြီး ကားမောင်းသော ဦးတင်စိုးက ပွဲချင်းပြီး။ ထိုကိစ္စ ထိုသတင်းကို ကြုံတွေ့လိုက်ရသဖြင့် ကျွန်တော် များစွာတုန်လှုပ်ခဲ့ရသည်။ ဖေဖေမသေသဖြင့် စိတ်သက်သာရာ ရချင်ပါသော်လည်း ဖေဖေနှင့်မခြား ကျွန်တော် ချစ်သော ဦးတင်စိုး ကွယ်လွန်ခဲ့ရသည့်အတွက် ကျွန်တော် ယူကြုံးမရခဲ့။

ထိုနေ့မှစ၍ သေမင်းဟုခေါ်သော မကောင်းဆိုးဝါးကောင်ကို ကျွန်တော် လွန်စွာမုန်းတီးခဲ့သည်။ ကျွန်တော့်ရင်ခွင်ထဲ၌ ငိုကြွေးခဲ့သော ညီမလေးနွဲ့ယမင်းစိုးကို နှစ်သိမ့်စကား မပြောမိဘဲ ကျွန်တော်ကိုယ်တိုင် ရောငိုခဲ့ရသည်။

ထိုစဉ်က သေမင်းဆိုသောကောင်ကို ရုပ်ဒြပ်အားဖြင့် ရှာဖွေတွေ့ရှိပါက ထိုသေမင်းကို ကျွန်တော် သတ်ဖြတ်မိပေမည်။ ဤကမ္ဘာလောကကြီးအတွင်းသို့ သေမင်းကို မည်သူဖန်တီးပြီး မည်သည့်အတွက်ကြောင့် သူရှိနေရပါသလဲ။

ကျွန်တော်တို့လူသားတွေအားလုံး ညီညွတ်စွာလက်တွဲပြီး သေမင်းဆိုတဲ့သတ္တဝါကို ဘာကြောင့် ဝိုင်းဝန်းသတ်ဖြတ်ဖို့ မတွေးနိုင်ကြပါသလဲ။ သေမင်းဆိုတာ တန်ခိုးရှင်မို့လို့လားဟင်။ စိတ်ထဲပေါက်



www.burmeseclassic.com

www.burmeseclassic.com



ရာ ကျွန်တော်တွေးမိခဲ့သည်။ နွဲ့ယမင်းစိုးနှင့်ထပ်တူ ကျွန်တော် ခံစားဝမ်းနည်းခဲ့ရပါသည်။

ထိုအချိန်မှစ၍ ဖေဖေကတော့ လက်ကိုင်တုတ်လေးတစ်ချောင်းကို အသုံးပြု လျှောက်လှမ်းရရုံမှတစ်ပါး ကြံ့ခိုင်သန်မာသော ချိုယွင်းမှု မဖြစ်ခဲ့ပါ။ ဖေဖေ ကံကောင်းသည်။ ဦးဦးစိုး ကံဆိုးပါသည်။ ညီမလေး နွဲ့ယမင်းစိုးလည်း ကံဆိုးရှာပါသည်။ ထို့ကြောင့် ကျွန်တော် ကံမကောင်းချင်ပါ။

❋

"ဘာတွေ တွေးနေတာလဲ သား"

နွဲ့ယမင်းစိုးတို့၏အိမ်ဘက်သို့ ငေးရင်း ကျွန်တော် သက်ပြင်းချမိသည်။

"ဦးဦးစိုး မရှိတော့တဲ့အကြောင်းကို တွေးနေတာပါ ဖေဖေ"





"စိတ်ထိခိုက်စရာတွေ မတွေးပါနဲ့ သားရယ် ...။ သားလည်း တက္ကသိုလ်ကျောင်းသားကြီး ဖြစ်နေပြီပဲ။ ဝမ်းနည်းစရာ၊ စိတ်မကောင်းစရာဆိုတာတွေလည်း လောကဓံတွေပေါ့ သားရယ်။ မေ့သင့်တာကို မေ့၊ နှလုံးသွင်းတာကို နှလုံးသွင်းပေါ့။

ဖေဖေကတော့ ဖေဖေ့သူငယ်ချင်းဆုံးပါးသွားတဲ့အတွက် ဝမ်းနည်းနေဖို့ထက် သူ့လုပ်ငန်းတွေ အခြေမပျက်အောင် ထိန်းသိမ်းဖို့ကို ပိုပြီး ကြိုးပမ်းနေရတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ်ကို မထိခိုက်ပါစေနဲ့ကွာ။ မင်းခန့်ညားဆိုတဲ့ နာမည်နဲ့လိုက်အောင် မာမာချာချာနေစမ်းပါ သားရဲ့"

"သား စိတ်မပျော့ပါဘူး ဖေဖေ ...။ သားတွေးနေတာက သေတယ်ဆိုတဲ့ကိစ္စကြီးကို တွေးနေတာ"

"ဘာကိုလဲ သား"

"လူတိုင်းလူတိုင်း သတ္တဝါတိုင်းဟာ သေမျိုးတွေဆိုတာ သား နားလည်ပါတယ်။ ဒါပေမဲ့ သားသိချင်တာက အဲဒီသေခြင်းတရားကိုနိုင်တဲ့အရာ မရှိနိုင်ဘူးလား ဖေဖေ ...။ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ပြုံးသည်။

“ရှိတာပေါ့ သားရဲ့”

“ရှိတယ် . . . ဟုတ်လား”

ဖေဖေ ခေါင်းညိတ်သည်။

“သားလိုချင်တယ်။ ဘယ်မှာရှိနိုင်မလဲ”

“သားက သေရမှာကြောက်လို့လား”

“သားမကြောက်ပါဘူး။ တခြားသူတွေကို ပေးချင်လို့”

“သားမှာ သူတော်ကောင်းစိတ် ကိန်းဝပ်နေပြီပဲ”

“ဗျာ”

“ဩော် . . . သူတစ်ပါးကို ပေးကမ်းချင်တဲ့ စိတ်က သူတော်ကောင်းစိတ်ပေါ့ သားရဲ့။ ကဲ . . . သားလိုချင်တဲ့ သေခြင်းတရားကိုနိုင်တဲ့အရာ ပေးမယ်။ သား သေသေချာချာနားထောင်။

မကြောက်ခြင်းဟာ အနိုင်ရခြင်းပဲ သား။ သေရမှာကို မကြောက်တဲ့လူဟာ သေခြင်းကို နိုင်နေတဲ့လူပဲ”

ဟု ဖေဖေပြောသည်။





ကျွန်တော်က . . . ,

“ဒါပေမဲ့ လူဟာ သေကြတာပဲမဟုတ်လား ဖေဖေ”

“ဒါပေါ့ . . .။ သေကြတာပေါ့။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ . . . တဲ့။ မွေးဖွားခြင်းရှိရင် သေခြင်း ဆိုတာ ရှိရစမြဲပဲ။

အဲ . . . မသေခင်မှာ ကောင်းမွန်မြင့်မြတ်တာ တွေအားလုံး လုပ်ဆောင်သွားတဲ့လူဟာ သေရင် နောင်တမလွန်မှာပဲဖြစ်ဖြစ်၊ တမလွန်မရှိတော့ရင်ပဲ ဖြစ်ဖြစ် ကောင်းရာ့မွန်ရာကို ရောက်ရှိလိမ့်မယ် . . . လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်နိုင်ကြတယ်။

အဲဒီလူဟာ သေရမှာကို မကြောက်တော့ဘူး။ သေရမှာကို မကြောက်တဲ့လူဟာ သေခြင်းကို အနိုင် ရနေတဲ့သူပေါ့”

“သဘောတော့ပေါက်ပါတယ် ဖေဖေ။ ဒါပေမဲ့ နားမရှင်းဘူး”

ဖေဖေ ကျွန်တော့်အနားတွင် ထိုင်သည်။ တုတ်ကောက် လေးကို နံရံတွင်မှီတင်လျက် . . .

“လူတစ်ယောက်ဟာ လူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဓားနဲ့လိုက်ခုတ်တယ်။ အခုတ်ခံရမယ့်လူက ထွက်ပြေးတယ်။ ထွက်ပြေးတာဟာ ကြောက်လို့လား၊ မကြောက်လို့လား''

''ကြောက်လို့''

''ထွက်မပြေးဘဲ ကိုယ့်ဆီကိုလာနေတဲ့ ဓားသမားကို တည်တည်ငြိမ်ငြိမ်၊ မတုန်မလှုပ်ဘဲ ရပ်ပြီး ရင်ဆိုင်တယ်ဆိုရင်ကော ...။ အဲဒီလူက ကြောက်လို့လား မကြောက်လို့လား''

''မကြောက်လို့ပါ ဖေဖေ''

''အေး ...အဲဒီလိုပဲပေါ့။ သေရမှာကို ကြောက်နေတဲ့သူ၊ ထိတ်လန့်တုန်လှုပ်နေတဲ့လူဟာ သေခြင်းတရားကို အရှုံးပေးတဲ့သူပဲ၊ သေရမှာကို မကြောက်ဘူး၊ မထိတ်လန့်ဘူးဆိုတဲ့လူဟာ သေခြင်းကို နိုင်နေတဲ့လူပဲ''

''သား နိုင်ချင်တယ် ဖေဖေ''

''နိုင်ချင်ရင် မကောင်းတာအကုန်လုပ်၊ မကောင်းတာ အကုန်ရှောင်။ ငါ ...ကောင်းတာ အကုန်လုပ်တယ်၊ မကောင်းတာ တစ်ခုမှ မလုပ်ဘူး။ အဲဒီတော့ သေရင် ကောင်းရာမွန်ရာကိုပဲရောက်မှာပဲ





...လို့ တွေးကြည့်လိုက်ရုံနဲ့ သေခြင်းတရားကို အနိုင်ရပြီးသား ဖြစ်နေပါပြီ သားရယ် ...''

''ဖေဖေက တကယ့်လူတော်တစ်ယောက်ပဲ။ သား ဖေဖေ့သားဖြစ်ရတာ ဂုဏ်လည်းယူတယ်၊ ဝမ်းလည်းသာတယ် ဖေဖေ။

တချို့မိဘတွေက ဖေဖေ့လို မဆုံးမ,တတ်ကြဘူး။ လမ်းမညွှန်ပြတတ်ကြဘူး။ အဲဒီလို မိဘမျိုးရဲ့ သားသမီးတွေရဲ့ဘဝ သိပ်နစ်နာမှာပဲနော်''

''ဒါကတော့ သားရယ် ...။ ဆင်းရဲနွမ်းပါးတဲ့ မိဘတွေမှာ ဝမ်းရေးကို ဦးစားပေးနေရတော့ သားသမီးတွေကို တကူးတက ဘယ်ဆုံးမနိုင်ပါ့မလဲ။

ဘာပဲဖြစ်ဖြစ် မိဘတိုင်းက သားသမီးတိုင်းကို ချစ်တယ်ဆိုတဲ့ ဂုဏ်ပုဒ်ကိုတော့ ဘယ်ပုဂ္ဂိုလ်ကမှ ငြင်းပယ်လို့မရဘူး''

''မေမေသာရှိနေသေးရင် သိပ်ကောင်းမှာပဲ၊ မေမေ့ဆီမှာလည်း ဖေဖေ့လိုအရည်အသွေးတွေ ရှိနေမှာပဲနော် ...။ မေမေ့ဆီက အတွေးအခေါ်တွေကိုပါ သား ..လိုချင်လိုက်တာ''

''လောဘကြီးလှချည်လား သားရယ်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပခုံးကိုပုတ်ပြီး ဖေဖေပြောသည်။ ဦးငုံကာ ကျွန်တော် ရယ်နေလိုက်၏။ နွဲ့ယမင်းစိုး၏အိမ်ဘက်မှ သူ့ စာကျက်သံသဲ့သဲ့ ကြားရသည်။ ဒသမတန်းစာမေးပွဲတွေ နီးလှပြီ။

❊ ❊ ❊



(၇)

ပွဲရုံခြောက်ခုရှိသည့်အနက် ဖေဖေက တစ်ခုတည်းကိုသာ ခွဲဝေလုပ်ကိုင်ရတော့သည်။ ထိုကိစ္စကို ကျွန်တော် ဘဝင်မကျ။

သိမ်ကြီးဈေးကုန်တိုက်ရှိ ကျွန်တော်နှင့်ဖော်စိတ် ပူးတွဲဖွင့်လှစ်ထားသော စတိုးဆိုင်များမှာ ဖွင့်လှစ်ခါစ၊ ရောင်းပန်းဝယ်ပန်း ပွင့်လန်းခါစ။

ထို့ကြောင့် ဖေဖေ့ကို ပွဲရုံလုပ်ငန်းကိစ္စများအားလုံး မွှန်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖို့ ကျွန်တော် ပြောချင်သည်။ သူငယ်ချင်းဖြစ်သူ ဦးတင်စိုး
လက်ငုတ်လက်ရင်းလုပ်ငန်းမှ ဖေဖေ မျက်နှာလွှဲချင်မည်မဟုတ်မှ
ကျွန်တော် နားလည်၏။

သို့သော် ဒေါ်နေရီစိန်၏ အလိုကြီးမှုကို သိမြင်နေသဖြ
ကျွန်တော်သာဆိုလျှင် အကုန်လုံးကို ထားပစ်ခဲ့ပေမည်။ ကျွန်တေ
ချစ်သူသီဂီထွေးနှင့် ကျွန်တော့်သူငယ်ချင်းဇော်ဝိတ်တို့ကို ထိုအကြောင်
တွေ ကျွန်တော် ပြောပြဖြစ်သည်။

"မောင်က အဖေကိုလုပ်ကျွေးနိုင်ပြီပဲ။ ဖေဖေ
အနားယူလိုက်တော့လို့ ပြောလိုက်ပေါ့"

"ကျောင်းပြီးတဲ့နှစ်က မောင်ပြောကြည့်သေ
တယ်။ သားသမီးလုပ်စာကို မစားချင်ဘူး ... တဲ့
ရေဆိုတာ အောက်ကနေ အထက်ကို ပြန်စီးရိုးထုံး
မရှိဘူး ... တဲ့"

ဇော်ဝိတ်က ...

"မင်းအဖေရဲ့မာနမျိုးက ရှားတယ်။ သာ
သမီးဆိုက ဘာမှုမမျှော်ကိုးတဲ့ တကယ့်မိဘကောင်
ပဲ။ တချို့မိဘတွေ ပြောလေ့ပြောထရှိကြတယ်။ သာ
သမီးများများမွေးထားတော့ များများအားကိုးရတာ
ပေါ့ ... တဲ့၊ အကြီးကောင်က အားကိုးရပြီလေ



အသည်းနှလုံး၏ကြေညာစာတမ်း

... နွားကျောင်းနိုင်းလို့ရပြီ လယ်ထဲဆင်းနိုင်းလို့ ရပြီ
... ဆိုတာမျိုးတွေ လွှတ်ခနဲပြောမိကြတာပါ။

ဒါပေမဲ့ အဲဒီစကားကို သရုပ်ခွဲကြည့်ရင်
သားသမီးဆိုတာ မိဘခိုင်းစားဖို့ ပေါက်ဖွားလာရ
သလို ဖြစ်နေတယ်။ အဲဒီလို မိဘမျိုးထဲမှာ မင်းအဖေ
မပါဘူးကွ"

ဇော်ဝိတ်စကားကြောင့် သီဂီထွေး မျက်လုံးပင့်သည်။

"ဇော်ဝိတ် ...။ နင့်စကားကလည်း မိဘ
မေတ္တာတရားကို ထိပါးတဲ့ စကားပဲ"

"မထိပါးပါဘူး။ တချို့မိဘတွေ ပြောမှား
ဆိုမှား ရှိတတ်တာကို ပြောတာပါ။

အငယ်ကောင်က တစ်လကို ဘယ်ရွေ့ဘယ်
မျှ ထောက်ပံ့တာ၊ အကြီးကောင်က ပေါ်တောင်
မလာဘူး၊ မိဘအပေါ် မသိတတ်ဘူးဆိုတာမျိုးကို
မိဘကိုယ်တိုင်က ပြောပြတာ ငါကြားဖူးတယ်။

ငါတွေးကြည့်တာပေါ့။ မပြေလည်တဲ့ သား
သမီးဟာ မိဘကို မထောက်ပံ့နိုင်တဲ့အခါ အဲ့ဒီသား
သမီးအပေါ် မိဘက ဘယ်လိုသတ်မှတ်မလဲ။ မော
စောကလို မသိတတ်ဘူးလို့ သတ်မှတ်လိုက်မှာပဲ သွား



www.burmeseclassic.com

www.burmeseclassic.com



ရော။

အခု ခန့်ညားရဲ့အဖေက အဲဒီလိုမိဘမျိုးထဲမှာ မပါဘူးလို့ ငါ ပြောချင်တာပါ။ မိဘမေတ္တာဆိုတဲ့ ကြီးမားတဲ့အရာကို ထိပါးတာ မဟုတ်ပါဘူး''

''နင် ဆရာဝန် မလုပ်သင့်ဘူး၊ စာရေးဆရာ လုပ်သင့်တယ်''

''ဟဲ့ . . . သီဂီထွေး၊ ဆရာဝန်ဆိုတာလည်း လူတုနဲ့ ဆက်ဆံနေရတာပဲ။ ပုဂ္ဂလိကဆေးရုံမှာဆိုရင် လူချမ်းသာတွေနဲ့ ဆက်ဆံရတယ်၊ ကိုယ့်ဆေးခန်းမှာ ဆိုရင် လူဆင်းရဲ၊ လူချမ်းသာ နှစ်မျိုးစလုံးနဲ့ ဆက်ဆံရတယ်။

သားက နိုင်ငံခြားက ဟိုဟာပို့လိုက်တာလေ၊ ဒီဟာပို့လိုက်တာလေဆိုတာမျိုးကို ကြားရသလို၊ မိဘကို သိပ်ဒုက္ခပေးတဲ့ကောင်၊ သူ့ကြောင့် . . . အဒေါ်သွေးတိုးရတာ ဆိုတာမျိုးတွေ အကုန်ကြားရတယ်၊ ကြုံရတယ် . . . အစုံပဲ။

တစ်ခါတလေ ဆေးကုချင်စိတ် မရှိတော့ဘူး။ မိုးပြဲဒယ်နဲ့ ဓာတ်လုံးတွေ ဓာတ်ပြားတွေကို ရွှေဖြစ်အောင်ကြံပြီး တစ်နိုင်ငံလုံး ဝေပေးပစ်လိုက်ချင်တော့





တယ်''

တဟားဟား ရယ်ကြသည်။

သီဂီထွေးက လှိုင်တက္ကသိုလ်မှ ကျောင်းဆရာမ၊ ဇော်ဝိတ်က သူ့ကိုယ်ပိုင်ဆေးခန်းနှင့် အခြားပုဂ္ဂလိကဆေးရုံတစ်ရုံတွင် ပူးတွဲဘုသသည့် ဆရာဝန်၊ ကျွန်တော်ကတော့ စတိုးဆိုင်ဖွင့်လှစ်သည့် လုပ်ငန်းများ။ အခြားကုန်ပစ္စည်းများဖြစ်ကြသည့် ရုပ်မြင်သံကြားစက်၊ ဒီယိုပြစက် . . . စသဖြင့်သောအရာများကို အလျဉ်းသင့်သလို ရောင်းဝယ်ဖောက်ကားနေရသူ။

ကျောင်းပြီးစက ဖေဖေ့ပွဲရုံလုပ်ငန်းများကို လုပ်ကိုင်ကြည့်ဖို့ ကျွန်တော် စိတ်ကူးမိပါသေးသည်။ ဒါပေမဲ့ ဖေဖေက ခွင့်မပြု။ သူ့သူငယ်ချင်းလုပ်ငန်းမို့ သူ လုပ်နေခြင်းသာဖြစ်ကြောင်း၊ ကျွန်တော့်ကို မလုပ်စေချင်ကြောင်း ပြောခဲ့သည်။

တစ်ပတ်ကို တစ်ရက်လောက်တော့ ကျွန်တော်တို့သူငယ်ချင်းသုံးယောက် ဆုံဖြစ်ကြသည်။ သူငယ်ချင်းသုံးယောက်တွေ့ဆုံခြင်းသည် ချစ်သူနှင့်ပါတွေ့ဆုံခြင်းဖြစ်သဖြင့် ကျွန်တော် ဘယ်တုန်းကမှ မပျက်ကွက်ခဲ့၊ အင်းလျားလမ်းပေါ်ရှိ ခေမရဋ္ဌစားသောက်ဆိုင်လေးသည် ကျွန်တော်တို့ ဆုံတွေ့ရာ နေရာတစ်ခုဖြစ်၏။

''မင်းအဖေကို ပွဲရုံတစ်ရုံ သတ်သတ်ပေးပြီး တခြားပွဲရုံတွေကို ဒေါ်နေရီစိန်က သူ့ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ်ဆိုတော့ လုပ်ငန်းခွဲတဲ့သဘောလား ...။

ဒါမှမဟုတ် တန်ရာတန်ကြေး သဒ္ဒါကြေးပေးတာမျိုး

လား''

ဇော်ဝိတ်စကားကြောင့် ကျွန်တော် ပြုံးဖြစ်သည်။

''မင်းလိုမေးခွန်းမျိုးကို ဖေဖေက မေမေစိန်

ကို မေးတယ်ကွ၊ မေမေစိန်က ပြောတယ် ...။

ကိုအောင်ခန့်တစ်ယောက်တည်း အရမ်းပင်ပန်းမှာ

စိုးလို့ပါ ... တဲ့''

''သူတစ်ယောက်တည်းကော နိုင်မှာမို့လို့

လား''

''ဦးဟန်လှဆွေဆိုတဲ့ လူကြီးတစ်ယောက် သူ့

အိမ်ပေါ်မှာ ရောက်နေပြီ''

''ဆွေမျိုးသားချင်းလား''

''ရပ်ဆွေ ရပ်မျိုးလို့ ပြောတာပဲ''

ဇော်ဝိတ် မျက်နှာတွန့်သည်။

''သမီးလေးတစ်ယောက် ရှိတယ်ဆို''

''အေး ... ရှိတယ်''

''ဘယ်အရွယ်ရောက်ပြီလဲ''

''ဆယ်တန်းဖြေထားတဲ့ အရွယ်''





သိင်္ဂီထွေးက ...

''သမီးပျိုရှိတဲ့အိမ်မှာ ဆွေမတော်မျိုးမတော်

လူတစ်ယောက် ရှိမနေသင့်ဘူး''

ဇော်ဝိတ်က ရှမ်းခေါက်ဆွဲပန်းကန်ကို ကျွန်တော့်ရှေ့သို့

တိုးပေးပြီး ...

''သမီးအရင်းမဟုတ်ဘူး ... တဲ့ သိင်္ဂီရဲ့''

''မောင် ... အဲဒီဝင်းထဲမှာ ဆက်မနေသင့်

တော့ဘူး''

ဟု သိင်္ဂီထွေးပြောသည်။

''ဘာဖြစ်လို့လဲ သိလား''

ကျွန်တော် ခေါင်းခါသည်။

''မောင့်ဖေဖေကော မောင်ကော ...

နှစ်ယောက်စလုံးက မဟုတ်မခံတွေ။ အခု အဲဒီဝင်း

ထဲမှာ ဖြစ်ပျက်တော့မယ့် အခြေအနေက မောင်တို့ကို

ပ,ထုတ်တော့မယ့် အခြေအနေ။

မောင့်ဖေဖေက သူငယ်ချင်းဖြစ်သူရဲ့ လုပ်ငန်း

တွေကို ရိုးရိုးသားသား ဆက်လုပ်ပေးချင်တာ မှန်ပေ

မယ့် ... သူငယ်ချင်းမဟုတ်တဲ့သူတွေက တွေးမှာ

ပေါ့။ အပိုင်စီးချင်လို့ လုပ်ပေးတယ် ... လို့''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ထင်နေပြီနဲ့ တူပါတယ်"

"သိဂီဆို အခုလောက်ဆို တခြားမှာ သွားနေပြီးလောက်ပြီ"

"နင့်အိမ်မှာ ခေါ်ထားလိုက်ပေါ့"

ဟု ဇော်ဝိတ်က ဝင်ပြောသည်။

"လူ့အကဲ့ရဲ့တွေနဲ့ ကင်းလွတ်မယ်ဆိုရင်၊ ငါ ခေါ်ထားပါတယ်"

ဟု သိဂီထွေးပြောသည်။

ကျွန်တော် သူ့မျက်နှာကို ပြုံးကြည့်နေ၏။ သူ့မျက်နှာပြင်တွင် ရှက်ရောင်တွေ သမ်းနေသည်။

ထိုအချိန်ထိ ကျွန်တော် သိပ်စိတ်မညစ်တတ်သေး

❊ ❊ ❊



(၈)

အိမ်ဝင်းထဲသို့ ကားကိုကွေ့ဝင်သည်။ အိမ်ရှေ့တွင် ကျွန်တော် ကားရပ်သည်။ အိမ်ထဲသို့ ဝင်လျှင်ဝင်ချင်း စာရင်းစာရွက်များ ရှုပ်ပွနေသော စားပွဲအနီးတွင် ဖေဖေ့ကို တွေ့သည်။ လက်ကိုင်ဘုတ်ကလေးကတော့ နံရံတွင် မှီလျက်ရှိ၏။

"ဖေဖေတို့သားအဖနှစ်ယောက်ကတော့ ဒီအိမ်ဝင်းထဲက ခွာရတော့မယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲတွင် အံ့သြမှုမဖြစ်။

"ဘယ်တော့လဲ ဖေဖေ"

"မကြာခင်လို့ ထင်တာပဲ။ တင်စိုးအပေါ်ထားတဲ့ သံယောဇဉ်၊ သမီးလေးစိုးစိုးအပေါ်ထားတဲ့ သံယောဇဉ်တွေကို ဖြတ်ထားမှ ဖြစ်မယ်သား"

"ဘာဖြစ်လို့လဲ ဖေဖေ . . .။ ဖေဖေ့စိတ်ထဲက ထင်နေတာလား။ ဒါမှမဟုတ် နောက်ထပ်ပြဿနာ ထပ်တက်လို့လား . . . ဟင်"

"ပြဿနာဆိုတာထက် စွပ်စွဲမှုတစ်ခုပေါ့ သားရယ်"

"ဘာကိုစွပ်စွဲတာလဲ ဖေဖေ။ ဘယ်သူစွပ်စွဲတာလဲ"

"နေရီစိန်က ဖေဖေ့ကိုပြောတယ်။ မင်းခန့်ညားတောင် ကားတွေ ဘာတွေ ဝယ်စီးနေပြီနော် . . . တဲ့"

"ဟာ . . . အဲဒါ ဖော်ဝိတ်နဲ့သားနဲ့ ဝယ်ထားတဲ့ ကားလေး။ ဖော်ဝိတ်နဲ့သား စီးပွားရေးလုပ်နေတာ"

ဖေဖေလက်ကာသည်။

"ဖေဖေ အကုန်ပြောပြီးပြီ သား . .။ ပွဲရုံ





လုပ်ငန်းနဲ့ မပတ်သက်စေချင်လို့၊ ကျုပ်သားကို အပြင်လုပ်ငန်း လုပ်နိုင်းတာလို့ ပြောပြီးပြီ။

ဒါပေမဲ့ သားရယ် . . .။ ပြောတဲ့ ဖြေရှင်းတဲ့ သူက ဘယ်လောက်ပြောပြော၊ ဘယ်လောက်ရှင်း ရှင်း သံသယဝင်နေတဲ့သူကတော့ သံသယနဲ့ပဲ မြင်နေမှာပါ"

"သား . . . သွားရှင်းမယ် ဖေဖေ"

ထိုင်မည်ပြုပြီးမှ ကျွန်တော် ခြေလှမ်းပြင်၏။

"မလိုဘူး သား . . .။ သားသိထားဖို့ ဖေဖေ ပြောပြတာ၊ ဖြေရှင်းဖို့ မဟုတ်ဘူး။ ဖြေရှင်းတယ်ဆိုတာ အမှန်ကို အမှန်အတိုင်း၊ အရာရာကို နှစ်ဖက်မြင် မြင်တတ်တဲ့လူမျိုးကိုမှ ဖြေရှင်းပြရတယ်။

ဒါမှ ဒါ၊ ငါမှ ငါဆိုတဲ့ လူမျိုးတွေကိုတော့ မဖြေရှင်းသင့်ဘူး။ ဝေးဝေးရှောင်ဖို့ပဲ စဉ်းစား။ မပတ်သက်ဖို့ဘဲ ကြိုးစား"

ဖေဖေ့ရှေ့တွင် သက်ပြင်းချလျက် ကျွန်တော် ထိုင်သည်။ ကျွန်တော် စိတ်မညစ်ချင်သေး။

❋



www.burmeseclassic.com

www.burmeseclassic.com



"မာမိနဲ့ ဦးဟန်လှဆွေနဲ့ နေပုံထိုင်ပုံကြီးက တစ်မျိုးကြီးပဲ ကိုကို"

"ဘာဖြစ်လို့လဲ ညီမလေးရယ် ...။ မိဘကို ဟိုဟိုဒီဒီ မဝေဖန်ရဘူးလေ"

"မိဘမဟုတ်တာလုပ်နေရင် သားသမီးက မဝေဖန်ရဘူးလား ကိုကို ..."

ထိုမေးခွန်း၏အဖြေကို ကျွန်တော် ရုတ်တရက် အဖြေခက်ရသည်။

"ညီမလေး အသိဉာဏ်လောက်နဲ့ မိဘကို ဝေဖန်မိရင် အမှားပါမှာပေါ့"

"ယမင်း မမှားဘူး။ ဒါပေမဲ့ မာမို့ကိုမပြောရဲလို့ ကိုကို့ကို ပြောပြတာ။ ဦးဟန်လှဆွေက အိမ်မှာလာလာအိပ်တယ်။ အဲဒါကို ယမင်း မကြိုက်ဘူး ကိုကို။ ဒယ်ဒီ့ကို သတိရတယ်၊ ယမင်း ငိုချင်တယ်"

"ကဲပါ ...ကလေးက ကလေးအတွေးနဲ့ တွေးပြီး ကလေးလိုပဲ နေစမ်းပါ ယမင်းရယ် ...။





လူကြီးတွေကိစ္စကို မတွေးနဲ့၊ ဝင်မစွက်ဖက်နဲ့။ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် နေနော် ... ယမင်း"

"ယမင်း ကလေးမဟုတ်တော့ဘူး ကိုကို။ ဆယ်တန်းဆိုတဲ့ အသိဉာဏ်နဲ့ တစ်လောကလုံးကို မဝေဖန်၊ မဆန်းစစ်နိုင်ပေမယ့် ကိုယ့်အိမ်တွင်းရေးကို တော့ ကိုယ့်ဘာသာ ဆန်းစစ်နိုင်ပါတယ်။ ကိုကို့ကို အစ်ကိုရင်းတစ်ယောက်လို သဘောထားပြီး ယမင်းက လာရင်ဖွင့်တာ။ ကိုကိုက အလေးအနက် မထားဘူး"

မျက်ရည်ဝဲ၏။ ထိုအခါကျမှ ကျွန်တော်ပြုံးလျက် ...

"အလေးအနက်မထားတာ မဟုတ်ဘူး ညီမလေးရဲ့။ ဟိုတွေးဒီတွေးနဲ့ ညီမလေးစိတ်ညစ်နေမှာ စိုးလို့ပါ။ ကဲ ... ကိုကို အလေးအနက်ထားပြီး မေးမယ်။ ညီမလေး ဘာဖြစ်ချင်သလဲ ပြော"

"ယမင်း အိမ်မှာမနေချင်တော့ဘူး။ အိမ်က ထွက်ပြေးချင်တယ်"

"အိုး ... ဒါ မိန်းကလေးတစ်ယောက် ပြောရမယ့်စကားလား"

"အိမ်မှာနေရတာ ယမင်းမှ မပျော်တော့ဟာ...။

www.burmeseclassic.com



အထီးကျန်နေသလိုပဲ''

''ကိုကိုရှိတာပဲ ယမင်းရဲ့''

''ကိုကိုက တစ်ပတ်မှာ တစ်ခါလောက် စကားလာပြောဖော်ရတာပါ''

''ညီမလေးတို့အရွယ်က ဒီလိုပဲ။ စိတ်ကစားတဲ့အရွယ်၊ စိတ်နေစရာမရှိတဲ့အရွယ်၊ ဘယ်မှာနေလို့ နေရမှန်း မသိတဲ့အရွယ်လေ။ ဒီအရွယ်မှာ စိတ်ညစ်စရာ ဘာကိုမှ မတွေးရဘူးနော်- ညီမလေး''

စကားမတုံ့ပြန်။

''မကြာခင် အောင်စာရင်းထွက်တော့မယ်..။ နောက် တက္ကသိုလ်ကျောင်းသူကြီးဖြစ်၊ ဘယ်လောက်ပျော်ဖို့ကောင်းလဲ...။ ဆယ်တန်းစာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ အောင်လိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ် မဟုတ်လား''

ကျွန်တော် စကားလမ်းကြောင်းကို လွှဲမှန်းမသိ လွှဲလိုက်သည်။

''ယုံကြည်တယ်''

''ဘာဖြစ်လို့ ယုံကြည်တာလဲ''

''ကိုကို စာသင်ပေးထားလို့''





''အောင်စာရင်းထွက်တဲ့နေ့ ယမင်းကို ကိုကို မုန့်လိုက်ကျွေးမယ်။ ဘုရားတွေ လိုက်ပို့မယ်။ သဘောတူလား''

ခေါင်းညိတ်သည်။

''ကိုယ့်ဘဝအတွက်ပဲ ကိုယ်တွေးပါ ညီမလေးရယ်။ ဘယ်အရွယ်မှာ ဘာလုပ်မယ်၊ ဘာကို ဝါသနာပါတယ်၊ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်။ ကြိုးစား။ ရည်ရွယ်ချက်ထား။ လူကြီးတွေအကြောင်းကို ခေါင်းထဲထည့်ပြီး စဉ်းစားမနေနဲ့''

ဆုံးမစကားများပြောကြားနေသော ကျွန်တော့်ကို နွဲ့ယမင်းစိုးက မေးစေ့လေးထောက်လျက် စောင်းငဲ့ငေးကြည့်နေလေသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

(၉)

"သူလည်း သိပြီးရောပေါ့"

ဟု ဖေဖေ ကျွန်တော့်ကို ပြောသည်။ ကျွန်တော်က ...

"အိပ်ရာက နိုးပြီဆိုရင်တော့ သိပြီးလောက်ပြီ ထင်တယ်။ ဒါပေမဲ့ ဒီကောင်မစုတ်လေးက အအိပ်ပုတ်တယ်။ သိချင်မှ သိဦးမှာ ဖေဖေရဲ့။ ပြီးတော့ အောင်စာရင်းထွက်ရင် မုန့်ကျွေးမယ်၊ ဘုရားပို့ပေး





မယ်လို့ သား ပြောထားတယ်"

"ကဲ ... ဒါဆိုလည်း သွားပြောလိုက်"

ကျွန်တော် ဖေဖေ့ရှေ့မှ ခြေသွက်သွက်ဖြင့် လှမ်းထွက်ခဲ့သည်။ နွဲ့ယမင်းစိုး၏ အိမ်အတွင်း၌ သူ့ဖခင် ဦးတင်စိုးသာ ရှိမည်ဆိုလျှင် ...

"ယမင်းရေ ... ညီမလေးရေ၊ နင် စာမေးပွဲ အောင်တယ်။ ဂုဏ်ထူးနှစ်ဘာသာ ပါတယ်"

ဟု အိမ်၏ခပ်ဝေးဝေးကတည်းက ကျွန်တော် အော်ဟစ်ပြေးသွားမိပေမည်။ သို့သော် ... ယခုတော့ ဦးဦးစိုးလည်း မရှိ။ ဒေါ်နေရိုးနိုး၏ဆက်ဆံရေးကလည်း မိုးလေဝသ မကောင်း့တကောင်းမို့ ကျွန်တော့်မှာ လူကြီးဆန်ဆန် ခြေလှမ်းမြန်မြန်ဖြင့် လှမ်းထွက်ခဲ့ရချေသည်။

မအော်ဟစ်မိ၊ မပြေးလွှားမိ။

"အို"

ပေါ်တီကိုအောက်တွင် အိမ်အတွင်းမှ ပြေးထွက်လာသော နွဲ့ယမင်းစိုးနှင့် အိမ်အတွင်းသို့ဝင်မည့် ကျွန်တော် ... ဝင်တိုက်မိကြသည်။

"ဘာဖြစ်တာလဲ ယမင်း"

"ဘာ ... ဘာမှ မဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သစ်ခွပင်များရှိရာသို့ သူ ခြေလှမ်းပြင်သည်။

''မေမေစိန်ကော''

''မာမီ ဈေးသွားတယ်''

အိမ်အတွင်း လူရိပ်တစ်ခုကို လှမ်းတွေ့သည်။ ကျွန်တော် အိမ်အဝင်ဝ,သို့ ခြေလှမ်းရွှေ့ပြီး လှမ်းကြည့်လိုက်၏။ ဦးဟန်လှဆွေ ဟုခေါ်သော လူကြီးကို ကျွန်တော်မြင်သည်၊ နွဲ့ယမင်းစိုးကို ကျွန်တော် လှမ်းကြည့်မိသည်။ ပေါ်တီကိုအောက်တွင် သူ မရှိတော့။

သစ်ခွပင်တွေကို တို့ထိသလို ပြုပြင်သလိုလို ဟန်အမူအရာကို ကျွန်တော် သတိပြုမိသည်။ နွဲ့ယမင်းစိုးရှိရာ သစ်ခွပင်များအောက်သို့ ကျွန်တော် အပြေးသွား၏။

''ညီမလေး''

ငဲ့ကြည့်သည်။ အပြစ်ကင်းစင်သော မျက်နက်ဝန်းလေးကို မြင်၏။

''ကိုကိုမေးတာကို ဖြေလေ။ ညီမလေး ဘာဖြစ်တာလဲ၊ အိမ်ထဲကနေ အပြေးအလွှား ထွက်လာရအောင် ဘာဖြစ်လာတာလဲ။ ဘာဖြစ်လို့ ပြေးထွက်လာရတာလဲ''

''ဘာမှ မဖြစ်ဘူး''

အဖြေစကားသည် လေသံမမာ။ မျက်နှာထားသည်လည်း





လျော့ရဲရဲ။ ဒါ့အပြင် ခေါင်းငုံ့ထားသည်ကိုက အဖြေတစ်ခုခု ရှိနေသည်ဟု တွေးထင်စေသော ပဟေဠိ အမူအရာ။

''ဘာမှမဖြစ်တာ သေချာသလား ယမင်း''

''ဟုတ်ကဲ့''

''ကောင်းပြီ . . .။ နင် စာမေးပွဲအောင်တယ်၊ ဂုဏ်ထူးနှစ်ခုပါတယ်။ အဲဒါ ငါလာပြောတာ။ ငါသွားမယ်''

ကျွန်တော့်မျက်နှာထားကို သူ မြင်ပေလိမ့်မည်။ ကျွန်တော့်လေသံကို သူ ခန့်မှန်းနိုင်ပေလိမ့်မည်။ ထို့ကြောင့် သစ်ခွပင်အောက်မှ ကျွန်တော် ထွက်ခဲ့၏။

''ကိုကို''

အမိန့်ပေးသံ မဟုတ်ပါဘဲလျက် ခြေလှမ်းများကို တုံ့ခနဲ ရပ်သွားစေသည့် ကရုဏာသံ၊ အဟန့်အတား။

ကျွန်တော် လှည့်အကြည့်မှာတော့ သူ . . . ကျွန်တော့်ရင်၌ ခေါင်းဝှက်ငိုလေသည်။

''ဘာဖြစ်တာလဲ ညီမလေး၊ ဘာဖြစ်လို့ ငိုတာလဲ''

''ကိုကို''

မော့ကြည့်ကာ ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

ဝမ်းပန်းတနည်း ဖြစ်နေရှာသည် ထင်၏။ စကားသံများ ရုတ်တရက် ပေါ်ထွက်မလာချေ။ မျက်ရည်သာ ပို၍ စို၏။

"ပြောလေ ယမင်း"

"ဟို ...ဦးဟန်လှဆွေကြီးက ယမင်းကို ချစ်တယ်လို့ပြောပြီးတော့ လက်ကို ဆွဲထားတယ်။ ပြီးတော့ လက်ကိုလည်း နမ်းတယ်"

ကျွန်တော့်နားထင်နှစ်ဖက်စလုံး ထူပူသွားလေသည်။

"ယမင်း နင်ပြောတာ တကယ်လား"

အံ့သွားချင်း ကြိတ်ထားမိသည့်ကြားတွင် ဦးဟန်လှဆွေ ဆိုသော လူ့အယုတ်တမာကြီး ကြေညက်သွားနိုင်၏။

"ယမင်းကြောက်လို့ ထွက်ပြေးလာတာ"

"တောက်"

ကျွန်တော် အိမ်ဘက်သို့ ခြေလှမ်းပြင်သည်။ နွဲ့ယမင်းစိုး ကျွန်တော့်ကို ဆွဲထား၏။

"ကိုကို ...ညီမလေးတောင်းပန်ပါတယ်။ ညီမလေး ကြောက်လို့ပါ။ ဘာမှ သွားမပြောပါနဲ့နော်"

"ဒါ ...ကြောက်ရမယ့် ကိစ္စမဟုတ်ဘူး





နွဲ့ယမင်းစိုးရဲ့ ဒါ အစော်ကားခံရမယ့်ကိစ္စ၊ အသက် ချင်းလဲရမယ့်ကိစ္စ။ အဲဒါတွေကို နင်နားလည်ရဲ့လား"

"ညီမလေး သိပါတယ် ...။ ဒါပေမဲ့ မာမို့ ကို ပြန်မပြောရဲဘူး။ ပြောရင် မာမီ ယုံမှာမဟုတ်ဘူး။ ညီမလေး ကြောက်တယ် ကိုကို"

ကျွန်တော် ဝုန်းဒိုင်းကြဲ၍ ဖြစ်တော့မည် မဟုတ်။

"ကဲ ...ကြောက်လည်း မကြောက်နဲ့တော့၊ ငိုလည်း မငိုနဲ့တော့။ ကိုကို ညီမလေးကို ဘုရား တွေ လိုက်ပို့မယ်။ မုန့်တွေ ကျွေးမယ်။ လာ ... ဒီအဝတ်အစားအတိုင်းပဲ လိုက်ခဲ့၊ ပြန်လာမှ ဖေဖေ့ကို အဲဒီကိစ္စ ဖြေရှင်းနိုင်းလိုက်မယ်။ စိတ်အနှောင့်အ ယှက်တွေ ထားပစ်ခဲ့နော် ...ညီမလေး"

ပြုံးလျက် ခေါင်းညိတ်သည်။

ကျွန်တော် ပြုံးပြရသည်မှာ ပို၍ခက်ခဲ၏။

အို ... ဘုရားသခင်

နုနယ်သော ပန်းပွင့်ငယ်များပေါ်

စိတ်နှလုံးညစ်ကြီးများ၊ မပျံ့ပါစေနှင့်။

လိပ်ပြာလေးတွေ ... လာပါ



www.burmeseclassic.com

www.burmeseclassic.com



လေပြည်ညင်းတွေ … လာပါ

ဝတ်မှုံများကို ဆောင့်ရှောက်ပါ။

အမှန်တရားကို

မြင်ပူးပါရစေ။ ။

❋

ဖေဖေ့ထံ ခွင့်ပန်ပြီး ယမင်းနှင့်ကျွန်တော် ရွှေတိဂုံဘုရား သွားကြသည်။ သမ္ဘုတရုံတွင် ရပ်ရှင်ကြည့်သည်။

❋





အိမ်သို့ ပြန်ရောက်သောအခါ ဖေဖေက …

“သမီး … သမီးရဲ့မာမီ လာမေးသွားတယ်။ မောင်နှမနှစ်ယောက် ဘုရားသွားကြတယ်လို့ ဘဘ ပြောထားတယ်။ သမီးက မာမီ့ကို ပြောမသွားဘူး လား”

“မာမီဈေးသွားနေလို့ မပြောခဲ့ရဘူး ဘဘ”

“အေး … အေး …။ မာမီဆူနေဦးမယ်၊ ဘဘကိုပြောသွားတယ်လို့ မာမီ့ကို ပြောပြနော် သမီး”

“ဟုတ်ကဲ့ ဘဘ …။ သမီး သွားတော့ မယ်”

“အေး … ကောင်းပြီ”

နွဲ့ယမင်းစိုး ထိုင်ရာမှအထတွင် …

“ယမင်း”

ကျွန်တော့်ခေါ်သံကြောင့် ယမင်း ခြေလှမ်းတုံ့သွား၏။ ကျွန်တော်က …

“မနက်ကကိစ္စကို ဖေဖေ့ကို ပြောပြလိုက် လေ”



www.burmeseclassic.com

www.burmeseclassic.com



နွဲ့ယမင်းစိုး ခေါင်းခါ၏။ ကျွန်တော်တို့နှစ်ယောက်ကို တစ်လှည့်စီကြည့်ပြီး ဖေဖေက . . .

"ဘာကိစ္စလဲ သား . . . ဘာဖြစ်လို့လဲ"

"ပြောလိုက်လေ ယမင်း"

နွဲ့ယမင်းစိုး ခေါင်းကုတ်၏။

"ဘာဖြစ်ကြလို့လဲ . . .။ ကဲ သားသိရင် သားပဲပြောစမ်း"

နွဲ့ယမင်းစိုးမျက်နှာကို ကျွန်တော် တစ်ချက်ကြည့်သည်။

"ထိုင်ဦး"

ဟု သူ့ကို ကျွန်တော် ပြောလိုက်၏။ ပြီးနောက် . . .

"မနက်က သူတို့အိမ်မှာ ယမင်းနဲ့ဦးဟန်လှဆွေ နှစ်ယောက်တည်းရှိတယ် ဖေဖေ။ ဦးဟန်လှဆွေက ယမင်းလက်ကို နမ်းလို့တဲ့ ဖေဖေ၊ အဲဒါ သူက မေမေစိန်ကို တိုင်မပြောရဲဘူး . . . တဲ့"

"ဘယ်လို"

ဖေဖေ့မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည်။

"သမီး"

ဖေဖေ့ခေါ်သံတွင် ဒေါသ၊ သောကတွေ ရောယှက်သွားသည် ထင်၏။





"သမီး ယမင်း . . . သားပြောတာ ဟုတ်သလား၊ သူပြောတာ ဟုတ်သလား"

နွဲ့ယမင်းစိုး မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် ငိုလေသည်။ ကျွန်တော့်ဘက်သို့ ဖေဖေ လှည့်ကြည့်သည်။

"မင်း ဘာမှ ဝင်မပြောဘူးလား။ မင်း ဘာမှ ဝင်မလုပ်လိုက်ဘူးလား သား"

"သူ အိမ်ထဲက ပြေးထွက်လာလို့ သားမေးကြည့်မှ သူပြောတာ ဖေဖေ။ သားကိုယ်တိုင်တော့ မမြင်လိုက်ဘူး"

"မြင်မြင်၊ မမြင်မြင် မနက်ကတည်းက ဖေဖေ့ကို ပြောရောပေါ့ သားရယ်။ ဘာဖြစ်လို့ အခုမှ ပြောရတာလဲ"

ကျွန်တော်က . . .

"အောင်စာရင်းထွက်ပြီးခါစ ညီမလေးရဲ့ အပျော်စိတ်တွေ ပျက်စီးကုန်မှာစိုးလို့ပါ ဖေဖေ။ ပြီးတော့ မေမေစိန်လည်း မရှိသေးလို့ပါ"

ဖေဖေ လက်ကိုင်တုတ်လေးကို ကိုင်လျက် ထိုင်ရာမှ ဝုန်းခနဲထသည်။

"ကဲ . . . သမီးလေး ငိုမနေနဲ့၊ ထ. . အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်''

ကျွန်တော် နှဲ့ယမင်းစိုးကို ဖေးမသည်။ သူ့မျက်ရည်တွေကို ကျွန်တော် သုတ်ပေးသည်။ နံရံတွင် ချိတ်ဆွဲထားသည့် နှဲ့ယမင်းစိုး၏ ဖခင်ဦးတင်စိုးဓာတ်ပုံကို မျက်ရည်ဝဲများဖြင့် မော့ကြည့်ရင်း ဖေဖေက ...

''တင်စိုးရယ် ... သူငယ်ချင်း၊ မင်း အသေစောတယ်''

❊ ❊ ❊



(၁၀)

အိမ်အတွင်းသို့ ဝင်လျှင်ဝင်ချင်း ဒေါ်နေရီစိန်တစ်ယောက်တည်းကိုသာ တွေ့သည်။

''ဟန်လုဆွေ ရှိသလား နေရီစိန်''

''ဘာကိစ္စရှိလို့လဲ ကိုအောင်ခန့်''

''ငါက ရှိသလားလို့ မေးတာကို ရှိတယ်၊ မရှိဘူးပဲ ပြော၊ ဘာကိစ္စလဲလို့ မမေးနဲ့။ ရှိရင်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ မရှိရင် မရှိဘူးပေါ့"

နွဲ့ယမင်းစိုးက အိမ်အတွင်းသို့ ခေါင်းငုံ့၍ ဝင်သွား၏။

"ကိုအောင်ခန့်အမှုအရာက ရန်နဲ့ငေါ်ငေါ် ဖြစ်နေလို့ ကျွန်မက ဘာများဖြစ်လာသလဲလို့ မေးတာ"

"တောက်"

ဖေဖေ့ကို ကျွန်တော် ကုတ်ထားသည်။

"အေး ...ငါ လှဟန်ဆွေကို သတ်မလို့ လာတာ"

"ကိုဟန်လှဆွေက ကျွန်မရဲ့ ရပ်ဆွေရပ်မျိုး သူ့ကိစ္စက ကျွန်မ့ကိစ္စပဲ။ သူနဲ့ ကိုအောင်ခန့်ကြား မှာ အခုလို ရန်နဲ့ငေါ်ငေါ်ဖြစ်ရအောင် ဘာပြဿနာ များ ဖြစ်ထားလို့လဲ။ ကိုဟန်လှဆွေက ဘာလုပ်လို့ လဲ"

"ဘာလုပ်သလဲသိချင်ရင် လှဟန်ဆွေကို ဖို ရှေ့ကိုအရောက် ပို့လိုက်စမ်းပါ နေရီစိန်"

ဒေါ်နေရီစိန် လှည့်အကြည့်၊ ဒေါ်နေရီစိန်၏မျက်နှာထားက မလိုအပ်ဘဲ ပြဿနာလာရှာနေသူကို တွေ့မြင်နေရသကဲ့သို့ ဖြစ်နေ၏။





ဖေဖေ့ထံတွင် ကျွန်တော် ခွင့်မပန်တော့ဘဲ လူကြီးတွေ ပြောဆိုရမည့်ကိစ္စကြားသို့ ကျွန်တော် ဝင်လိုက်တော့၏။

"မေမေစိန် ဈေးသွားနေတုန်းက အိမ်မှာ ညီမလေးတစ်ယောက်တည်း။ အဲဒါ ဦးဟန်လှဆွေ က ချစ်တယ်လို့ပြောပြီး ညီမလေးလက်ကို နမ်း တယ်။ အဲဒါကို ညီမလေးက မေမေစိန်ကို မပြောပြရဲ ဘူးဆိုလို့ ကျွန်တော်တို့ လာပြောတာ"

"အမလေး ဒါများ ...ဝုန်းဒိုင်းကြဲပြီး ပြော စရာမလိုပါဘူး။ အခုလို အေးအေးသက်သာပြော လည်း ရသားပဲ"

ဖေဖေက ဒေါ်နေရီစိန်ကို မမိုတ်မသုန် ကြည့်နေသည်။ ဒေါ်နေရီစိန်က အနီးရှိဆက်တီတွင် ထိုင်လျက် ...

"သမီးစိုးစိုး လာဦး"

နွဲ့ယမင်းစိုး အနားသို့ ရောက်လာသည်။ ခေါင်းငုံ့ထားသည်။ ငိုဟန်မကောင်း။

"မင်းခန့်ညားပြောတာ ဟုတ်သလား သမီး"

နွဲ့ယမင်းစိုး ခေါင်းညိတ်၏။

"ဟုတ်တယ်ဆိုလည်း ဘယ်မှမသွားဘဲ မာမီ ပြန်လာတဲ့အထိစောင့်။ ပြီးတော့ မာမီ့ကို အကျိုး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း တီးတိုးသက်သာ ပြောပါတော့လား သမီးရယ်။ အခုတော့ သမီးက အမေကျော်ဒွေးတော် လွမ်းသလို ဖြစ်နေပြီ''

ဖေဖေ့မေးကြောတွေ တင်းလာသည်ကို ကျွန်တော် မြင်၏။

''ငါ့သူငယ်ချင်း မရှိတော့လို့ ငါ့သူငယ်ချင်းရဲ့ အိမ်ပေါ်ကို သူတစ်ပါးတက်ပြီး စော်ကားတာ၊ ငါ မကြားချင်ဘူး နေရီစိန်''

''ကျွန်မ သိပါတယ်။ ဒါ ကျွန်မတို့ အိမ်တွင်း ရေးကိစ္စ ဖြစ်သွားပြီ။ အခုလို လာပြောတဲ့အတွက် လည်း ကျေးဇူးတင်တယ်။ ကျွန်တာ ကျွန်မဘာသာ ကျွန်မ ဆက်ပြီး အရေးယူမယ်။

ပြီးတော့ ဒီကိစ္စက ကိုဟန်လှဆွေ မနက်က တည်းက ကျွန်မကို ပြောပြထားပြီးသား။ ကလေးက တစ်မျိုးထင်သွားသလား မသိဘူးတဲ့၊ စာမေးပွဲအောင် တာ ဝမ်းသာလွန်းလို့ သမီးလေးတစ်ယောက်လို သဘောထားပြီ ပြုမူမိတာတဲ့ . . .''

''ဟန်လှဆွေ ရှိသလား''

ဖေဖေ့စကားသံတွင် တုန်ယင်နေသော ဒေါသလှိုင်းတွေ ပါဝင်နေပေပြီ။





''မရှိဘူး။ ပွဲရုံသွားတယ်''

''ပြန်လာရင် ပြောလိုက်၊ သူ့သမီးပဲဖြစ်ဖြစ်၊ သူ့တူမပဲဖြစ်ဖြစ် စာမေးပွဲအောင်တဲ့အခါ သူ့လို အပြု အမူမျိုးနဲ့ ငါ ဂုဏ်ပြုမယ်လို့''

ဒေါ်နေရီစိန်၏မျက်နှာ ပျက်ယွင်းသွား၏။

''ဒီလောက်ထိ မပြောသင့်ဘူး ကိုအောင်ခန့်၊ အခု စိုးစိုးက ဘာမှဖြစ်သွားတာလည်း မဟုတ်ဘူး''

ဖေဖေက လက်ထဲမှ တုတ်ကောက်ကို တင်းကျပ်စွာ ဆုပ် ကိုင်လျက် . . .

''စိုးစိုးက ငါ့သူငယ်ချင်းရဲ့သမီး၊ ငါ့သမီးပဲ။ တင်စိုးရှိရင် ဒီလိုအပြုအမူမျိုးကို ခွင့်လွှတ်နိုင်ပါ့ မလားလို့ နင်စဉ်းစား . . .။

စိုးစိုးက နင့်သမီးအရင်း မဟုတ်တဲ့အတွက် ဒီကိစ္စကို သာမန်ထမင်းစားရေသောက်ကိစ္စလို့ နင်တွေးနေတာ ဖြစ်လိမ့်မယ်''

''ကိုအောင်ခန့် . . . ကျွန်မ စိုးစိုးကို ဘယ်သူ နဲ့မှ မစိုးရိမ်ဘူး၊ ရှင့်သားနဲ့ပဲ စိုးရိမ်တယ်။ ဒီနေ့ပဲ ကြည့်၊ နှစ်ယောက်တည်း ဟိုသွား၊ဒီသွား၊ အဲဒါကို တော့ ရှင် ဘာပြောမလဲ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မျက်နှာတစ်ခုလုံး ထူပူသွားရသည်။ မျက်လုံးထေ
ဝိုင်းသွားသော နွဲ့ယမင်းစိုးကို ကျွန်တော် လှမ်းကြည့်မိ၏။

"နေရီစိန် ...။ ငါ့မျက်နှာကို သေသေချာချာ
ကြည့်ထား။ ငါ့သားနဲ့ စိုးစိုးနဲ့ ဘာမှ မဖြစ်စေရဘူး
ငါ တာဝန်ယူတယ်။ လုံးဝ မပတ်သက်စေရဘူး"

"သေချာလို့ချည်လား"

"သေချာတယ်"

ဖေဖေ လက်မ,ထောင်လျက် ပြော၏။

"နင့်အိမ်ဝင်းထဲကနေ ငါ့သားကို အခု
ချက်ချင်း ခေါ်ထုတ်သွားမယ်။ အခုချက်ချင်း ငါတို့
အိမ်ပြောင်းမယ် နေရီစိန်"

ဖေဖေ ကျောခိုင်းသည်။ နွဲ့ယမင်းစိုး ထိုင်ရာမှ ထ,၏။

"ဘဘ"

"သမီး ... သမီးလေးကို ဘဘ ချစ်ပါတယ်
ဒါပေမဲ့ အခုချိန်က,စပြီး ဘဘကိုလည်း သမီး မခေါ်
နဲ့တော့။ သမီးကိုကိုကိုလည်း သမီး မခေါ်နဲ့တော့
ဘဘတို့ ဘယ်မှာပဲနေနေ၊ ဘယ်ကိုပဲရောက်ရောက်
သမီး လာမပတ်သက်နဲ့တော့။ သမီးဘဝကို သမီး
ဘာသာပဲ ထိန်းသိမ်းစောင့်ရှောက်ပါတော့ကွယ်။ ငါ





သမီးလေး ကံကောင်းပါစေ"

အမှန်တကယ် အပြီးအပိုင် ကျောခိုင်းထွက်ရမည် ... ဟု
မိနစ်ပိုင်းအတွင်းမှာ ကျွန်တော် သိလိုက်၏။ ဘာဖြစ်လို့လဲဆိုတော့
... ကျွန်တော့်ဖေဖေ ဦးအောင်ခန့်သည် မိမိမလုပ်နိုင်သောကိစ္စကို
ဘယ်တုန်းကမှ အလျင်စလို ပြီးစလွယ် ပြောတတ်သူမဟုတ်သော
ကြောင့် ဖြစ်၏။

အိမ်သို့ လှမ်းလျှောက်လာသည့် ခြေလှမ်းတိုင်းတွင်
ကျွန်တော် ငိုခဲ့ရသည်။

အို ... ဘုရားသခင်
ကျွန်ုပ်ပေါ်မှ
မြေဓာတ်မြက်များကို နုတ်သိမ်းပေးပါ။
လေပြင်းမုန်တိုင်းကြောင့်
ပန်းပွင့်ငယ်များ မကြွေလွင့်ပါစေနှင့်။
ဖတ်ထင်မျှ လိုက်ပါလာသော
ကံဆိုးအရိပ်များ
လွင့်ပါစေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

နောက်တစ်နေ့ မနက်မှာတော့ တိုက်ခန်းတစ်ခန်းပေါ်သို့ ဖေဖေနှင့်ကျွန်တော် ရောက်ရှိနေကြပေပြီ။

ဘဝ၏ပထမဆုံး ထိရှအက်ကွဲမှု၊ ပထမဆုံးသော ခွဲခွာခြင်း ဝေဒနာအစိုင်အခဲကို မည်သို့ အံကြိတ်ပြီး တတ်ရမည် မသိ။

ညအိပ်ရာအဝင်မှာတော့ ညီမလေး နွဲ့ယမင်းစိုးကို ကျွန်တော် သတိရနေသည်။





"မင်း မအိပ်သေးဘူးလား သား"

ပြတင်းပေါက်၏ပြင်ပ ညကို ငေးမောနေရင်းမှ ဖေဖေ့အသံ ကြားသဖြင့် ကျွန်တော် ငဲ့ကြည့်မိသည်။ မျက်လုံးတွေကို လက်ဖနောင့်ဖြင့် ပွတ်လိုက်ရ၏။

"မင်းက ဘာဖြစ်လို့ မျက်ရည်ကျနေရတာလဲ၊ ဘာကြောင့် ငိုနေရတာလဲ သား"

"ညီမလေးကို သတိရလို့ပါ ဖေဖေ။ သူလည်း သားလို ငိုနေမယ်ထင်တယ်"

"ငိုစရာမှ မဟုတ်ဘဲ သားရယ်။ ဘဝဆိုတာ ဒီလိုပဲပေါ့။ ပျော်ရာမှာမနေ တော်ရာမှာနေတဲ့။ သင့်တော်တဲ့အရပ်ကို ဖေဖေ ရွေးလိုက်တာပါ။

အဲဒီအိမ်ဝင်းထဲမှာ မနေသင့်တော့လို့၊ မနေအပ်တော့လို့ စွန့်ခွာခဲ့တာပဲကွာ။ ဆက်နေရင် ဖေဖေ လူသတ်မိလိမ့်မယ်"

"သား ဖေဖေနဲ့နေရတာ စိတ်ချမ်းသာပါတယ်၊ ဒါပေမဲ့ စိတ်ထဲမှာ ညီမလေးကို တစ်ယောက်တည်း ထားခဲ့ရသလိုပဲ ဖေဖေ။ မေမေစိန်ဆိုတာကလည်း သူ့အမေရင်းမှ မဟုတ်ဘဲ။ ပြီးတော့ . . ."

"တော်ပါတော့ သားရယ်။ သမီးလေးကို



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေလည်း ချစ်တာပဲ၊ ဖေဖေလည်း သတိရတာပဲ။
ဒါပေမဲ့ ဖေဖေတို့မှာ ပတ်သက်ပိုင်ခွင့် မရှိဘူးလေ။
ဘယ်လောက်ပဲချစ်ချစ်၊ ဘယ်လောက်ပဲ စိုးရိမ်စိုးရိမ်၊
ဖေဖေတို့က အပြင်လူတွေ ဖြစ်နေတယ်။

ကာကွယ်လေ ပြဿနာတက်လေ၊ ရှက်ဖက်
လေ အထင်လွဲခံရလေ ဖြစ်မှာပဲ။ ကြိုးစားပြီး စိတ်
ဖြေပါ သားရယ်။ မေ့ထားလိုက်စမ်းပါ"

မေ့နိုင်းသူ၏ စကားသံတုန်ယင်မှုက မေ့မရသူ ကျွန်တော့်ရင်တွင်း၌ ပို၍သတိရစေသည်။

"စိုးစိုးနဲ့ ဘယ်လိုနည်းနဲ့မှ အဆက်အသွယ်
မလုပ်ပါဘူးလို့ ဖေဖေ့ကို ကတိပေးပါလား သား"

"ကောင်းပါပြီ ဖေဖေရယ်။ စိတ်ချပါ"

ခေါင်းတစ်ချက်အညိတ်တွင် ကြမ်းပြင်ပေါ်သို့ မျက်ရည်တစ်စက် ပြုတ်ကျ၏။

❋





"နေမကောင်းဘူးလား မောင်"

ဟု သီဂီတွေး ကျွန်တော့်ကိုမေးသည်။ ကန်တော်ကြီးရေပြင်ဘက်မှ အကြည့်ကိုခွာလျက် သူ့မျက်နှာကို ကျွန်တော် ငုံ့ကြည့်လိုက်သည်။

"ကောင်းပါတယ်"

"ကောင်းတယ်သာ ပြောတယ် မောင့်မျက်နှာ
က ညှိုးနေသလိုပဲ"

"အိမ်ပြောင်းအရွှေ့ သယ်ရပိုရနဲ့ နည်းနည်း
ပင်ပန်းသွားလို့ပါ"

အဖြစ်အပျက်အမှန်ကို မပြောဖြစ်သည့်တိုင် အခြေအနေအမှန်ကို ပြောပြလိုက်ရသဖြင့် မှသား ... ဟုပင် မထင်ချင်ပေ။

"မောင်တို့သားအဖကလည်း ပြောင်းမယ့်
ပြောင်းတော့ မြန်နိုးစားကြီး၊ ဆိုင်းမဆင့် ဗုံမဆင့်။
ဘာဖြစ်လို့လဲဟင် ...။ ပြဿနာတစ်ခုခု
ဖြစ်လို့လား"

ဆိုသည့် အမေးစကားတွေ မမေးသဖြင့် တော်ပါသေး၏။

"ပြောင်းမယ်လို့ စီစဉ်ထားတာ ကြာပြီပဲ



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေရော မောင်ရော နှစ်ယောက်စလုံး မအားသေး
လို့ အားတဲ့အချိန်ကလေး ကမန်းကတန်း သယ်ရ
ပိုးရတာလေ''

တိုက်ခန်းတစ်ခန်းကို ညတွင်းချင်းအရဝယ်ဖို့ အပြေးအလွှား ရှာဖွေရသည့်အကြောင်း၊ ထိုသို့ပြောင်းရွှေ့ရသည့်မှာ ဘယ်သို့ဘယ်ပုံ ဆိုသည့်အကြောင်းတွေကို ကျွန်တော့်ချစ်သူ သီဂီထွေးအား ပြောပြ ချင်စိတ် မရှိတော့။

ချစ်သူထံပါး သူ့အနား၌ ရင်ဖွင့်ခံစားပြချင်သည်။ သို့သော် ကျွန်တော့် မချမ်းမြေ့မှုများ သူ့အား ကူးစက်သွားမှာ စိုးရိမ်၏။

ချစ်သူဘဝတွင်သာ ရှိပါသေးလျက်၊ ကျွန်တော်၏အိမ်တွင်း ရေး၊ မိသားစုအရေးတွေကို ခရေစေ့တွင်းကျ ပြောပြရင်ဖွင့်ရသည် အထိ ကျွန်တော် စိတ်မပျော့ချင်၊ ကြိတ်မှိတ်၍သာ ခံစားနေချင်သည်။ ကျွန်တော်စိတ်ညစ်သကဲ့သို့ ချစ်သူစိတ်ညစ်မည်ကို မလိုလား။

''သီဂီ''

''ပြောလေ မောင်''

''သီဂီ ခွင့်ဆယ်ရက်လောက် ယူလို့ရနိုင် မလား''

''ရမှာပေါ့။ သီဂီက ကျောင်းပျက်ရက်မှ သိပ် မရှိတာ။ ပြီးတော့ . . . ကျောင်းမှာက စာသင်စရာမှ





မလိုသေးဘဲ။ မောင် ဘာလုပ်ချင်လို့လဲ ပြောလေ''

''မောင် ခရီးသွားချင်တယ်။ သီဂီနဲ့ နှစ် ယောက်တည်း ဘုရားဖူးထွက်ချင်တယ်''

''မောင့်အလုပ်တွေကရော ပစ်ထားခဲ့လို့ ဖြစ် ပါ့မလား''

''ရပါတယ် . . .။ ဆိုင် မန်နေဂျာတွေ ရှိတာ ပဲ''

သီဂီထွေး ပြုံးသည်။ ပြုံးလျက် ကျွန်တော့်ကို ငဲ့ကြည့်၏။

''မောင်နဲ့ ဘုရားဖူး အတူသွားရမယ်ဆိုလို့ သီဂီ သိပ်ပျော်တာပဲ။ ချစ်သူသက်တမ်း လေးနှစ် ကျော်ခဲ့ပြီ၊ ဒီလိုအခွင့်အရေး တစ်ခါမှ မကြုံဖူးဘူး။ မောင့်ကို သီဂီ ကျေးဇူးတင်ပါတယ်''

ကြည့်စမ်း . . .။ သူ . . . သိပ်ပျော်သွားတာပါလား။

'မောင် စိတ်ပြေလျက်ပျောက် ခရီးထွက်တာပါ။ တစ် ယောက်တည်းဆိုရင် ပိုပြီး စိတ်လွင့်မှာစိုးလို့' ဟူသော စကားကို ကျွန်တော် မျိုသိပ်ထားရ၏။

''မောင်ရော၊ သီဂီရော အလုပ်တွေများနေ ကြတော့ အခုလို တကူးတက သွားမှ သွားဖြစ်မှာ လေ''


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကို သိင်္ဂီယုံကြည်မည်ဟု ထင်သည်။

“ဖော်ဝိတ်ကို ခေါ်ဦးမလား မောင်”

“ခေါ်မနေတော့ပါဘူး။ သူက အလုပ်တွေ ပစ်ထားခဲ့ဖို့ ပိုခက်မှာပေါ့”

ကျွန်တော့်လက်ခုံပေါ်သို့ သိင်္ဂီထွေး၏ လက်ဖဝါးလေး ကျရောက်လာသည်။ ကျွန်တော့်လက်ကို ဆုပ်ကိုင်ပြီး . . .

“နှစ်ယောက်တည်းပေါ့နော်”

ဟု သိင်္ဂီထွေး ပြောသည်။

“အင်းပေါ့”

ဟု ကျွန်တော် ပြောသည်။ လှပစွာရယ်မောသောကြောင့် သန္တာရောင်လှဲ့နေသော ချစ်သူ့ပုလဲသွယ်တန်းကို ကျွန်တော် မြင်ရ၏။

နှစ်ဦးစလုံး ကန်တော်ကြီးရေပြင်ပေါ်ရှိ ကရဝိတ်ဟိုတယ်ကြီးကို လှမ်းကြည့်မိလိုက်ကြသည်။

❊ ❊ ❊



(၁၂)

‘စိတ်ညစ်လျှင် ခရီးသွား’ . . . ဟူသော အလေ့အထကို ကျွန်တော် လက်ခံလိုက်ရသည်။

ဘုရားဖူးခရီး၊ စိတ်ပြေလက်ပျောက်ခရီးဟု ခေါင်းစဉ်တပ်ကာ ကျွန်တော်နှင့်သိင်္ဂီထွေးတို့ ရန်ကုန်နယ်နိမိတ်မှ ခွာခဲ့သည်။ သွန်စွာ ထူးဆန်းလေစွ။

ဖေဖေ့အကြောင်း၊ ဦးဦးစိုး (ဦးတင်စိုး) အကြောင်း၊ ပေါ်နေရဲ



www.burmeseclassic.com

www.burmeseclassic.com



စိန်အကြောင်း၊ ဦးဟန်လှဆွေအကြောင်း၊ ညီမလေး နွဲ့ယမင်းစိုး အကြောင်း ...စသည်ဖြင့် အကြောင်းပေါင်းစုံ၊ စိတ်ပေါင်းစုံများ ကျွန်တော့်ခေါင်းထဲတွင် ရှုပ်ယှက်ခတ်နေခဲ့ရသည်။

ညီမလေး နေမှကောင်းပါ့မလား ...။

ကျွန်တော့်ကိုများ သတိရနေမလား ...။

သူ ...တစ်ယောက်တည်းမှ နေတတ်ရဲ့လား ...။

ငိုနေမလား၊ စိတ်ညစ်နေမလား ...။

စိတ်ညစ်ညစ်ဖြင့် ထင်ရာတွေ လုပ်လေမလား၊ မေမေစိန် အပြောအဆိုက မထေမဲ့မြင် နိုင်လှချည်လား ...

စသည်ဖြင့်သော အတွေးစ,တွေ မွှာလံကြဲလျက် ကျွန်တော့် စိတ်တွေ နေရာမရ ရှိခဲ့ရသည်။

ငယ်ငယ်တုန်းကတွေ ...၊ ဟိုတုန်းက ဆိုတာတွေ ...ပြန် ပြန်တွေးပြီး ညီမလေးနွဲ့ယမင်းစိုးနှင့် တကယ်ဝေးရ၊ ခွဲရပါရော့လား ဟု ခံစားသိဖြင့် သိရသောအခါ ....ကျွန်တော် အိပ်မရတော့။

သံယောဇဉ်ဓါတ် ...ဟု ကျွန်တော် နားလည်သည်။ ကျွန်တော်တောင် ခံစားရသေးတာပဲ၊ ညီမလေးလည်း ခံစားရလိမ့် မည်ဟု ကျွန်တော် မှန်းဆမိသည်။

တစ်စုံတစ်ယောက်ကို ဖွင့်ပြောပြလျှင် စိတ်သက်သာရာ ရမည် ...ဟု ကျွန်တော်သိ၏။ ဒါပေမဲ့ ကျွန်တော့်မှာ အားနည်းချက် တစ်ခုရှိသည်။ အဲဒါကတော့ မျိုသိပ်တတ်ခြင်းပဲ ဖြစ်၏။ ထို့ကြောင့် ကိုယ့်ဖြေဆည်ရာကို ကိုယ့်ဘာသာ ရှာသည်။

ကျွန်တော် ကံကောင်းပါသည်။ ရန်ကုန်နယ်နိမိတ်မှ ခွာလျှင် ခွာခြင်း လယ်ကွင်းတွေ၊ တောင်တန်းတွေကို တွေ့မြင်လိုက်ရသည် နှင့် ကျွန်တော့်စိတ်ညစ်စရာတွေ ကွဲပြန့်သွားသကဲ့သို့ ဖြစ်၏။ ရင်ထဲမှာ အေးချမ်းစ ပြုသည်။

အနားမှာ သိင်္ဂီတွေးရှိလို့များလား ...ဟု ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်သေး၏။ သိင်္ဂီတွေးရှိနေခြင်းကြောင့် မဟုတ်ချေ။ သူ့ အလိုလို စိတ်အေးချမ်းသွားရခြင်း ဖြစ်သည်။ ထိုသို့ ကျွန်တော် ခံစားရသည်။

သေချာတာကတော့ စိတ်ညစ်လျှင် ခရီးသွား ...ဟူသော အလေ့အထကို ကျွန်တော် လက်ခံနှစ်ခြိုက်သွားခြင်းပင် ဖြစ်၏။

ကားမောင်းရင်း လယ်ကွင်း၊ ခင်တန်း၊ တောတန်း၊ တောင် သွယ်တွေကိုကြည့်ကာ စိတ်ညစ်စရာကောင်းသော ကိစ္စများကို ပြန် တွေးကြည့်သေးသည်။ စိတ်ညစ်စရာဟု မမြင်တော့။

ယောနိသော မနသိကာရ ...ဟုပင် နှလုံးသွင်း ဆင်ခြင် တတ်လေပြီလား မသိ။

*





www.burmeseclassic.com

www.burmeseclassic.com



စိတ်သာရှင်စော ဘုရားဟောတဲ့ စိတ်သာ အဓိက . . . တဲ့

ဤသည်ကို ကျွန်တော် လက်ခံပါတော့သည်။ ယုံကြည်ရတော့သည်။

စိတ်က သတိရနေသဖြင့် လူက သတိရခြင်းဖြစ်၏။ စိတ်က

ဝမ်းနည်းသဖြင့် လူက ဝမ်းနည်းရခြင်းဖြစ်၏။

စိတ်ကိုထိန်းကျောင်းရင်း စိတ်ကိုဖြေဆည်ရင်းဖြင့် ကျွန်တော်

စိတ်မညစ်နွမ်းတော့၊ မပင်ပန်းတော့။ ဘာကိုမျှ မခံစားတော့ချေ။

သူ့အကြောင်းနှင့် သူ . . . ဟု နှလုံးသွင်းဖြစ်သည်။

ဖြစ်ချင်တိုင်းလည်း မဖြစ်ရဟုသော လောကနိယာမကသာ

ကျွန်တော့်ကို ရိုးစင်းစွာ ကုစားလိုက်လေ၏။

❊





သာသနာပြုဒေသများကို ချစ်သူနှစ်ဦး အတူတကွ သွား

ရောက်ခဲ့ကြရသဖြင့် သိဂီထွေး ကြည်နူးပျော်ရွှင်ပေလိမ့်မည်။

ကျွန်တော်လည်း ကြည်နူးပါသည်။ ထို့အပြင် သာသနာ့ဝန်ဆောင်

ပုဂ္ဂိုလ်ကြီးများ၏ ဟောဖော်ညွှန်ပြချက်များက ကျွန်တော့်စိတ်ကို ပို၍

ချမ်းမြေ့စေခဲ့သည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

အရောင်းကောင်တာနံဘေးတွင် စားပွဲတစ်လုံးရှိသည်။ ထို စားပွဲပေါ်တွင် တယ်လီဖုန်းတစ်လုံးရှိသည်။ ထိုစားပွဲပေါ်တွင် စာရင်း စာအုပ်များ ထားသည်။ ကျွန်တော်မရှိလျှင် ထိုစားပွဲ၌ မန်နေဂျာ ထိုင်သည်။ ကုလားထိုင်နှစ်လုံး သုံးလုံးသာ ထား၍ရသော စားပွဲငယ် ဖြစ်၏။

ယခု ...



## အသည်းနှလုံး၏ကြေညာစာတမ်း

အရောင်းခန်းမအတွင်းသို့ ကျွန်တော်ရောက်ရှိနေပြီဖြစ် သဖြင့် မန်နေဂျာဖြစ်သူက ကျွန်တော့်ကို ခေတ္တနေရာ ဖယ်ပေးသည်။ သူ ဖယ်ပေးသောနေရာတွင် ကျွန်တော်ထိုင်သည်။ သူက အနီးရှိ ကုလားထိုင်တွင် ထိုင်၏။ အပြစ်ရှိသူတစ်ယောက်ကဲ့သို့ သူနေ၏။

ကျွန်တော့်ရှေ့တည့်တည့်တွင် စတိုးဆိုင်၏ အရောင်းစာရေးမ လေးငါးယောက်၊ ခေါင်းငုံ့လျက် ရောက်ရှိလာကြသည်။ မန်နေဂျာမှ တစ်ဆင့် အခေါ်ခိုင်းလိုက်သောကြောင့် သူတို့ငါးယောက်စလုံး မည်သည့်ပြဿနာကို ရင်ဆိုင်ဖြေရှင်းရတော့မည်ဆိုသည်ကို ခန့်မှန်း သိရှိပြီးလောက်ပြီဟု ကျွန်တော် ထင်သည်။

''မင်းတို့ငါးယောက်စလုံး ဒီစတိုးဆိုင်မှာ အလုပ်ဝင်လုပ်မယ်ဆိုတုန်းက ဆိုင်ရဲ့စည်းကမ်းချက် တွေကို သေသေချာချာ ဖတ်ကြည့်ရဲ့လား''

ခေါင်းငုံ့နေကြသေးသည်။ တုံ့ပြန်စကား မကြားရ။

''မေးနေတယ်လေ''

''ဖတ်ပါတယ်''

(သံပြိုင်အဖြေ)

''ဖတ်ပြီးရုံနဲ့ပြီးရောလား၊ ဖတ်ပြီးရင် မှတ် ထားရမယ်၊ လိုက်နာရမယ်ဆိုတာ မသိဘူးလား။ စည်းကမ်းဆိုတာ ထုတ်ပြန်ထားရင် လိုက်နာဖို့ လို



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ငါ ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေထဲမှာ မင်းတို့မလိုက်နာနိုင်အောင် ပြင်းထန်လွန်းတဲ့ စည်းကမ်းချက် ပါသလား''

''မပါ, ပါဘူး''

''မပါဘူးလည်းဆိုတယ်၊ အဲဒီစည်းကမ်းချက်တွေထဲက အရေးကြီးဆုံးတစ်ချက်ကို မင်းတို့ငါးယောက် ဖောက်ဖျက်ထားကြတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိကြသလား''

''သိပါတယ်''

ဟု အစွန်ဆုံးတစ်ယောက်က ဖြေသည်။

''ဘာဖြစ်လို့ သိတာလဲ''

''မန်နေဂျာကြီး ပြောပြလို့ပါ''

ဟု ဖြေကြ၏။

''ရှပ်အင်္ကျီ မဝတ်ရ၊ စကဒ်မဝတ်ရ၊ လည်ဟိုက်အင်္ကျီ မဝတ်ရ၊ ပါးလွှာသောအဝတ်အစား မဝတ်ရ။ အတိုချုံးပြောရရင် ငါ့ဆိုင်ထဲမှာ မလုံခြုံတဲ့ ဝတ်စားဆင်ယင်မှုမျိုး မဝတ်ရဘူးလို့ ပြောထားပြီးသား၊ ထုတ်ပြန်ပြီးသား ...။

အဲဒါကို သဘောတူလို့ မင်းတို့ အလုပ်ဝင်ခဲ့





ကြတာ မဟုတ်လား ...။ ပြောလေ''

''ဟုတ် ... ဟုတ်ပါတယ်''

''မပေါ့တပေါ့ မဝတ်လို့၊ မလုံ့တလုံ မဝတ်လို့ စကာဒ်တိုတိုလေးတွေ မဝတ်လို့ ငါ့ဆိုင်က ပစ္စည်းတစ်ခုမှ မရောင်းရဘူးဆိုရင်နေပေ့စေ၊ မရောင်းဘူး။

ဒါ ... မြန်မာပြည်၊ ရောင်းကုန်ကိုပဲ ပြရောင်းမယ်။ ဝယ်သူအပေါ်ကို လူမှုဆက်ဆံရေးနဲ့ပဲ ခေါ်ယူမယ်။ အရောင်းစာရေးမတွေရဲ့ ဝတ်စားဆင်ယင်မှုတွေနဲ့ ငါ မမြှူဆွယ်ဘူး။ အခု ... မင်းတို့ ဝတ်စားဆင်ယင်မှုတွေကို ပြန်ကြည့်စမ်း၊ ဒီဆိုင်ရဲ့ စည်းကမ်းနဲ့ ကိုက်ညီလား''

ခေါင်းကိုသာ ခါယမ်းကြသည်။

''ဝယ်သူအပေါ် မြှူဆွယ်စရာမလိုဘူး ယဉ်ကျေးမှုရှိဖို့ပဲ လိုတယ်၊ အခု မင်းတို့ဝတ်ထားတာကို ကြည့်စမ်း။

တစ်ယောက်က စကာဒ်နဲ့၊ တစ်ယောက်က လည်ဟိုက်နဲ့၊ တစ်ယောက်က ရှပ်အင်္ကျီနဲ့၊ တစ်ယောက်က ...''

အင်္ကျီစ ပါးလှပ်စွာ ဝတ်ဆင်ထားသူကို ရည်ညွှန်းပြီးသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော့်ပါးစပ်က ဆက်မပြောချင်တော့။

"မင်းတို့တွေ ဒီလို ဝတ်စားဆင်ယင်ချင်တယ် ဆိုရင် ဒီလိုဝတ်စားဆင်ယင်ခွင့်ပြုတဲ့၊ ဒီလိုဝတ်စား ဆင်ယင်မှ ရောင်းရမယ်လို့ လက်ခံတဲ့နေရာတွေမှာ သွားလုပ်သင့်တယ်။ ဘယ့်နှယ့်လဲ၊ မင်းတို့ အလုပ် ပြောင်းကြမလား"

အလုပ်ထွက်တော့၊ အလုပ်ထွက်ကြမလား စသော နိုင့်ထက် စီးနင်းရာကျမည့်စကားကို ကျွန်တော် မပြောရက်။ ထို့ကြောင့် 'အလုပ် ပြောင်းကြမလား' ဟု ဖော့လျော့စွာ ကျွန်တော် ပြောရ၏။

"ကျွန်မတို့ ဒီမှာပဲ လုပ်ချင်ပါတယ်"

"ဟုတ်ပါတယ်၊ သမီးတို့ နောက်ကို ဒီလို မဖြစ်စေရပါဘူး"

မန်နေဂျာကို ကျွန်တော် တစ်ချက်ငဲ့ကြည့်သည်။

"သူတို့ ဒီအဝတ်အစားမျိုးဝတ်တာ ဘယ် နှစ်ရက်ရှိသွားပြီလဲ၊ မန်နေဂျာကြီး"

"သုံးရက်"

"ခင်ဗျားက မပြောဘူးလား၊ မတားဘူးလား"

"ပြောပါတယ်။ ဒါပေမဲ့ သူတို့က ဆရာ ပြန် လာဦးမှာ မဟုတ်ပါဘူးတဲ့။ လုံလုံခြုံခြုံဝတ်ရတာ





အိုက်လို့တဲ့"

ကျွန်တော် ဒေါသဖြစ်နေခြင်းမဟုတ်ဟု ကိုယ့်ကိုယ်ကိုယ် သိ၏။ သောကဟုပင် ထင်ချင်သည်။

"မင်းတို့ အိမ်ပြန်ကြတော့ . . ."

ပြောပြီး၊ ကျွန်တော် ထိုင်ရာမှထသည်။

"ဆရာ"

ကောင်မလေးတစ်ယောက်က ကျွန်တော့်ကို ခေါ်သည်။

"ဆရာ . . . လို့ မခေါ်နဲ့၊ ဒီမှာ . . . ဒီနေရာမှာ ဆရာတပည့်အလုပ်ရှင် အလုပ်သမား ခွဲခြားတဲ့ ဝေါဟာရ မရှိဘူး။ မင်းတို့ကို ငါ ဘာပညာမှ သင်မပေး မထားဘူး။ ငါ့ကို ဆရာလို့ မခေါ်နဲ့"

"ကျွန်မတို့ မှားပါတယ်၊ ကျွန်မတို့ အလုပ် မထွက်ပါရစေနဲ့၊ နောက်ကို မဖြစ်စေရပါဘူး။ ဒါမျိုး . . . မဖြစ်စေရပါဘူး"

"မင်းတို့ကို ငါ အလုပ်မထုတ်ပါဘူး၊ အိမ်ပြန် ခိုင်းတာ။ ဒီနေ့အဖို့ ဒီဆိုင်ထဲမှာ မင်းတို့ကို မရှိစေ ချင်တာ။ ငါ့ဆိုင်က ဖက်ရှင်ပြပွဲ မဟုတ်ဘူး။ ဈေး ရောင်းတဲ့နေရာ၊ ပစ္စည်းရဲ့တန်ဖိုးကို ပါးစပ်က ပြော ပြီး လူရဲ့တန်ဖိုးကို ယဉ်ကျေးပျူငှာမှုနဲ့ ပြတဲ့နေရာ။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ထမင်းဘူးတွေယူ အိမ်ပြန်တော့ ...။ မနက်ဖြန် အလုပ်ပြန်ဆင်း၊ နောက်တစ်ခါဆိုရင် ဘာလုပ်မယ် ညာလုပ်မယ်၊ ငါ မခြိမ်းခြောက်ဘူး။

အခု ငါပြောတဲ့စကားတွေက အလုပ်ရှင်က အလုပ်သမားတွေအပေါ် ချိုးနှိမ်ဖိနှိပ်ပြီး အပြစ်မရှိ အပြစ်ရှာတယ်လို့ ယူဆရင်၊ မင်းတို့ ... ဒီကို ဘယ်တော့မှ မလာနဲ့တော့''

''ကျွန်မတို့ နားလည်ပါတယ်။ ဦး ... ပြန်မရောက်သေးဘူး အောက်မေ့လို့ ဝတ်လာမိကြတာပါ။ ကျွန်မတို့အပြစ်ကို ကျွန်မတို့ ဝန်ခံပါတယ်။ ဦးရဲ့ စေတနာကိုလည်း နားလည်ပါတယ်''

''စေတနာကို နားလည်တယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မင်းတို့တွေက ငါ့နှမအရွယ်တွေ။ အဲဒီတော့ အစ်ကိုတစ်ယောက်က ပြောသင့်တယ်ထင်တဲ့စကားကို ပြောလိုက်ဦးမယ်။

မင်းတို့အကုန်လုံး မြန်မာတစ်ပြည်လုံးမှာရှိတဲ့ မိန်းကလေးတွေ အကုန်လုံးကို မြင်ရ၊ တွေ့ရတဲ့ လူတိုင်းက စော်ကားမော်ကားပြုချင်အောင် လုပ်တဲ့ မိန်းကလေးမျိုးတွေ မဖြစ်စေချင်ဘူး။





မျက်နှာကို မြင်လိုက်ရတာနဲ့ မြင်ရသူတွေရဲ့ ရင်ထဲမှာ အေးချမ်းသွားတဲ့ ကြာနွေရှင်မိန်းကလေးမျိုးတွေ ဖြစ်စေချင်တယ်။

ကြာနွေရှင်မိန်းကလေးတိုင်းဟာ လုံလုံခြုံခြုံ၊ ယဉ်ယဉ်ကျေးကျေးနဲ့ အမြဲတမ်းလှပနေကြတယ်။ မြင်တွေ့တဲ့သူရဲ့ ရင်ထဲမှာ ဆူပွက်လာအောင် ဝတ်ဆင်နေထိုင်တဲ့ ဓလေ့စရိုက်က မြန်မာဓလေ့စရိုက် မဟုတ်ဘူး။

အဲဒီ့ ဓလေ့စရိုက်က အနောက်နိုင်ငံတွေရဲ့ ဓလေ့စရိုက်၊ အနောက်နိုင်ငံတွေရဲ့ စီးပွားရေးစနစ် အရ ပေါ်ပေါက်လာတဲ့ ငွေရှာလွယ်တဲ့ ဝတ်စားဆင်ယဉ်မှုပဲ။

တို့မြန်မာပြည်က ဘာသာယဉ်ကျေးမှုကို အလုံခြုံဆုံး ထိန်းသိမ်းထားတဲ့ နိုင်ငံလေ၊ အဲဒါကို မင်းတို့ မေ့နေကြသလား''

''မမေ့ပါဘူး''

''အေး ... သတိလက်လွတ် ဖြစ်သွားတယ်လို့ပဲ ငါ ယူဆပါတယ်။ မနက်ဖြန် စည်းကမ်းအတိုင်း ဝတ်လာကြ။ ဟိုမှာကြည့်စမ်း''



www.burmeseclassic.com

www.burmeseclassic.com



အခြားကောင်တာတွင် ရောင်းချနေကြသော ကျွန်တော့်ဆိုင်
အရောင်းစာရေးမလေးများကို ကျွန်တော် ညွှန်ပြသည်။ ကျွန်တော်
ညွှန်ပြရာသို့ ငဲ့ကြည့်ကြ၏။

"သူတို့ ထိုင်မသိမ်းအင်္ကျီ ဝတ်လာကြ
သလား"

ခေါင်းခါ၏။

"ပင်နီအင်္ကျီတို့ ယောထဘီတို့ ချိတ်လုံချည်
တို့ ဝတ်လာကြသလား"

ခေါင်းခါကြသည်။

"ရှန်းမွိုင်းတို့၊ ပါတိတ်တို့၊ တက်ထရွန်တို့
ဝတ်ထားကြတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"အေး ... အဲဒါပဲ။ အားလုံးဟာ ခေတ်မီ
နေကြတယ်။ မင်းတို့လည်း ခေတ်မီရမယ်။ ခေတ်မီ
အောင် ဝတ်ဆင်ရမယ်။

ဒါပေမဲ့ ခေတ်မဆန်နဲ့၊ ခေတ်မဆန်နဲ့ဆိုတာ
က ခေတ်ရေစီးကြောင်းကို ဆန်မတက်နဲ့လို့ ပြော
တာ။ ခေတ်ရှေ့ကို မကျော်သွားနဲ့လို့ ပြောတာ။

ခေတ်ရေစီးနဲ့ အမီလိုက်ရမှာပဲ။ ဒါပေမဲ့





မင်းတို့နေထိုင်တဲ့နေရာဟာ မြန်မာပြည်။ မြန်မာပြည်
ဆိုတာ ရင်ထဲမှာ အမြဲတမ်း ထည့်ထား။

ပြောလက်စနဲ့ ဆက်ပြောလိုက်ဦးမယ်။ ဒီမှာ
က တံခါးဖွင့်စီးပွားရေးစနစ်အရ နိုင်ငံခြားသားတွေ
ဝင်ထွက်နေကြပြီ။

နိုင်ငံခြားသားတွေက မြန်မာဆိုတာ ဘယ်ဟာ
လဲလို့ ရှာဖွေနေဖို့ မလိုအောင် နေရမယ်။ မြန်မာ့
ဝတ်စားဆင်ယင်မှုက ငါတို့နိုင်ငံတွေလိုပါပဲလားလို့
တွေးသွားရင် ဘယ်လောက်ရှက်ဖို့ကောင်းလဲ။

အမျိုးသားဝတ်စုံကြီး တကူးတက ဝတ်ပြနေ
ဖို့ မလိုဘူး။ မြန်မာတွေက လုံလုံခြုံခြုံနဲ့ လှပနေ
တယ်။ ကျက်သရေရှိတယ်ဆိုတာမျိုးပဲ ဖြစ်စေချင်
တယ်။ ဘယ်နှယ့်လဲ ငါပြောတာကို သဘောပေါက်
ရဲ့လား"

"ပေါက်ပါတယ်"

"ပေါက်ရင် ပြန်ကြတော့"

ဦးခေါင်းတွေ ကိုယ်စီငုံ့လျက် ထွက်ခွာသွားကြသည်။
ကျွန်တော် ပြန်ထိုင်လိုက်၏။ အတန်ကြာမှ ...

"မန်နေဂျာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဆရာ"

"ကျွန်တော် ဘာဝတ်ထားသလဲ"

"ဗျာ"

"ဩော် . . . ကျွန်တော် လုံချည်ဝတ်ထားသလား၊ ဘောင်းဘီရှည် ဝတ်ထားသလားလို့ မေးတာ"

"အင်း . . . ဘောင်းဘီရှည်ဝတ်ထားတယ်လေ"

"ဘောင်းဘီရှည်ဆိုတာ ဥရောပအဝတ်အစားဗျ။ ကျွန်တော် ကောင်မလေးတွေကိုပြောလိုက်တဲ့ ကျွန်တော့်စိတ်ဆန္ဒတွေနဲ့ ကျွန်တော့်ဝတ်စားဆင်ယင်မှုနဲ့ လိုက်ဖက်ရဲ့လား"

"လိုက်ဖက်ပါတယ်"

"ဘာလို့ လိုက်ဖက်တာလဲ"

"ဆရာ့ဝတ်ဆင်မှုက ခေတ်မီတာပဲ၊ သူတို့ကို ပြောတာက သူတို့ရဲ့ ကာယိန္ဒြေအတွက် ပြောတာပဲ"

"သူတို့အတွက်တင် ပြောတာမဟုတ်ဘူးဗျ မြန်မာအမျိုးသမီးတွေ အကုန်လုံးအတွက် ကျွန်တော် ပြောတာ။ အဲဒါကို သူတို့သိပါ့မလား"





"သိမှာပါ။ သူတို့လည်း ခေတ်မီတဲ့ မိန်းကလေး တွေပဲဟာ"

ကျွန်တော် ရယ်မောသည်။

"ကြိုက်တယ်။ အဲဒီ ခေတ်မီတယ်ဆိုတဲ့ စကားလုံးကို ကျွန်တော် ကြိုက်တယ်၊ လူဆိုတာ ခေတ်မီနေရမယ်။ အတွေးအခေါ်တွေ၊ စိတ်ဓာတ်တွေ၊ ဝတ်စားဆင်ယဉ်မှုတွေ . . . အားလုံးခေတ်မီနေမှ ဖြစ်မယ်၊ ခေတ်မမီရင် ခေတ်က လူကို လှည့်စားသွားလိမ့်မယ်"

မန်နေဂျာ ဦးမြင့်ကြည်က 'ဟုတ်တယ်၊ ဟုတ်တယ်' ဟု ခေါင်းတညိတ်ညိတ်ဖြင့် ပြော၏။

"ကဲ . . . ကျွန်တော် ဖေဖေ့ပွဲရုံဘက် သွားလိုက်ဦးမယ်။ ညကျမှ အိမ်မှာ စာရင်းလာအပ်လိုက်ပေါ့။ ဒီကကောင်မလေးတွေကိုလည်း ကိုယ့်သားသမီးတွေလိုပဲ သွန်သင်ပါဗျာ။ အခက်အခဲရှိရင်လည်း ပြောပေါ့။ ကျွန်တော့်အသက်အရွယ်နဲ့ ဆရာကြီးအိုက်တင် ဖမ်းပြီး ကျွန်တော် ဘယ်သူ့ကိုမှ ဆရာ မလုပ်ချင်ဘူး။

ခုနက ကောင်မလေးတွေကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြောသာပြောလိုက်ရတယ်၊ အားတော့အနားသာ
အလုပ်ရှင်ပီပီ လေလုံးထွားတယ်လို့တော့င် ထင်ကြ
မလား မသိဘူး''

''ထင်မှာ မဟုတ်ပါဘူး''

ဟု မန်နေဂျာကြီးပြောသည်။ ကျွန်တော် ခေါင်းညိတ်ပါ





'အရေးပေါ်လူနာများ' ဟူသော ဖတ်ခဲ့ဖူးသည့် ကဗျာ
တစ်ပုဒ်ကို သတိရမိသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ခေတ်မီချင်ပါ
သည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

ပြောသာပြောလိုက်ရတယ်၊ အားတော့အနားသား
အလုပ်ရှင်ပီပီ လေလုံးထွားတယ်လို့တော့င် ထင်ကြ
မလား မသိဘူး''

''ထင်မှာ မဟုတ်ပါဘူး''

ဟု မန်နေဂျာကြီးပြောသည်။ ကျွန်တော် ခေါင်းညိတ်





'အရေးပေါ်လူနာများ' ဟူသော ဖတ်ခဲ့ဖူးသည့် ကဗျာ
တစ်ပုဒ်ကို သတိရမိသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ခေတ်မီချင်ပါ
သည်။

❋ ❋ ❋


www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

"ဟန်းနီးမွန်းထွက်ကြတယ်လို့ ပြောရအောင် ကလည်း မင်းတို့နှစ်ယောက်က ဟန်းနီးမမွန်းနိုင် သေးတဲ့ စုံတွဲ။ ပြောစမ်းပါဦး သိင်္ဂီထွေး၊ နင်တို့နှစ် ယောက် တကယ်ဘုရားဖူးသွားကြတာလား"

ဇော်ဝိတ်စကားကြောင့် သိင်္ဂီထွေး ရှက်ပြုံးပြုံး၏၊ ကျွန်တော် ရယ်ချင်သည်။





"ပြောလေဟာ ..."

"ဘာပြောရမှာလဲ၊ ဘုရားဖူးသွားတာပဲဟာ"

"သေချာတယ်ပေါ့"

သိင်္ဂီထွေး ရယ်သည်။ ကျွန်တော်က ...

"ဘုရားဖူးသွားပါတယ်ဆို၊ မင်းကို လိမ်ပါ့မလားကွ။ တခြားသွားတယ်ဆိုရင်လည်း မင်းကို လိမ်ပြောစရာအကြောင်း မရှိပါဘူး"

"မသိဘူးလေကွာ၊ မင်းတို့နှစ်ယောက်က ကောက်ကာငင်ကာ သွားကြတာကိုး။ တကယ်လို့ ကြိုကြိုတင်တင်ပြောရင် ငါပါ လိုက်လို့ရတာပေါ့။ အခုတော့ ငါ့ကို ဘုရားဖူးသွားကြတယ်လို့ လိမ်ပြော ပြီး တခြားကိုသွားတယ်လို့ ထင်စရာဖြစ်တာပေါ့"

"မထင်ပါနဲ့ ဇော်ဝိတ်ရာ။ မင်း ... ငရဲကြီး ပါ့မယ်၊ ငါတို့နှစ်ယောက် တကယ်ဘုရားဖူးကြတာပါ။ ကျိုက်ထီးရိုးလည်း ရောက်ခဲ့တယ်။ မြသပိတ်တောင် လည်း ရောက်ခဲ့တယ်။ သာမညတောင်လည်း ရောက်ခဲ့တယ်။ အစုံပဲ"

ဇော်ဝိတ်က ...

"ကဲပါ ယုံပါပြီ၊ တော်ကြာ ငါ မယုံသေးရင်



www.burmeseclassic.com

www.burmeseclassic.com



မင်းပါးစပ်ကက မြန်မာပြည်အနှံ့က ဘုရားတွေ
စေတီတွေရဲ့နာမည်ကို တောက်လျှောက် ရွတ်ပြနေ
ဦးမယ်''

ထိုစကားကြောင့် သီဂီထွေးပါ ရော၍ ရယ်လေ၏။

''သီဂီထွေး၊ နင့်အိမ်က ဒီကောင်နဲ့ ဆယ့်
လေးငါးရက်ခရီးရှည်ထွက်တာကို ခွင့်ပြုတာပဲလား''

သီဂီထွေးက ...

''မောင်နဲ့သွားမယ်လို့တော့ ငါ ဘယ်ပြောမယ်
ဟုတ်။ ဒွာနက သူငယ်ချင်းတွေနဲ့ သွားတယ်လို့ ပြော
တာပေါ့''

''သြော် ... အချစ်ဆိုတာ ကျောင်းသရာ
ပင် ဖြစ်လင့်ကစား မိဘအပေါ် မုသာဝါဒစကားတွေ
ပြောတတ်စေပါကလားနော်''

''ဇော်ဝိတ်''

ဟု ကျွန်တော် ခေါ်လိုက်သည်။

''ဘာလဲ''

''မင်းကို၊ အလုပ်ကိစ္စ ပြောစရာရှိတယ်''

''စကားလွှဲတာ မဟုတ်ပါဘူးနော်''

''မဟုတ်ပါဘူးကွာ''





''မဟုတ်ရင် ပြော''

''အနော်ရထာလမ်းပေါ်မှာ ငါ ဟော်ဆိုင်တစ်ခု
ထပ်ဖွင့်ချင်တယ်''

''မင်း ... နိုင်ပါ့မလား။ သိမ်ကြီးဈေးပေါ်မှာ
တင် ဆိုင်ခွဲငါးခု''

''နိုင်ပါတယ်။ မင်း သဘောတူရင် အနော်
ရထာလမ်းပေါ်မှာ နောက်ထပ်တစ်ဆိုင် ထပ်တိုးမလို့''

''ငါ သဘောမတူစရာ မရှိပါဘူး။ မင်းနိုင်ရင်
လုပ်ပေါ့။ မင်း အလုပ်ပိမှာပဲ စိုးတာ''

''အလုပ်ပိလို့ သေတဲ့သူ မရှိနိုင်ပါဘူးကွာ''

''အလုပ်ပိလို့ မသေပေမယ့် အလုပ်တွေ မနိုင်
မနင်းဖြစ်ပြီး ရူးသွားတဲ့သူတွေတော့ ရှိတယ်ကွ။
ဘာလဲ မင်းက စီးပွားတွေ အရမ်းရှာနေတာ၊
တကယ့် ဟန်းနီးမွန်း ထွက်ချင်နေပြီလား''

သီဂီထွေးက ဇော်ဝိတ်ကို လှမ်းရိုက်၏။

''စီးပွားရေးဆိုတာ ငယ်ရွယ်တုန်းရှာရ
တယ်တဲ့။ ငါ့အဖေ ငါ့ကို သင်ပေးထားတယ်။ လူ
တစ်ယောက်ဟာ အသက်လေးဆယ်လောက်မှာ
လုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်နေသင့်တယ် ...

တဲ့။

အဲဒီ့အရွယ်ရောက်မှ လုပ်ငန်းရှင်ကြီး မဖြစ်ဘဲ၊ ထမင်းစားရုံ ရှာဖွေရသေးတယ်ဆိုရင် အဲဒီ့လူအတွက်ရော မိသားစုအတွက်ရော သူ့ရဲ့ နောင်လာနောက်သားတွေအတွက်ရော လုံးဝ အခြေအနေမကောင်းဘူးတဲ့။ အဲဒါကြောင့် ငယ်ရွယ်တုန်းမှာ စီးပွားကို ရှာနိုင်သမျှ ရှာသင့်တယ်တဲ့"

"ဒါဆို မိန်းမယူဖို့ စီးပွားရှာတာ မဟုတ်ဘူးပေါ့"

"မိန်းမယူဖို့တစ်ခုတည်းအတွက် ဆိုရင်၊ ငါ အခုချက်ချင်း ယူလို့ရနေပြီပဲ။ ဘာအတွက်ပဲ ဖြစ်ဖြစ်ပေါ့၊ ငွေဆိုတာကို တရားသဖြင့်သောနည်းနဲ့ ရနိုင်သမျှရှာထားလေ ကောင်းလေပဲ၊ ငွေများများရှိတော့ လှူချင်တန်းချင်ရင်တောင် များများလှူနိုင်တာပေါ့"

"သာဓုတောင် ခေါ်ချင်လာပြီ"

ဟု ဇော်ဝိတ် ပြောသည်။ ပြီးမှ စကားဆက်၏။

"မင်းလုပ်ချင်တာ လုပ်ပါ၊ ငါ သဘောတူပါတယ်။ မင်းပြောသလိုပဲ များများရတော့ များများလှူနိုင်တာပေါ့။ အင်း . . . စီးပွားရေးနဲ့မဆိုင်တဲ့ ကိစ္စ





တစ်ခုတော့ မင်းနဲ့သိဂီတွေးကို ငါ မေးချင်တယ်"

"ဘာမေးမှာလဲ"

ဟု သိဂီတွေး ဝင်ပြောသည်။

"တခြားမဟုတ်ပါဘူး။ မင်းတို့နှစ်ယောက်က ဘယ်တော့ လက်ထပ်ကြမှာလဲ"

သိဂီတွေး မျက်ခုံးတွန့်သည်။

"ဇော်ဝိတ်ကလည်း ဘာမှန်းလည်းမသိဘူး"

"ဟဲ့၊ ဒါ . . . ရှက်စရာစကား မဟုတ်ဘူး။ နင်တို့နှစ်ယောက်စလုံး ကလေးတွေ မဟုတ်ကြတော့ဘူး။ အဲဒီလို လွတ်လွတ်လပ်လပ်နေနေကြတာ ပျော်စရာတော့ ကောင်းတာပေါ့။

ဒါပေမဲ့ . . . ဘယ်လိုအခြေအနေ၊ ဘယ်လိုအချိန်အခါမှာ လက်ထပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်တော့ ထားသင့်ပြီ။ ရည်းစားသက်တမ်းပဲ လေးနှစ်ကျော်ပြီ"

ကျွန်တော်က . . .

"ငါ သိဂီ့ကို တောင်းဆိုဖူးပါတယ်။ ဒါပေမဲ့ သိဂီက စောပါသေးတယ်တဲ့"

"အင်းလေ . . . စောသေးတယ် ပြောမှာပေါ့။

www.burmeseclassic.com



ဆံပင်ဖြူမှ မပေါက်သေးဘဲ"

ဟု ဇော်ဝိတ်ပြော၏။ သိင်္ဂီထွေးက . . .

"ငါ့မှာ ချစ်သူရှိတယ်ဆိုတာလောက်ပဲ အိမ်က သိတာဟ။ ဘယ်သူဘယ်ဝါဆိုတာ မသိကြသေးဘူး။ ငါကလည်း အသိမပေးချင်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ရှက်လို့"

"အေး . . . ရှက်ရှက်၊ နင်တို့အပျိုကြီးတွေက ရှက်နေတာနဲ့ပဲ အချိန်ကုန်သွားလိမ့်မယ်။ ငါ့အယူအဆပြောရရင် ချစ်သူသက်တမ်းဆိုတာ သုံးနှစ်လောက်ထက် ပိုပြီး မရှည်ကြာသင့်ဘူး"

"ဘာဖြစ်လို့လဲ"

ဟု ကျွန်တော်မေးသည်။

"အပြစ်တွေ မြင်လာတတ်တယ်။ ပြဿနာဆိုကာမျိုးတွေ ဝင်လာတတ်တယ်။ ရိုးရိုးပြောရရင် တစ်ယောက်နဲ့တစ်ယောက် ရိုးအီသွားတတ်တယ်"

"ကြာလာလေ ပိုချစ်လာလေ ဆိုတာရော မဖြစ်နိုင်ဘူးလား"

"လက်ထပ်ပြီးရင်တော့ မင်းပြောတာ ဖြစ်နိုင်





တယ်။ လက်မထပ်သေးဘဲ ချစ်သူဘဝနဲ့ အကြာကြီးနေရင် ခေါ်တာ,ပြောတာကအစ အရင်းအနှီးလွန်ပြီး ပိုလို့တောင် သူစိမ်းဆန်သွားတတ်တယ်။ အထူးသဖြင့် ယောက်ျားလေးဘက်က စကားအပြောအဆို မောက်မာလာတတ်တယ်"

"မင်းကလည်း ကြာနေသလိုလိုနဲ့ ငါ့ဘက်ကို ဆော်လိုက်ပြန်ပြီ"

ဇော်ဝိတ်ရယ်၏။

"မင်းကို မရည်ညွှန်းပါဘူး။ များသောအားဖြင့် ဖြစ်တတ်တာကို ပြောတာပါ။ အချစ်ရေ . . အသည်းရေ . . . ခေါ်ဝေါ်လာတာ နှစ်နှစ်ချိုပြီး ကြာလာတော့ ယောက်ျားလေးတွေက စကားပြောရင်း မင်းတို့ နင်တို့ လွှတ်ခနဲ, လွှတ်ခနဲ သုံးနှုန်းလာတတ်ကြတယ်။ အချစ်ကလည်းကွာ၊ ဘာ . . . ညာ ပြောလာတဲ့ကောင်က နောက်တော့ မင်းကလည်းကွာ ဆိုတာမျိုး သုံးလာတတ်ကြတယ်"

သိင်္ဂီထွေး ရယ်၏။ ကျွန်တော် မရယ်ဖြစ်၊ နားစိုက်ထောင်သည်။

"အိမ်ထောင်ပြု၊ လက်ထပ်ပြီးလို့ အပြော



www.burmeseclassic.com

www.burmeseclassic.com

အဆို အခေါ်အဝေါ် ပြောင်းတာ ကိစ္စမရှိပါဘူးလေ။ တရားဝင်လက်ထပ်ပြီးသားဆိုတော့ အပြောအဆို ပြောင်းခဲ့ပေမယ့် အခြေအနေပြောင်းဖို့ မလွယ်ဘူး။ လူပျိုပြန်မဖြစ်နိုင်တော့ဘူး။

လက်မထပ်ရသေးဘဲနဲ့ အပြောအဆို အခေါ် အဝေါ်ပြောင်းလာတယ်ဆိုရင် အခြေအနေကိုလည်း ပြောင်းဖို့လွယ်နေတယ်။ အဲဒီတော့ မိန်းကလေးဘက်က နစ်နာတယ်။ အနည်းဆုံး ရည်းစားပျက်ဘဝ တော့ ရောက်သွားရတော့တာပဲ''

''သိင်္ဂီ''

''ပြောလေ . . . မောင်''

''ဇော်ဝိတ်ပြောသလို မောင် . . . တစ်ခုခု ပြောင်းလဲနေပြီလားဟင်''

''မပြောင်းလဲပါဘူး''

''မင်းကို ပြောင်းလဲနေတယ်လို့ ငါပြောတာ မဟုတ်ဘူး ကျေးဇူးရှင်ရဲ့။ ဒေါ်သိင်္ဂီထွေး ကျူပ်က ခင်ဗျားဘက်က လိုက်ပြောနေတာ။ အခုတော့ ခင်ဗျားတို့နှစ်ယောက်က တော်တော့်ကို စည်းလုံးနေ ကြတာပဲ''





နှစ်ယောက်သား ရယ်ကြသည်။ ပြီးမှ သိင်္ဂီထွေးက . . .

''ကဲပါ ဇော်ဝိတ်ရယ်။ ငါတို့နှစ်ယောက် အတွက် ဘာမှမပူနဲ့။ မောင်နဲ့ငါနဲ့က သွားရင်းလာရင်း တွေ့ကြုံနှစ်သက်ခဲ့တဲ့ ချစ်သူမျိုးမှ မဟုတ်ဘဲ။

ငယ်သူငယ်ချင်း ကျောင်းနေဘက်တွေလေ။ မောင့်ကို ငါ စိတ်ချပါတယ်၊ မောင် . . . တစ်ခုခုသစ္စာ ဖောက်ရင်တောင် နင် ငြိမ်နေမှာ မဟုတ်ဘူးဆိုတာ လည်း ငါသိပါတယ်။

အခု . . . ငါကိုယ်တိုင်ကိုက အိမ်ထောင်မပြု ချင်သေးတာပါ။ အိမ်ထောင်တစ်ခု ထူထောင်ဖို့ ဘာမှလိုလေသေးမရှိအောင် မောင်ရော ငါရော ကြိုး ပမ်းရှာဖွေနေချင်သေးလို့ပါ''

ဇော်ဝိတ် ငြိမ်သွား၏။ ကျွန်တော်က . . .

''အဲဒါတွေ ဒီကောင် သိမှာမဟုတ်ဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ သူ့မှာ သူတစ်ပါးတွေလို ရည်းစား မှ မရှိဘဲ''

ဇော်ဝိတ် ကျွန်တော့်ကို အသံတိတ် မေတ္တာပို့၏။ ကျွန်တော် တို့နှစ်ယောက် ဝိုင်းရယ်ကြသည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

"ညှိသည်တွေလာတယ်"

ဟု ဖေဖေပြောသည်။ 'ဘယ်သူတွေပါလိမ့်' ဟု ကျွန်တော် မှန်းဆမေး မေးသည်။

"စတိုးဆိုင်က ကောင်မလေးတွေလို့ ပြောတာပဲ"

ဟု ဖေဖေပြောသည်။ ကျွန်တော် ဇဝေဇဝါဖြစ်ရ၏။





ကျွန်တော်နေထိုင်ရာ တိုက်ခန်းကို ဆိုင်မန်နေဂျာများသာ အဝင်အထွက်ပြုကြသည်။ ဆိုင်၏အရောင်းဝန်ထမ်းများ သွားလာဝင်ထွက်ဖူးခြင်း မရှိခဲ့။

ညှိခန်းရှိရာသို့ ကျွန်တော် ထွက်ခဲ့သည်။

ညှိခန်းတွင်ထိုင်နေသော ကောင်မလေးငါးယောက်ကို တွေ့၏။ ထိုကောင်မလေးများမှာ မနေ့က ကျွန်တော် အိမ်ပြန်နိုင်းလိုက်သော ကောင်မလေးများ ဖြစ်ကြသည်။ 'ဘာကိစ္စရှိလို့လဲ' ဟု မေးဖို့ ခက်ခဲစွာဖြင့် သူတို့၏ရှေ့တည့်တည့်တွင် ကျွန်တော် ထိုင်လိုက်၏။

စားပွဲပေါ်တွင်တင်ထားသော ထမင်းချိုင့်ကလေးများကို တစ်ချက်ကြည့်ပြီး ကျွန်တော်က . . .

"မင်းတို့ ဆိုင်မသွားကြသေးဘူးလား၊ ကိုး နာရီထိုးတော့မယ်လေ"

မျက်နှာသွယ်သွယ် ဆံပင်ရှည်ရှည်နှင့် ကောင်မလေးက . .

"ကျွန်မတို့ဆိုင်က လာတာပါ။ ဦးမင်းခန့်ညားကို ကျွန်မတို့ လာကန်တော့တာ"

ထမင်းချိုင့်လေးတွေနှင့်အတူ ရှိနေသော အထုပ်တစ်ထုပ်ကို ယခုမှ ကျွန်တော် သတိပြုမိ၏။

"ကန်တော့စရာ မလိုပါဘူး၊ အလုပ်ပြန်ဆင်းကြ။ ကောင်းကောင်းမွန်မွန်နေကြ၊ ပြီးရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဘိုတိုနှင့် ကောင်မလေးက ...

"မဟုတ်ဘူး ... ဦး။ အလုပ်ပြန်ဆင်းခွင့်ရလို့ လာကန်တော့တာမျိုး မဟုတ်ဘူး။ မနေ့က ဦး ... ဆုံးမလိုက်တဲ့စကားတွေကို သမီးတို့အိမ်မှာ ပြန်ပြောပြဖြစ်တယ်။ ဦး ... ပြောခဲ့တဲ့ စကားတွေဟာ သိပ်မှန်မြတ်တယ်၊ သိပ်တန်ဖိုးထားဖို့ ကောင်းတယ်တဲ့ ဖေဖေတို့ မေမေတို့က ပြောတယ်။

ဖေဖေတို့ မေမေတို့က ဦးကို အသက်ကြီးကြီး အလုပ်ရှင်ကြီးလို့ ထင်နေကြတာ။ အသက်ငယ်ငယ်ပဲ ရှိသေးတယ်လို့ ပြောပြတော့ ပိုပြီး အံ့သြကြတယ်။

ဒီလို ဆုံးမပဲ့ပြင်တတ်တဲ့ ကိုယ့်အစ်ကိုကြီး အရွယ် လူတစ်ယောက်ရဲ့စေတနာကို သမီးတို့ ဘယ်လိုတုံ့ပြန်ကြမလဲ ...တဲ့။ သမီးတို့ ဦးရဲ့ စေတနာတွေကို တုံ့ပြန်တဲ့အနေနဲ့ လာကန်တော့တာပါ"

အတွင်းခန်းမှထွက်လာသော ဖေဖေက ကျွန်တော့်ကို ပါးလှပ်စွာ ပြုံးလျက် ကြည့်သည်။ ခပ်လှမ်းလှမ်းရှိ ဒရင်းဘတ်ပေါ်တွင် ထိုင်သည်။

ကျွန်တော်က ပြုံးလျက် ...



## အသည်းနှလုံး၏ကြေညာစာတမ်း

"မိဘကန်တော့ခိုင်းလို့ လာကန်တော့တာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး"

ဟု သံပြိုင်ဖြေကြသည်။

"စေတနာကို စေတနာမှန်းသိတဲ့အတွက်၊ စေတနာကို တန်ဖိုးထားတဲ့အတွက်၊ ကိုယ် ဝမ်းသာပါတယ်၊ ကျေးဇူးတင်ပါတယ်။ ကန်တော့တဲ့အထိတော့ မလုပ်ကြပါနဲ့၊ လိမ်လိမ်မာမာနေကြရင် ပြီးတာပဲ"

"ဘာပဲဖြစ်ဖြစ် ကန်တော့ပါရစေ"

အထုပ်ကြီးကို ကျွန်တော့်ရှေ့မှာချလျက် ကန်တော့ကြ၏။ ကျွန်တော့်ကိုကြည့်၍ ပြုံးနေသော ဖေဖေ့ကို ကျွန်တော် ပြုံးပြရသည်။ ပြီးနောက် ...

"ကဲ ... ဆုတွေ အများကြီးပေးချင်တယ်။ မိမိရဲ့အကျိုး မိသားစုရဲ့အကျိုး၊ လူ့လောကရဲ့အကျိုးကို လိုလိုလားလား သယ်ပိုးနိုင်တဲ့ မိန်းမကောင်း မိန်းမမြတ်များ ဖြစ်ကြပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

"အန်ကယ်ကြီးကိုလည်း သမီးတို့ ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်''

''အေးကွယ်၊ သာဓု . . . သာဓု . . . သာဓု သာ်ပေးတဲ့ဆုကိုပဲ အန်ကယ်ပေးပါတယ်''

''. . . . . . . . .''

''သမီးတို့နာမည်လေးတွေ ပြောပါဦး''

ဟု ဖေဖေမေးတော့၏။ ကျွန်တော်က . . .

''ဒီဘက်က ဆံပင်ရှည်ရှည်နဲ့ ကောင်မလေး က ယဉ်ယဉ်နုတဲ့၊ ဒီ ဆံပင်တိုတိုနဲ့ ကောင်မလေးက ခင်လေးနိုင်တဲ့။ ဒီဘက်က ကောင်မလေးက သွယ်သွယ်၊ သူက နန္ဒာထွန်း။ သူက ဆွေအေးဟန်။

သူတို့အားလုံးက ဆယ်တန်း အောင်ပြီးသား တွေ၊ ကျောင်းဖွင့်ရင် အဝေးသင်တက္ကသိုလ် တက်ကြမယ့် သူတွေလေ''

''ဩော် . . . တော်တယ်၊ တော်တယ်၊ လူတော်လေးတွေပဲ''

ကျွန်တော်က . . .

''ကိုယ်က မင်းတို့ကို ဆရာလုပ်တာ မဟုတ်ပါဘူး။ ကိုယ့်နှမသားချင်းတွေလို သဘောထားပြီး ပြောတာ။ ကိုယ်က နေရာတော်တော်များများမှာ





မိန်းကလေးတွေရဲ့ ဝတ်ပုံစားပုံတွေကို မြင်နေတွေ့နေ ရတာပဲ။

မိန်းကလေးတွေ လှကြပါတယ်။ ဒါပေမဲ့ အဲဒီအလှဟာ သူတို့ကိုပြန်ပြီး အန္တရာယ်ဖြစ်စေနိုင် တယ်ဆိုတာ မတွေးတတ်ကြဘူး။ အဲဒီလို မတွေး တတ်တဲ့အထဲမှာ မင်းတို့ ပါသွားမှာစိုးလို့ ပြောတာ ပါ''

''ကျွန်မတို့ နားလည်ပါပြီ အစတုန်းကတော့ လှချင်တာပဲ သိတယ်။ ယဉ်ကျေးမှုတို့ ဓလေ့ထုံးစံ တို့ဆိုတာတွေကို သိသလိုလိုနဲ့ ဂရုမစိုက်ဖြစ်ကြဘူး။ ဦး . . . ပြောမှ ဂရုတစိုက်တွေးဖြစ်တာပါ။ ဦးကို တကယ်ကျေးဇူးတင်ပါတယ်။ ဒီနေ့ကစပြီး ဦးကို အစ်ကိုကြီးတစ်ယောက်လို သဘောထားပါတယ်။ အမြင်မတော်တာရှိရင် ဆုံးမပါ''

ကျွန်တော် ခေါင်းတညိတ်ညိတ် နေသည်။

''ကျွန်မတို့ ဆိုင်ကို သွားတော့မယ်''

''နေဦးလေ၊ အအေးတွေ, ဘာတွေ တိုက်ဦး မှာပေါ့''

''မသောက်တော့ပါဘူး၊ ဆိုင်အရှမ်းနောက်



www.burmeseclassic.com

www.burmeseclassic.com



ကျနေမှာစိုးလို့''

ထိုင်ရာမှ ထကြသည်။ ထမင်းချိုင့်လေးတွေကို ကိုယ်စီ ထိုင်ကြသည်။ ဖေဖေနှင့်ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်သွားကြ၏။

ကောင်မလေးတွေ တိုက်ခန်း၏အောက် ကားလမ်းမသို့ ရောက်သောအခါ . . .

စားပွဲပေါ်ရှိ အထုတ်ကို မ,ယူပြီး ဖေဖေ့ရှေ့တွင် ကျွန်တော် ချသည်။

''ဖေဖေ . . . သား ဖေဖေ့ကို ကန်တော့ပါ တယ်''

ဖေဖေ့ကို ကျွန်တော် ဦးသုံးကြိမ်ချ၏။

''ဒီ . . . ကန်တော့တဲ့ပစ္စည်းဟာ ဖေဖေနဲ့ပဲ ထိုက်တန်ပါတယ်။ သားရဲ့စိတ်နှလုံးဟာ ဖေဖေ ဦးအောင်ခန့်ရဲ့ စိတ်နှလုံးပါ''

''အကုန်အကျသက်သာအောင် အကန်တော့ ခံပစ္စည်းနဲ့ ပြန်ကန်တော့တာ မဟုတ်ဘူးလား''

ဖေဖေ့ အရွှန်းစကားကြောင့် ကျွန်တော်ရယ်သည်။ ပြီး နောက် ဖေဖေက . . .

''ဒီကလေးမလေးတွေဟာ သားကို ဘာ ကြောင့် လာကန်တော့ကြတယ်ဆိုတာ ဖေဖေ





ဂဃနဏ မသိဘူး။ ဒါပေမဲ့ ဖေဖေ့သားကို လူ့ရှိသေ ရှင်ရှိသေအဖြစ် မြင်လိုက်ရလို့ ဖေဖေ ကြည်နူးမိတာ အမှန်ပဲ သား။

အဖေတူသားဖြစ်အောင်နေလို့ ဖေဖေ မဆုံးမ ဘူး သား . . .။ သား ကန်တော့တဲ့အတွက် ဖေဖေ ဆုပေးမယ်၊ အဖေထက်တော်တဲ့ သား ဖြစ်ပါစေ . . .''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဖေဖေ''

''လူ့ရှိသေ ရှင်ရှိသေဖြစ်အောင် တကူးတက ပုတီးစိပ်ပြနေဖို့ မလိုဘူးလား။ စိတ်ကောင်း နှလုံး ကောင်း၊ စေတနာကောင်းထားရင် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံးက ချစ်ခင်လေးစားကြပါလိမ့်မယ်''

''သား အမြဲတမ်း ကြိုးစားပါ့မယ် ဖေဖေ''

''အေးကွာ၊ သာဓု . . . သာဓု . . . သာဓု''

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

တစ်နှစ်အတွင်း ကျွန်တော့် စီးပွားရှာဖွေမှုသည် လွန်စွာ တိုးတက်များပြားလာခဲ့၏။ ဖေဖေကလည်း သူ့ပွဲရုံအလုပ်ဖြင့်လည်းကောင်း၊ ကျွန်တော်ကလည်း ကျွန်တော့်စတိုးဆိုင်များ၏ အလုပ်တွေဖြင့်လည်းကောင်း၊ ဂျင်ခြေလည်နေကြရသဖြင့် တစ်ခါတစ်ရံ သားအဖနှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် မတိုင်ဖြစ်ကြသည်မှာ ရက်ပေါင်းများစွာ ကြာခဲ့ရဖူးသည်။





ဈေးကွက်စီးပွားရေးစနစ်၏ လျင်မြန်သော တိုးတက်ပြောင်းလဲနှုန်းများကြောင့် ကျွန်တော့်စီးပွားရေးအမြင်သည် မျက်တောင်ခပ်မှိုင် အချိန်မရ၊ ချစ်သူကိုပင် သတိမထားရအား။ ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် ညီမလေးနှဲ့ယမင်းဖိုးကိုပင် မေ့ထားနိုင်ခဲ့သည်။ ကျွန်တော့်စတိုးဆိုင်မှ ယဉ်ယဉ်နုတို့အုပ်စု စနေ . . . တနင်္ဂနွေနေ့များအတွက် ခွင့်တောင်သည့်အချိန်တုန်းက 'သြော် . . ညီမလေးလည်း တက္ကသိုလ်တက်နေရောပေါ့' ဟုသာ တွေးဖြစ်သည်။ ကျန်သောကိစ္စများ ခေါင်းထဲသို့ မရောက်ခဲ့။

"ဆရာ"

"ပြောလေ . . . မန်နေဂျာကြီး"

"မနက်က ကောင်မလေးတစ်ယောက် ဒီကို လာတယ်"

"အင်း . . . ပြော"

"ဆရာရှိလားလို့ လာမေးတယ်၊ ဆရာ မရောက်သေးဘူးလို့ ပြောလိုက်တယ်။ သူက ဆရာ့ညီမပါတဲ့။ ဆရာ့လိပ်စာနဲ့ ဆယ်လူလာ ဖုန်းနံပါတ် တောင်းလို့ ကျွန်တော် ပေးလိုက်တယ်"

ကျွန်တော် နားစွင့်နေရင်းမှ တွက်ချက်နေသော စာရင်းဇယားများကို ရပ်တန့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတဲ့လဲ"

"အင်း ... နာမည်ပြောသွားတယ်၊ နွဲ့ယမင်းစိုးတဲ့"

"ဟာ"

ကျွန်တော့်မျက်နှာ ရှုံ့မဲ့လိုက်မိသည်။

"ဟို သူ၊ သူက ဆရာ့ညီမလို့ ပြောလို့ ကျွန်တော် လိပ်စာပေးလိုက်တာပါ၊ ဆယ်လူလာ ဖုန်းနံပါတ်ကိုလည်း သူ တောင်းလို့ ကျွန်တော် ပေးလိုက်တာပါ"

ကျွန်တော် လက်ကာလိုက်သည်။

"ရပါတယ် မန်နေဂျာကြီး ... ကိစ္စမရှိဘူး။ ကျွန်တော်က ကြိုတင်ပြီး အသိပေးထားတာမှ မဟုတ်ဘဲ။ ဒါနဲ့ လိပ်စာက ဘယ်လိပ်စာ ပေးလိုက်တာလဲ"

"တိုက်ခန်းလိပ်စာပဲ ပေးလိုက်တယ်။ ဆရာ ဝယ်ထားတဲ့ ရွှေမိုင်က အိမ်နံပါတ်တော့ ကျွန်တော် မသိလို့ မပေးလိုက်ဘူး"

"အင်း ... နောက်ကို ကျွန်တော်မရှိတုန်း အဲဒီကောင်မလေး လာရင် ကျွန်တော့်ကို မဆက်





သွယ်ဖို့ပဲ ပြောလိုက်ပါနော် ... မန်နေဂျာကြီး"

"ဟုတ်ကဲ့"

"တစ်ခုတော့ ရှိတယ်၊ မန်နေဂျာကြီးသိအောင် ကျွန်တော် ပြောထားရဦးမယ်။ အဲဒါ ကျွန်တော့်ညီမလေးပဲ။ ဒါပေမဲ့ အိမ်တွင်းရေး ဘာညာကိစ္စတွေကြောင့် အဆက်အသွယ်မလုပ်ဘဲ နေကြရတာ"

"ဩော် ... စိတ်ချပါ။ နောက်နောင် အဲဒီကလေးမလေး ရောက်လာရင် ဆရာမှာတဲ့အတိုင်း ကျွန်တော် ပြောလိုက်ပါ့မယ်"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

ယခုမှ ကျွန်တော် စိတ်ထိခိုက်ရတော့၏။

❋



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့် ကျွန်တော် နေထိုင်ရာတိုက်ခန်းသည် ပထမထပ် ညာဘက်အခန်း။ ပထမထပ်ဖြစ်သဖြင့် လေကားထစ် များများစားစား မတက်ရ။

ဒါပေမဲ့ ဖေဖေ့ကိုကြည့်ရသည်မှာ လွန်စွာအမောတကော ဖြစ်နေရှာသည်။

လေကားထစ်များမှတက်၊ ကျွန်တော့်ကို တွေ့၊ အမောမပြေဘဲ လမ်းတွင် ကားပျက်နေကြောင်း၊ တိုက်ခန်းကို ဖုန်းဆက်သော်လည်း ကျွန်တော် မရောက်သေးကြောင်း၊ စတိုးဆိုင်တွေကို ဆက်တော့လည်း အိမ်ခဏပြန်သွားသည်ဟု ပြောကြောင်း၊ မကြာခင်က ဝယ်ယူထားသော ရှစ်မိုင်ကအိမ်သို့ ဖုန်းလှမ်းဆက်သော်လည်း ဖုန်းကိုင်မည့်သူ မရှိကြောင်း၊ ဆယ်လူလာဖုန်းကို ဆက်သော်လည်း ... အဆက်အသွယ်ပြတ်တောက်နေကြောင်း ဖေဖေ အမောတကော ပြောသည်။

"ကားက ဘာဖြစ်တာတဲ့လဲ ဖေဖေ"

"ဘက်ထရီ ဒေါင်းတာ။ ဒါပေမဲ့ ဖေဖေတစ်ယောက်တည်းဆိုတော့ မင်းကို အားကိုးတကြီးနဲ့ လှမ်းပြီးဖုန်းဆက်တာပေါ့ကွ။

တခြားဖုန်းတွေ ဆက်လို့မရတာထားပါ။ အိမ်မရောက်သေးလို့ အပြင်သွားလို့ ရှိစေတော့ ဆယ်လူ





လာဖုန်းက ဘာဖြစ်လို့ ဆက်လို့မရတာလဲ"

"အခု ဖေဖေ့ကားရော"

ဟု ကျွန်တော် မေးသည်။

"ဘက်ထရီလဲတာပဲ ဘာကြာမှာမို့လဲ တက္ကစီငှားပြီး ဟိုဟိုဒီဒီ ထော့နဲ့ထော့နဲ့နဲ့ ပြေးလိုက်ရတာပေါ့ကွ။ အခု အောက်မှာ ရပ်ထားတယ်"

"ဒရိုင်ဘာ ထားပါလား ဖေဖေရာ"

ဖေဖေ ခေါင်းခါသည်။

"ဖေဖေကလည်း ကျန်းမာရေးမှ သိပ်မကောင်းဘဲနဲ့"

ဖေဖေ့မျက်လုံးတွေ ရီဝေသွားသည်။

"အကန်းမော့ အကျိုးဆော့တယ်လို့ပဲ သဘောထားလိုက်ပေါ့ သားရယ်။

ဒရိုင်ဘာမောင်းတာကို ဖေဖေ မစီးချင်တော့ဘူး။ ဖေဖေ့ဘေးနားမှာ တစ်ယောက်ယောက် ကားမောင်းနေရင် ဖေဖေ တင်စိုးကို သတိရတယ် သား။

အဲဒါကြောင့် သားမောင်းတဲ့ကားတောင် ဖေဖေစီးမှ မစီးဘဲ။ ဖေဖေ့ဘာသာမောင်းလို့ တစ်ခုခုဖြစ်မယ်ဆိုရင်တောင် ဖေဖေခံနိုင်ပါတယ်။ တခြားသူ



www.burmeseclassic.com

www.burmeseclassic.com



မောင်းတာကို ဖေဖေ မစီးချင်ဘူး၊ စိတ်မချဘူး။

စိတ်မချဘူးဆိုတာက ဖေဖေ့အတွက် စိုးရိမ် တာမျိုး မဟုတ်ဘူး။ အဲဒီ ဖေဖေ့ဘေးနားက မောင်း နေမယ့်သူကို စိတ်မချတာ။

စိတ်မချတဲ့စိတ်ကြီးနဲ့ အဲဒီသူကိုကြည့်ရင်း တင်စိုးကို သတိရတဲ့ဝေဒနာကို ဖေဖေ မခံစားနိုင်လို့ပါ သားရယ်''

ဝေ့တက်လာသော မျက်ရည်တွေကို ဖေဖေ ဖယ်သုတ်နေ ရှာသည်။ ကျွန်တော် ဖေဖေ့ကို ရေခဲသေတ္တာအတွင်းမှ အချိုရည်ဘူး တစ်ဘူး ဖွင့်ပေးလိုက်တယ်။ အချိုရည်ကို ဖေဖေ တစ်ငုံ ငုံသည်။

''သား''

''ဗျာ . . . ဖေဖေ''

''ဆယ်လူလာဖုန်းက ပျက်နေတာလား၊ ပိတ် ထားတာလား''

''မပျက်ပါဘူး ဖေဖေ''

''ဒါဆို ပိတ်ထားတာပေါ့''

ဦးခေါင်းကို ညိတ်သည်ဆိုရုံမျှသာ ကျွန်တော် ညိတ်လိုက် ၏။

''ဘာဖြစ်လို့ ပိတ်ထားတာလဲ''





စကားလမ်းကြောင်းလွှဲ၍ ရချင်သည်။ သို့မဟုတ် ဖေဖေ့ကို ကျွန်တော် လိမ်ပြောချင်သည်။ သို့သော် ကျွန်တော့်ဖေဖေအမည်မှာ ဦးအောင်ခန့် ဖြစ်၏။

''ဆယ်လူလာဖုန်းကို ဒီနေ့ ပိတ်ထားရတဲ့ အကြောင်းပြောရင် နည်းနည်းရှည်လိမ့်မယ် ဖေဖေ၊ ပြီးတော့ သား ငိုမိလိမ့်မယ်''

''မင်းကလည်း . . . သားယောကျ်ားလေး တစ်ယောက် ဒေါင်ဒေါင်မြည် မွေးထားပါတယ်၊ မျက်ရည်ကလည်း လွယ်လိုက်တာ။

ပြောတောင် မပြောရသေးဘူး။ ငိုဖို့က ကြိုပြီး သတင်းပို့ရသေးတယ်။ ပြော . . . ငိုချင်လည်း ငို၊ ဖေဖေလည်း အခုတွင် တင်စိုးကို သတိရလို့ နည်း နည်း ဗီလင်ဖြစ်သွားတယ်။

မင်းငိုရင် ဖေဖေပါ ရောငိုပေးမယ်၊ ပြော . . . ဆယ်လူလာဖုန်း ပိတ်ထားတာ ဘာဖြစ်လို့လဲဆို တာ''

အချိုရည်ကို ဘူးထဲမှ ဖန်ခွက်အတွင်း ငှဲ့ထည့်သည်။ အချို ရည်များကို တစိမ့်စိမ့်သောက်ရင်း ဖေဖေနားစွင့်နေ၏။

''ဒီနေ့ သိမ်ကြီးဈေးက စတိုးဆိုင်ကို ညီမ



www.burmeseclassic.com

www.burmeseclassic.com



လေး လာသွားတယ် ဖေဖေ"

အနီးရှိဆက်တီစားပွဲပေါ်သို့ ဖန်ခွက်ကို ဖြည်းညင်းစွာချရင်း

"ဗိုးဗိုး လာသွားတယ်၊ ဟုတ်လား . . . သား"

ကျွန်တော် ခေါင်းညိတ်သည်။ ဆိုင်မန်နေဂျာကြီး ပြောသမျှတွေကို ကျွန်တော် ပြန်ပြောပြလိုက်၏။ ကျွန်တော်က မန်နေဂျာကြီးကို ပြန်လည်မှာကြားထားသမျှ စကားတွေကိုလည်း ပြောပြလိုက်သည်။ ညီမလေး ဖုန်းဆက်၍ မရအောင် ဆယ်လူလာဖုန်း ပိတ်ထားခဲ့ခြင်းဖြစ်ကြောင်း အထိ၊ မချွင်းမချန် ကျွန်တော် ပြော၏။

ဖေဖေ သက်မ,ချသည်။

"လမ်းကြုံလို့ ဝင်လာတာနေမှာပေါ့ သားရယ်၊ တကူးတက ရှောင်နေတာမျိုးတော့ မလုပ်ပါနဲ့။ ဖုန်းဆက်ခဲ့ရင်တောင် အကျိုးသင့်အကြောင်းသင့် နားဝင်အောင် ရှင်းပြပါ။ သမီးလေးက ကလေးမှ မဟုတ်တော့တာပဲ။

သူ ဖုန်းဆက်မှာစိုးလို့ ဆယ်လူလာပိတ်ထားတော့၊ သားရဲ့လုပ်ငန်းကိုင်ငန်း မထိခိုက်ဘူးလား။ သားကရော ဘယ်နှစ်ရက်ပိတ်ထားတော့မှာမို့လို့လဲ"

"ညီမလေးကိုတွေ့ရင် သား မခေါ်ဘဲ နေနိုင်မှာ မဟုတ်ဘူး ဖေဖေ"





"ကဲ . . . ကဲ . . . စကားပြောတာ ငိုသံမပါနဲ့ကွာ၊ မင်းလည်း လူကြီးဖြစ်နေပြီ၊ သူလည်း အသိဉာဏ်ရှိနေပြီ။

သူ့မိတွေးစကားအဓိပ္ပာယ်ကို သူလည်း သိတန်သလောက် သိမှာပဲ၊ အဲဒီတော့ အခြေအနေအရပ်ရပ်ကို နားဝင်အောင် နားလည်အောင် ကြုံရင် ရှင်းပြလိုက် ပြီးတာပဲ . . .။ နဂိုကလို တရင်းတနီး မပတ်သက်နဲ့တော့၊ ဖေဖေပြောတာ တရားရဲ့လား"

ကျွန်တော် ခေါင်းညိတ်သည်။

"မင်း . . . ငိုချင်သေးလား"

"အာ . . . ဖေဖေကလည်း မငိုချင်ပါဘူး"

"မသိပါဘူးကွာ၊ ငါက မင်းငိုရင် ကူပြီးငိုမလို့ အဆင်သင့် ပြင်ထားတာ"

ပြောပြီး ဖေဖေ တဟားဟားရယ်၏။

"အင်း . . . သမီးလေး . . . သမီးလေး၊ မတွေ့ မမြင်ရတာ တစ်နှစ်လောက်တောင် မကာတော့ဘူး ထင်တယ်။

ကျွန်းမာရေးမှ ကောင်းရဲ့လား။ စိတ်ချမ်းသာ ကိုယ်ချမ်းသာမှ ရှိရဲ့လား။ အင်း . . . နေရီစိန်



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်နည်းပါးတာနဲ့ပဲ လူ့လောကမှာရှိတဲ့ မိတွေ
တွေတော့ သိက္ခာကျကုန်တော့မှာပဲ''

မကြာမီ ရက်ပိုင်းအတွင်း ညီမလေးနှင့် တွေ့ဆုံရလိမ့်မည်ဟု ကျွန်တော် ထင်သည်။

ဒါပေမဲ့ . . .

ဟို . . . တုန်းကလို ပျော်ရွှင်ခြင်းမျိုးတော့ ပါလာလိမ့်မည်ဟု မမျှော်လင့်။ ဖြူစင်သိမ့်မွေ့သော ဘဝနုနုလေးများကို ခါးသက်ညစ်ထေ အောင် ဖွဲ့ကိုက်ရုပ်တိုက်စေသောအရာအား ကံတရားဟု ကျွန်တော် မသမုတ်ချင်ပေ။ မိုးအုံ့လို့ နေညှိုးရခြင်းဟုသာ ကျွန်တော် နားလည် နိုင်လိုက်၏။

❊

ဇာတ်မက်ပေါင်းများစွာကို
ကျွတ်ကျွတ်အိတ်ထဲ ထည့်ပြီး
ရေနှုံထဲ မျှောလိုက်မယ်။
မှုန်းကျပ်ချိန်မရဘူး
မျက်ရည်တွေ
မခန်းခြောက်သေးသမျှ
ဘဝဆိုတာဟာ . . .
ပန်းမှုန့်လှလှလေးပေါ့။
ငါ့ကို ကမ်းလှမ်းမွှင့်ပေးပါ
နိမ်းလန်းတဲ့
မြက်ခင်းပြင်ဆီကိုလေ . . .
အဲဒီမှာ . . .
မနေ့က သနို့ရှင်းခြင်းတွေ ရှိတယ်။
ဒါပေမဲ့ . . .
သူလည်း ငိုနေပေလိမ့်မယ်။

❊ ❊ ❊





www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

"တီ . . . တီ . . ."

"ဟဲလို အမိန့်ရှိပါ"

"ဦး . . . မင်း . . . ခန့် . . . ညား နဲ့ စကား ပြောချင်လို့ပါ"

"ကျွန်တော် မင်းခန့်ညားပါ"

"ကိုကို"





ရင်ထဲသို့ နင့်သွားစေသည့် ခေါ်မြည်သံလျှပ်စစ်လှိုင်း။

"ညီမလေး . . . ဘယ်က ဆက်တာလဲ"

စကားသံကို ကြိုးစားတည်ငြိမ်စွာ ကျွန်တော် ပြောသည်။

"ခေမရဋ္ဌ စားသောက်ဆိုင်က ဆက်တာ။ ကိုကို့ကို ယမင်း တွေ့ချင်တယ်၊ ကိုကို လာနိုင်မလား ဟင်"

"ကိစ္စရှိလို့လား ညီမလေး"

"ကိုကိုရယ် . . ."

စိတ်မကောင်း ဖြစ်သွားစေပြီဟု ကျွန်တော် သိလိုက်၏။

"ကဲ . . . ကဲ၊ ညီမလေး ခဏစောင့်၊ ကိုကို ခဏနေရင် အဲဒီ့ကိုရောက်မယ်"

"ကိုကို အခုဘယ်မှာလဲ"

ဟု နွဲ့ယမင်းစိုး မေးသည်။

"ပြည်လမ်းပေါ်မှာ ရှစ်မိုင်အိမ်ကနေ တိုက်ခန်းကို ပြန်မလို့"

"ကိုကို မြန်မြန်လာနော်၊ ဒီမှာ ယမင်း တစ်ယောက်တည်း"

"စိတ်ချ၊ ကိုကို ကားကို အမြန်ဆုံးမောင်း လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"... ..."

ဂီယာကို အမြင့်ဆုံးသို့ ပြောင်းလိုက်၏။ လီဗာကို ဖိ၍ နင်းလိုက်သည်။ တစ်နှစ်ခန့် ကွယ်ပျောက်ခဲ့သော မြို့တော်ဟောင်း တစ်ခုအတွင်းသို့ ပြန်လည်ဝင်ရောက်လာရသူတစ်ဦး ... ဟု ကိုယ့်ကိုယ်ကိုယ် ထင်မြင်ခံစားမိသည်။ ထိုမြို့ဟောင်းသည် အသည်း မကွဲ၊ ဖုန်မှုန့်မတက်၊ စစ်မက်မဖြစ်၊ အုံ့မှိုင်းသော မိုးအရိပ်ကြောင့် အမြင်ကွယ်ခဲ့ရသည့် မြို့တော်။ မခင်တွယ်ခဲ့ရသည့် သံယောဇဉ်မြို့ ဟောင်း။။

❊

ကျွန်တော့်ကို မြင်လျှင်မြင်ချင်း နွဲ့ယမင်းစိုး၏မျက်ဝန်းတွင် မျက်ရည်တွေ ဝေ့တက်လာသည်။

ပြီးမှ ပြုံးပြရာသည်။ ပြန်ပြုံးပြလိုက်သော ကျွန်တော့်အပြုံး က သူ့ကို နွေးထွေးစေပါ့မလား ... မသိ။





ကြည့်စမ်းပါဦး ... ကျွန်တော်တို့ မောင်နှမနှစ်ယောက်ရဲ့ ပြန်လည်တွေ့ဆုံမှုက ဘယ်လောက်များ ကြေကွဲစရာကောင်းလိုက် သလဲ။ ကျွန်တော်ကိုယ်တိုင် မျက်တောင်တွေ ပုတ်ခပ်နေရပြီ။

'ပိန်သွားလိုက်တာ ညီမလေးရယ်' ဟု ကျွန်တော် မပြော ဖြစ်။

စိမ်းလန်းစိုပြည်ခဲ့သော မြက်ခင်းပြင်လေးသည် နေရောင် ခြည်နဲ့ ဝေးခဲ့လေသလား။ မိုးစက်မှုံတွေနှင့် ကင်းကွာခဲ့လေသလား။ လေပြင်းဒဏ်များ သင့်ခဲ့လေသလား။။

ခြောက်သွေ့သည့်မြက်ခင်းပြင်အနီးတွင် မောဟိုက်ဖွာဝင်ထိုင် လိုက်ရသကဲ့သို့ ကျွန်တော့်ရင်ထဲမှာ နွမ်းနယ်သွားစေသည်။

"နေကောင်းရဲ့လား ညီမလေး"

ခေါင်းညိတ်သည်။

ကျွန်တော့်ရှေ့သို့ အချိုရည်တစ်ဘူး ရောက်လာသည်။ နွဲ့ ယမင်းစိုးက ထိုအချိုရည်ဘူးကို ဖောက်ပြီး ဖန်ခွက်အလွတ်တစ်လုံး ထဲသို့ ထည့်၏။ ပြီးနောက် ကျွန်တော့်ရှေ့သို့ ချပေးသည်။

"ကျောင်းတက်နေပြီလား"

ခေါင်းခါသည်။

ကျွန်တော့်မျက်လုံးတွေ တွန့်သွား၏။

"ကျောင်းမတက်ဘူး ဟုတ်လား၊ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မတက်တော့ ဘာလုပ်နေသလဲ။ မေမေစိန်
မတက်နိုင်းဘူးလား''

''ယမင်း အိမ်ကိုပြန်ရောက်တာ သိပ်မ
သေးဘူး ကိုကို''

''ဘယ်လို''

စီးကျလာသော မျက်ရည်တွေကို ရင်ပူစွာ ကျွန်တော် မြ
ရ၏။

''ကိုကိုနဲ့ ဘဘ မရှိကတည်းက ညီမလေး
အိမ်မှာမနေတော့ဘူး။ သူငယ်ချင်းတွေနဲ့ သွား
တယ်''

''ဟာ''

ယူကျုံးမရစွာသော အာမေဍိတ် ...။

''အဲဒါ ဘာလဲ၊ ဘာအဓိပ္ပာယ်လဲ''

မျက်ရည်တွေကို ဖယ်သုတ်သည်။

''အိမ်က ထွက်ပြေးတာပေါ့ ကိုကို''

''ယမင်းရယ် ... ကိုကို ဘယ်လိုမှ ထင်
ထားတဲ့ အကျင့်စရိုက်တွေကို ကျူးလွန်လိုက်တာပေါ့
ဟုတ်လား''

''ညီမလေးမှ အိမ်မှာ မနေချင်တော့တာဘဲ''





''မေမေစိန်က လိုက်မခေါ်ဘူးလား''

''သူ မသိဘူး။ ယမင်း ဘယ်မှာနေတယ်ဆို
တာ သူ မသိဘူး''

''နေချင်သလို နေနေရအောင် ညီမလေးက
မိကောင်းဖခင်သားသမီး မဟုတ်ဘူးလား။ ကိုကိုကို
ဆက်သွယ်ပါတော့လား''

''ဘဘက မပတ်သက်ဖို့ မှာသွားတယ်လေ
ကိုကို''

ကျွန်တော် ရင်နာနေရသည်။

''အခု အိမ်ကို ပြန်ရောက်နေတာဆိုတော့၊
မေမေစိန် လိုက်ခေါ်လို့လား''

''မာမီခေါ်လို့ မဟုတ်ဘူး၊ ဦးဟန်လုဆွေ
ဆုံးသွားပြီကြားလို့ ယမင်းဘာသာ ယမင်း အိမ်ပေါ်
ပြန်တက်တာ''

''ဒါဆို သူငယ်ချင်းတွေနဲ့ နေတယ်ဆိုတာ
တော်တော်ကြာခဲ့တာပေါ့၊ ဟုတ်လား''

ခေါင်းညိတ်၏။

''ပြောစမ်းပါဦး။ ဘယ်က ပိုက်ဆံနဲ့ ဘယ်လို
သုံးပြီး ဘယ်လိုစားသောက်သလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ငွေတွေ ယူလာတာပေါ့။ လက်ဝတ်လက်စားတွေရောင်းပြီး သုံးတာပေါ့"

"ညီမလေးရယ်၊ နင် တော်တော်မိုက်တာပဲ"

"မိုက်တယ်လို့ တကယ်ပြောရက်သလား ကိုကို၊ လူ့လောကထဲမှာ မနေချင်လောက်အောင် စိတ်ညစ်ခဲ့ရတဲ့ မိန်းကလေးတစ်ယောက်က ကိုယ့်ကိုယ့်ကိုယ် သတ်မသေမိအောင် ဘယ်လိုစိတ်တင်းထားခဲ့ရတယ်ဆိုတာ ကိုကို တွေးမကြည့်မိဘူးလား"

"အဲဒီလောက်အထိ ကိုကို မထင်ဘူး ...။ ညီမလေး တစ်ယောက်တည်း ကျန်ခဲ့တယ်၊ စိတ်မကောင်းဖြစ်ပြီး ကျန်ခဲ့တယ်၊ ဒီလောက်ပဲ ကိုကို တွေးမိတာ။ ဖေဖေသိရင် မေမေစိန်ကို ပို့ပြီး ဒေါသဖြစ်မှာ အမှန်ပဲ"

"မာမိက ယမင်းအပေါ် သိပ်ပြီး တင်းတင်းမာမာ မဆက်ဆံတော့ဘူး"

"အိမ်က နောက်တစ်ကြိမ် ထွက်ပြေးမှာစိုးလို့ နေမှာပေါ့"

ဟု ကျွန်တော် ပြောသည်။

"မာမိတစ်ယောက်တည်း ဖြစ်နေပြီလေ၊





ယမင်း အိမ်မှာ မနေမှာကို စိုးရိမ်နေပြီ၊ မာမိမှာ တနာစိတ်ဝင်နေပြီ ထင်တာပဲ"

"ဒါဆို အခု ကိုကိုနဲ့လာတွေ့တာ မေမေစိန် သိရင် ယမင်းကို မဆူဘူးပေါ့"

"မသိဘူး"

ဟု နွဲ့ယမင်းစိုး ပြော၏။

ကျွန်တော် သက်ပြင်းချမိသည်။

"ဘာပဲဖြစ်ဖြစ် ကျောင်းတက်ဖို့ စဉ်းစား။ နောက်စာသင်နှစ်ကျရင် ကျောင်းတက်ဖြစ်အောင် တက်နော်။ လိုတာရှိရင်လည်း ကိုကို့ကို ပြော။ အခု ကိုကိုက သူဌေးဖြစ်နေပြီ။ ကိုကို ဘာကူညီရမလဲ ပြော"

နှုတ်ခမ်းစွန်းလေးတွန့်ရုံသာ ပြုံး၏။

"ကိုကို့ကို တွေ့ချင်လို့ လာတွေ့တာပါ။ ဘာအကူအညီမှ မလိုပါဘူး"

ကျွန်တော့်မျက်နှာကို သူ ငေးကြည့်သည်။

"ကိုကို"

"ပြောလေ ညီမလေး"

"ကိုကို့ဆီကို လာလည်ရင် ဘာအတွက်ဆိုမှာ



www.burmeseclassic.com

www.burmeseclassic.com



လားဟင်''

''မဆူပါဘူး ညီမလေးရယ်၊ ဖေဖေက ညီမလေးကိုမုန်းတာမှ မဟုတ်ဘဲ''

ကျွန်တော့်အထင်ကို ပြောရမည်ဆိုလျှင် ...

နွဲ့ယမင်းစိုး၏ရင်ထဲ၌ တစ်စုံတစ်ခုကို မျိုသိပ်ခံစားထားပုံရ၏။

သူ့ကို မြင်တွေ့ရသည်မှာ နေကြောင့် နွမ်းနေသောပန်းပွင့်ငယ်တစ်ပွင့် ...။

လေပြင်းကြောင့် နွမ်းလျနေသည့် ငှက်ကလေးတစ်ကောင်၊

ဘယ်အရပ်တွေ ဘယ်လိုသွားပြီး ဘယ်လိုများ ပျံသန်းခဲ့လေသလဲ။ နောက်တော့မှ ကျွန်တော် မေးချင်၏။

❋ ❋ ❋



## (၁၈)

ကျွန်တော်နှင့် နွဲ့ယမင်းစိုးတို့ တိုက်ခန်းပေါ်တွင် ရောက်နှင့်နေကြပြီး အတန်ကြာမှ ဖေဖေ ပြန်လာသည်။ နွဲ့ယမင်းစိုးကို မြင်လျှင် မြင်ချင်း မျက်လုံးတွေဖြင့်သာ ဖေဖေပြုံးပြ၏။

''ဘဘ နေကောင်းလား''

''အေး ... သမီးရော နေကောင်းရဲ့လား''

''ဟုတ်ကဲ့၊ ကောင်းပါတယ် ဘဘ''



www.burmeseclassic.com

www.burmeseclassic.com



''သမီး မာမီကော နေကောင်းရဲ့လား''

ဟု မမေးမြန်းသည်ကို ကျွန်တော် သတိပြုမိသည်။ အခန်း
တွင်းသို့ ဖေဖေ ဝင်ရောက်သွား၏။ ဖေဖေ၏ မလိုလားသော အပြု
အမူမျိုးဖြင့် နွဲ့ယမင်းစိုး ရင်မဆိုင်ရသော်လည်း ဖက်လှဲတကင်း မျှော်
လှသည်ကိုတော့ နွဲ့ယမင်းစိုး သတိထားမိပေလိမ့်မည်။

''ညီမလေး''

မျက်လုံးနက်နက်လေးကတော့ ယခင်အတိုင်း တောက်ပ
နေဆဲဖြစ်သည်။

''ကိုကိုနဲ့ ညီမလေးနဲ့ အခုလို တွေ့ကြတာကို
မေမေစိန်သိရင် ညီမလေးကို ဆူနေလိမ့်မယ်နော်။
လုံးဝ မပတ်သက်စေရဘူးလို့ ဖေဖေက ပြောထားခဲ့
တာ''

''အဲဒါဆို ညီမလေး မလာရတော့ဘူးလား
ဟင်''

ကျွန်တော် ... ပြုံးဟန်ပြု၍ တကယ်ပြုံးသည်။

''ညီမလေးကို မလာနဲ့လို့ ကိုကိုတားတာ
မဟုတ်တာ။ ဖေဖေက ယတိပြတ် မပတ်သက်စေ
ရဘူးလို့ ပြောထားခဲ့တော့ အခုလို ကိုကိုတို့မောင်နှမ
နှစ်ယောက် ပြန်ခေါ်နေကြတော့ ဖေဖေ တားရခက်





မှာပေါ့။

နဂိုကလို ဖက်လဲတကင်းမရှိခဲ့ရင် ဖေဖေ့ကို
ညီမလေး နားလည်ပေးဖို့ ပြောတာပါ။ လူကြီးဆို
တော့ ပြောထားတဲ့စကားကို ဘယ်ပြင်ချင်ပါ့မလဲ''

''ဘဘက ညီမလေးကို မလိုမလား ခါးခါး
သီးသီးကြီးတော့ မဖြစ်နိုင်ပါဘူးနော် ကိုကို''

ဟု နွဲ့ယမင်းစိုးပြောသည်။

''ခါးခါးသီးသီး ဖြစ်မှတော့ ... ခုနကတည်း
က ကိုကို့ကိုပါ မောင်းထုတ်ပြီးပြီပေါ့ ညီမလေးရဲ့''

''တော်ပါသေးရဲ့''

ရင်ဘတ်လေးကို ဖိလျက်ဆိုသည်။

မျက်လုံးလေး မှေးစင်းထား၏။ ဆက်တီကုလားထိုင်၏
လက်တင်ကို သူ့လက်ချောင်းလေးများက ဆုပ်ကိုင်ထားသည်။
မျက်လုံးတွေကို ပို၍ဖိမှိတ်ထားသည်။ အသက်ရှူဟန်သည် ပုံမှန်မကျ။

''ဘာဖြစ်လို့လဲ ညီမလေး''

လက်တစ်ဖက်ဖြင့် နားထင်ကြောများကို ဖိရင်း ...

''မူးလို့''

''ညီမလေးကြည့်ရတာ သိပ်ပင်ပန်းထားတယ်
နဲ့တူတယ်''



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ဒီနေ့တစ်နေ့လုံး ကားတစ်စီးနဲ့ နေရာအနှံ့ လျှောက်မောင်းပစ်လိုက်တာ၊ ကိုကိုကို ဘယ်မှာရှာရမှန်း မသိလို့"

"အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ မူးတာမော်တာ မကောင်းဘူး ညီမလေးရဲ့။ အင်း . . . နေဦး၊ မနက်ဖြန်ကျရင် ကိုကို့သူငယ်ချင်းဆီမှာ ညီမလေးကို အားဆေးသွားသွင်းပေးမယ်"

"ဟင့်အင်း မသွားချင်ဘူး၊ မသွားချင်ဘူး ယမင်းက အားပြတ်တာမှ မဟုတ်တာ၊ ပင်ပန်းလို့ပဲဟာ"

"ကဲ . . . အဲဒါဆိုလည်း အမူးအမောပြေသွားအောင် Juice တစ်ခုခုသောက်လိုက်"

သူ ခေါင်းညိတ်သည်။ ကျွန်တော် ထိုင်ရာမှ ထသည်။ ရေခဲသေတ္တာကို ဖွင့်သည်။ ယခုအချိန်ထိ ဖေဖေ ညှော်ခန်းတွင်းသို့ ပြန်ထွက်မလာသေး။

✻



## အသည်းနှလုံး၏ကြေညာစာတမ်း

နောက်တစ်နေ့ ညနေစောင်းတွင် အနော်ရထာလမ်းရှိ ကျွန်တော့်စတိုးဆိုင်သို့ နွဲ့ယမင်းစိုး ရောက်လာပြန်သည်။ မလာနဲ့ဟု ကျွန်တော် မတားရက်။ ဆိုင်အတွင်းရှိ အရောင်းဝန်ထမ်းအချို့က နွဲ့ယမင်းစိုးကိုလည်းကောင်း၊ ကျွန်တော့်ကိုလည်းကောင်း၊ တစေ့တစောင်း ကြည့်ကြသည်။ ကျွန်တော် အနေခက်ရ၏။

"ညီမလေး . . . ကားဘယ်မှာရပ်ခဲ့လဲ"

"ကား ယူမလာဘူး ကိုကို တက္ကစီနဲ့လာတာ၊ နေသိပ်မကောင်းလို့ ကားမမောင်းချင်ဘူး"

"ဒီကိုလာတာ မေမေစိန်သိလား"

ခေါင်းခါသည်။ ကျွန်တော်က . . .

"ကိုကိုတို့နှစ်ယောက် မိဘစကားကို နားမထောင်တဲ့ သားသမီးတွေ ဖြစ်နေဦးမယ်နော် ညီမလေး"

"ကိုကို ဘာကိုဆိုလိုတာလဲ"

"ဩော် . . . ဖေဖေက ညီမလေးနဲ့ ကိုကိုနဲ့ လုံးဝ မပတ်သက်ရဘူးလို့ မေမေစိန်ရှေ့မှာ ပြောထားတယ် မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့သွားသည်။ မျက်ရည်တွေ လှဲလာသည်။

"ညီမလေး ပြန်တော့မယ် ကိုကို"

ကျွန်တော် ထိုင်ရာမှ ထလိုက်၏။

"ညီမလေးကလည်း ကိုကိုက မလာစေချင်လို့ ပြောတာ မဟုတ်ပါဘူး။ ဖေဖေတို့ မေမေစိန်တို့ သိသွားရင် အထူးသဖြင့် မေမေစိန်က ... ကိုကိုနဲ့ ညီမလေးနဲ့ ပြန်ခေါ်နေကြတာကို သိသွားရင် ဘယ်လိုလုပ်ကြမလဲလို့ ဆွေးနွေးတာ၊ ညီမလေးကို ကိုကိုက ဆွေးနွေးတာ"

"သိသွားတော့ ဘာဖြစ်လဲ ကိုကိုရဲ့၊ ယမင်းနဲ့ ကိုကိုနဲ့က မောင်နှမပဲဟာ။ ပြီးတော့ ကိုကို့ကို ယမင်းက စပြီး ဆက်သွယ်တာပဲ၊ အပြစ်တင်မယ်ဆိုရင်တောင် ကိုကိုလွတ်ပါတယ်"

"ကဲ ... ဘာပဲဖြစ်ဖြစ် နောက်ဖြစ်နောက်ရှင်းပေါ့။ ကိုကို့ဆီကို ညီမလေး နေ့တိုင်းလာ၊ ကိုကို ခွင့်ပြုတယ်၊ ကျေနပ်ပြီလား"

ခေါင်းညိတ်သည်။

ခေါင်းကို လက်ဖြင့်ဖိသည်။ ခန္ဓာကိုယ်လေး ယိမ်းထိုးသွားသည်။ မှန်ဗီရိုကို လှမ်းကိုင်သော်လည်း မမီလိုက်။ ဆိုင်ကြမ်းခင်းပေါ်သို့ လဲကျသွား၏။

"ညီမလေး"

ဆိုင်အတွင်း ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

"ဟာ ... သတိမေ့နေပြီ"

ဆိုင်မန်နေဂျာ၏ အသံ၊ ကျွန်တော် ဘာလုပ်ရမှန်းမသိ။

"ညီမလေး ... ဟာ ... လာကြပါဦး၊ မန်နေဂျာကြီး သူ့ကိုပွေ့ပြီး ကျွန်တော့်ကားဆီကို လိုက်ခဲ့"

အမှန်တကယ်က ကျွန်တော်ကိုယ်တိုင် ပွေ့ချီရပေမည်။ ဒါပေမဲ့ ဆိုင်ဝန်ထမ်းများ၏ အကူအညီကိုသာ ကျွန်တော် ယူခဲ့၏။

ကျွန်တော် ကားတံခါးကို အလျင်အမြန်ဖွင့်သည်။

"သတိရပြီလား"

"မရသေးဘူး"

သတိလစ်နေသော နွဲ့ယမင်းစိုးကို ဆိုင်မန်နေဂျာဖြစ်သူက ပွေ့ယူပြီး ကားနောက်ခန်းတွင် ဝင်ထိုင်သည်။ ဆိုင်မှ အရောင်းစာရေးမလေးနှစ်ယောက်လည်း လိုက်ပါခဲ့ကြ၏။ ကားကို ရွှေဘုံသာလမ်းအတွင်းရှိ ဇော်ဝိတ်၏ဆေးခန်းရှိရာသို့ ဦးတည်လိုက်သည်။

* * *







www.burmeseclassic.com

## (၁၉)

“ဇော်ဝိတ်ရှိလား”

“ခင်ဗျာ”

“ဪ ... ဒေါက်တာဇော်ဝိတ်ရှိလား ... ခင်ဗျ”

“ဒေါက်တာ ဇော်ဝိတ်မရောက်သေးဘူးဗျာ ဒီနေ့ ဆေးရုံမှာ အော်ပရေးရှင်း ရှိလို့တဲ့၊ သူ နောက်





ကျလိမ့်မယ်။ စောစောကပဲ ဖုန်းလှမ်းဆက်တယ်။ ကျွန်တော် ဒေါက်တာဇော်ဝိတ်ရဲ့ လုပ်ဖော်ကိုင်ဖက်ပါ။ ကျွန်တော် ဘာကူညီရမလဲ၊ ကျွန်တော် ဒေါက်တာသန့်စင်ပါ”

“ပေးရှင့်ပါလာလို့ပါ ဒေါက်တာ၊ သတိမေ့နေပါတယ်”

“ဟာ ... ဟုတ်လား၊ လာ ... လာ ... ကျွန်တော့်အခန်းထဲကို လာ”

ဒေါက်တာသန့်စင်၏ အခန်းထဲသို့ နွဲ့ယမင်းမိုးကို သယ်ယူကြ၏။ အခန်းပြင်ပတွင် အခြားဆရာဝန်များထံသို့ လာရောက်ပြသကြသော လူနာတွေ၊ လူနာရှင်တွေဖြင့် ပြည့်ကျပ်နေကြ၏။

“ဆရာ ... ကျွန်တော်တို့ အပြင်ကပဲ စောင့်မယ်”

ဟု မန်နေဂျာက ပြော၏။ ကျွန်တော်က ...

“ရတယ်၊ မင်းတို့ ဆိုင်ကိုပဲ ပြန်လိုက်တော့၊ စာရင်းချုပ်ပြီးပြီးချင်း ဗိုလ်တထောင်တိုက်ခန်းကို လာခဲ့လိုက်၊ ည နည်းနည်းမိုးချုပ်မှ လာ”

“ဟုတ်ကဲ့”

ဟု ပြောပြီး ထွက်ခွာသွားကြသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသန့်စင်က နွဲ့ယမင်းစိုးကို စမ်းသပ်စစ်ဆေးနေ၏ ပြီးနောက် . . .

"သတိလစ်သွားတာ မဟုတ်ပါဘူး။ မော သွားတာ။ အမောဆို့သွားတာ၊ ခဏကြာရင် သတိ သာသွားမှာပါ။ လူနာက နှလုံးသွေးကြော ကျဉ်းနေ တယ်။ အရပ်စကားနဲ့ပြောရင် နှလုံးရောဂါပေါ့ဗျာ။ ကိုယ်ဝန်ရှိခါစဆိုတော့ ဒီလိုပဲပေါ့၊ အားလည်းနည်း တော့ မူးလိုက်မော်လိုက် ဖြစ်တာမျိုးလောက်ပါ"

"ဗျာ"

ကျွန်တော့်ရင်ထဲ ဒိတ်ခနဲ ထိတ်ခနဲ ဖြစ်သွားရ၏။

"ကျွန်တော် ဆေးတစ်လုံး ထိုးပေးလိုက် မယ်၊ ဘာမှမပူနဲ့၊ အား အရမ်းနည်းလို့ ဖြစ်တာပါ"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ကျွန်တော် ဆောက်တည်ရာမရ၊ အခန်းတွင်း၌ အခြားသူ မည်သူမျှ မရှိပါဘဲ ကိုယ်စိတ်နှစ်ပါး မလုံခြုံ။

"နာမည် ဘယ်သူ"

"နွဲ့ယမင်းစိုး"

ဟု ကျွန်တော် ပြောလိုက်သည်။

ဒေါက်တာသန့်စင်က ဆေးတစ်လုံးထိုးပေးသည်၊ ပြီးနောက်





"နွဲ့ယမင်းစိုး သတိရပြီလား"

ခေါင်းညိတ်လေသည်။

"ခဏနားနေလိုက်နော်၊ သက်သာသွားလိမ့် မယ်"

"ဒေါက်တာ"

ကျွန်တော် ဒေါက်တာသန့်စင်ကို လူနာနှင့်ဝေးရာသို့ ခေါ် ဆောင်ခဲ့ရတော့သည်။

"ဒေါက်တာ . . . ခုနက ဒေါက်တာပြောတဲ့ အထဲမှာ ကိုယ်ဝန်ရှိနေတယ်ဆိုတာ ပါတယ်။ အဲဒါ အသေအချာပဲလား ဒေါက်တာ"

"ဟာ . . . သူငယ်ချင်းကလည်း၊ ကိုယ့်အမျိုး သမီး အခြေအနေတောင် ကိုယ်မသိဘူးလား။ ကိုယ်ဝန်က သိပ်တော့ မရင့်သေးပါဘူး။ သူငယ်ချင်း အမျိုးသမီးက နှလုံးရောဂါအခံရှိတော့ အားနည်းလို့ ဖြစ်သွားတာပါ။ စိတ်မပူနဲ့ ကိုယ် ဆေးတွေအကုန် စီစဉ်ပေးလိုက်မယ်"

"ဒေါက်တာ"

"ပြောပါ . . . သူငယ်ချင်း"

"လူနာက ကျွန်တော့်အမျိုးသမီး မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကျွန်တော့် ညီမလေးပါ''

''အို ... ဆောရီး ဆောရီးဗျာ။ ကျွန်တော် ထင်လိုက်တယ်။ ခင်ဗျား သိပ်ပြီး ဂရုတစိုက်ရှိလွန်းပါလားလို့၊ လက်စသတ်တော့ မောင်နှမတွေကိုး''

''ဟုတ်ပါတယ်၊ ကျွန်တော်တို့က မောင်နှမပါ။ တစ်ခုတော့ အကူအညီတောင်းပါရစေ ဒေါက်တာ။ ဒီကေ့(စ) ကို ကျွန်တော့်သူငယ်ချင်း ဒေါက်တာဇော်ဝိတ် မသိစေချင်ပါဘူး။ ဒါ ကျွန်တော့်အတွက် သိပ်အရေးကြီးတဲ့ လူမှုရေးကိစ္စ ဖြစ်နေလို့ပါ။ ကျွန်တော့်နာမည် မင်းခန့်ညွှာပါ။ ကျွန်တော့်ကို ကူညီပါ ဒေါက်တာ''

''စိတ်ချပါ ကိုမင်းခန့်ညွှာ။ ကျွန်တော် ကူညီနိုင်ပါလိမ့်မယ်။ ကျွန်တော် မဆင်မခြင် မှားယွင်းသွားတာတွေကိုလည်း ခွင့်လွှတ်ပါနော်''

ကျွန်တော် ခေါင်းညိတ်သည်။

ဦးခေါင်းတစ်ခုလုံး ချာလည်ပတ်ရမ်းမသွားအောင် ကိုယ့်ကိုယ့်ကိုယ် ဂရုစိုက်လိုက်ရလေ၏။

✻





ကားမောင်းနေစဉ် တစ်လျှောက်လုံး ... နွဲ့ယမင်းစိုးကို ကျွန်တော် စကားမဆိုခဲ့။ သူကလည်း မျက်လုံးလေး မှေးနေရှာသည်။

ဤအခြေအနေအတိုင်း သူ့အိမ်ကို လိုက်ပို့လိုက်လျှင် ဘာတွေဖြစ်လာနိုင်မည်ကို ကျွန်တော် မတွေးရဲ။

ထို့ကြောင့် ရှစ်မိုင်အိမ်သို့ ကျွန်တော် လာခဲ့ရသည်။ အိမ်သို့ မေမေ မရောက်သေး။

ညနေ၏အလင်းသည် မှောင်ရီရီ ဝိုးတဝါး။

သူ့တစ်ကိုယ်လုံးကို ဆွဲကိုင်လှုပ်ယမ်း၍ မေးခွန်းတွေ အများကြီး မေးလိုက်ချင်သည်။ ဒါပေမဲ့ သူ အားနည်းနေသည်လေ။ ကျွန်တော် လက်ဖျားဖြင့်ပင် မတို့ရက်။ သူ့နံဘေးတွင် ကျွန်တော် ထိုင်လိုက်သည်။

''ညီမလေး''

''... ...''

''သက်သာရဲ့လား''

ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ဘာဖြစ်ခဲ့တာလဲ . . . သိလား

ကိုယ့်ကိုယ်ကိုယ် သိလား"

"သိတယ်"

"ဘာဖြစ်တာလဲ"

"မူးလဲသွားတယ် ထင်တယ်"

"နောက်ရော ဘာဖြစ်သေးလဲ၊ တခြား ဘာ

ဖြစ်ခဲ့သေးလဲ"

သူ ကျွန်တော့်ပခုံးပေါ်သို့ မှီချလိုက်လေသည်။ လှရိုပ်တစ်

ကို တွေ့၏။ မေမေဟု သိသည်။

"သား . . . ဘာဖြစ်နေတာလဲ"

ကျွန်တော့်ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားရ၏။

"ညီမလေး နေမကောင်းလို့မေမေ"

"နေမကောင်းရင်လည်း အိမ်လိုက်ပို့လိုက်

လေ။ အိမ်မှာ နားနားနေနေ နေပေ့စေပေါ့"

"ဟုတ်ကဲ့ . . . မေမေ၊ သား လိုက်ပို့လိုက်

မယ်"

မေမေ့စကားအသုံးအနှုန်းများ၏ ကျစ်လျစ်အားကို

ကျွန်တော် သိလိုက်သည်။

"ညီမလေး ထ၊ အိမ်ပြန်ရအောင်။ ကိုကို





အိမ်ရှေ့အထိ လိုက်ပို့ပေးမယ်"

ကျွန်တော်တို့နှစ်ယောက်ကို မေမေ ဝေ့ခနဲတစ်ချက်သာ

ကြည့်သွားသည်။ ထိုအကြည့်၏ အဓိပ္ပာယ်ကို ကျွန်တော် သိလိုက်

သည်။ ကျွန်တော် စိတ်ညစ်၏။ နွဲ့ယမင်းစိုး၏အိမ်ရှေ့သို့ ရောက်

သည်အထိ ကျွန်တော် မည်သည့်မေးခွန်းမျှ မထုတ်ခဲ့။ အိမ်ဝင်းကြီး

ကို ကြည့်ပြီး ဝမ်းနည်းစိတ် ဝင်ရောက်မည်စိုးသဖြင့် ကားကို ဝေါခနဲ

မောင်းထွက်ခဲ့သည်။

နွဲ့ယမင်းစိုးကိုပင် ကျွန်တော် နှုတ်ဆက်စကား မဆိုခဲ့။

ဆိုကလည်း နှုတ်ဟဖို့ပင် ခက်နေပေလိမ့်မည်။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

(၂၀)

ဖေဖေ ပွဲရုံသို့သွားပြီဖြစ်သဖြင့် ကျွန်တော် ပေါက်ကွဲခွင့်ရပေပြီ။ မနေ့ညက . . .

ကျွန်တော့်အတွက် နွဲ့ယမင်းစိုးရေးခဲ့သည့် စာတစ်စောင်သည်လည်းကောင်း၊ ထိုစာနှင့်အတူ တွဲလျက်ပေးသည့် စာရွက်စာတမ်းတစ်ခုနှင့် သူ့ဓာတ်ပုံအချို့သည်လည်းကောင်း၊ ကျွန်တော့် အနာဂတ်အိပ်မက်များကဲ့သို့ အခန်းတွင်း၌ ပြန့်ကျဲလျက်ရှိသည်။





စာရွက်များ၊ ဓာတ်ပုံများကို ပြန့်ကျဲလွှင့်ပစ်မိသည့်တိုင် ကျွန်တော့်ပေါက်ကွဲမှုသည် မကုန်စင်သေး။ စားပွဲပေါ်ရှိ ပန်းအိုးကို ...သို့ အားကုန်လွှဲ၍ ပစ်ပေါက်လိုက်သေးသည်။

"ခွမ်း"

"ပြောလေ၊ ဘာလုပ်ကြမလဲ။ နင် ဘာလုပ်မလဲ၊ နွဲ့ယမင်းစိုးရယ်၊ နင် ငါ့ကို ဒုက္ခလာပေးတယ်"

ကျွန်တော့်ဒေါသကျောက်ဆောင်ကို ပွဲတင်ထပ်နေသော ...ရိုက်သံတွေက မလွှမ်းခြုံနိုင်သေး။

"ပြောလေ ယမင်း . . . နင် ဘာလုပ်မလဲ"

"မသိဘူး"

ငိုရှိုက်တုန်လှုပ် ခေါင်းငုံ့လျက် ပွင့်ကျလာသော 'မသိဘူး' ...သည့် အသံသေးသေးလေး၏ အားကိုးမဲ့သော လှိုင်းဂယက်ယံက ...နှင့်တော့်ရင်ထဲရှိ ဒေါသကျောက်ဆောင်ကြီးကို ရိုက်ပုတ်တိုက်စား...က်လေပြီ။

"ယမင်းရယ် . . . ညီမလေးရယ်၊ မသိဘူးလို့ ပြောရုံနဲ့ ပြီးပါ့မလား။ မိုက်ပြီး၊ မှားပြီးရင် အဲဒီ့ဒဏ်ကို ရင်ဆိုင်ဖို့ သိမှဖြစ်မယ်။

ပြောစမ်း . . . ဘယ်လို ရင်ဆိုင်မလဲ၊ မိုက်ပြီး ပြီ၊ မှားပြီးပြီ မှောင်ဖို့ပဲ ရှိတော့တယ်။ အဲဒီ့ အမှောင်



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကြီးကို ရင်မဆိုင်ရအောင် ဘာလုပ်မလဲ၊ ပြော

. . . ဉာဏ်ရှိသလောက် ပြော''

ရှိက်သံကို အရင်ကြားသည်။ ပြောဖို့အတွက် ကြိုးစားအား

ယူသည်။

''အခြေအနေက နုနုနယ်နယ်ပဲ ရှိသေးတာပဲ

ယမင်း ပြဿနာကို ယမင်းဘာသာပဲ ရှင်းလိုက်ပါ့

မယ်''

''ဘာ . . . ဘာပြောတယ် ယမင်း၊ မိန်းမ

ယုတ်တွေလုပ်တဲ့ အလုပ်ကို နင်စဉ်းစားတယ် ဟုတ်

လား။ လူစိတ်မရှိဘူး၊ အဲဒီ လူမဆန်တဲ့အတွေးမျိုး

အစအချိန်က စပြီး နင့်ခေါင်းထဲက ထုတ်ပစ်။ ခေတ်

ပညာတတ် မိန်းကလေးတစ်ယောက်က ခေတ်မီတဲ့

နည်းစံနစ်ကို အသုံးပြုပြီး မယုတ်မာနဲ့။

ပျိုသည်ဖြစ်စေ၊ အိုသည်ဖြစ်စေ၊ ကြီးသည်

ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ မိန်းမသားတိုင်းမှာ မိခင်

စိတ်ရှိတယ်။ အဲဒီ မိခင်စိတ်မျိုးကို နင် ဘာဖြစ်လို့

မေ့ပစ်လိုက်တာလဲ နွဲ့ယမင်းစိုး။

နင်ဟာ ငါ့ညီမ၊ နင့်လက်ချောင်းတွေဟာ

ပုခက်လွှဲတဲ့ လက်ချောင်းတွေပဲ ဖြစ်ရမယ်၊ ပုခက်





ကြိုးဖြတ်ချတဲ့လက်ချောင်းတွေ မဖြစ်စေရဘူး''

သူ ခေါင်းငုံ့ထားသည်။ ကျွန်တော့်ရင်တွင် ဒေါသမရှိချင်

တော့။ သူ့အတွက် အားမာန်တွေ ကျွန်တော့်မှာလည်း ရှိဖို့လိုသည်။

''ညီမလေး''

တုန်ယင်သံ၊ ဝမ်းနည်းသံ၊ အားဖြည့်သံ၊ မာန်တင်းသံ။

''ကိုကို့ကို ကြည့်စမ်း . . . ကိုကို့မျက်နှာကို

ကြည့်စမ်း''

မော့ကြည့်ကာ . . .

မျက်ရည်ပြည့် မျက်ဝန်းလဲ့က ရင်ကို ကွဲရှစေလေသည်။

''အသက်နှစ်ဆယ်ကျော်ကျော်လေးမှာ မှား

သွားပြီ မဟုတ်လား''

မျက်ရည်လျှံလျက်က ငိုဖို့ ဟန်ပြင်သေးသည်။

''မငိုနဲ့ ဖြေ။ ကိုကိုမေးတာကို ဖြေ။ မှားခဲ့ပြီ

မဟုတ်လား''

ခေါင်းအညိတ်၌ ဆံသွယ်စတို့သည် မျက်ရည်စီးကြောင်းများ

သို့ တွယ်ကပ်ကုန်၏။

''မှားမှာပေါ့ လူပဲ၊ မှားတာ ဘာဖြစ်လဲ''

သူ့ကိုကြည့်လျက် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ကြည့်မိင်

အောင် ကြိုးပမ်းပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"သီချင်းတောင်ရှိသေးတယ်၊ တစ်ခါလဲရုံနဲ့ အပြီးထိုင်လိုက်တော့မှာလားတဲ့။ ပြေးနေတဲ့လူတွေ လမ်းလျှောက်နေတဲ့လူတွေ၊ အားလုံး တစ်ကြိမ် တစ်ခါလောက်တော့ ချော်လဲဖူးကြမှာပဲ။ တစ်ခါ ချော်လဲရုံနဲ့ ထိုင်ပြီး ငိုချလိုက်တာ အဓိပ္ပာယ်ရှိပါ့ မလား"

ခေါင်းခါသဖြင့် ကျွန်တော် ကျေနပ်သည်။

"ပြန်ထရမှာပေါ့၊ ဆက်ပြေးရမှာပေါ့။ တစ်ခါ များရုံနဲ့ ငါ့ဘဝကြီးတော့ သွားပါပြီဆိုပြီး ထိုင်ချ လိုက်မလား။ အမှန်ရှိတဲ့ဆီကိုရောက်ဖို့ ပြန်ကြိုးပမ်း မလား။ ညီမလေး စဉ်းစား။

အခု ညီမလေးက ချော်လဲသွားတာ၊ မထူး တော့ပါဘူးဆိုပြီး ဘဝကို မဖွယ်မရာနည်းနဲ့ အဆုံး သတ်မလား၊ ပြန်ထ,မလား"

"ပြန်ထချင်တယ်"

ကျွန်တော် ဝမ်းသာသွားပါသည်။

"ညီမလေး၊ ပြန်ထျင်ရင် ကိုကိုက ထူရမှာ ပေါ့၊ လဲနေသူ ထူပေးပါ ...တဲ့"

အပြုံးတစ်ခုကို ရှင်းသန့်စွာ ဖန်တီးလျက် ကြည်လင်စွာ





ကျွန်တော် ပြောသည်။ ပြန့်ကျဲနေသော စာရွက်တွေ၊ ဓာတ်ပုံတွေကို ကျွန်တော် တစ်ခုချင်း ကောက်၏။ ကျွန်တော့်လက်အတွင်းသို့ အားလုံး သောအရာများ တစ်စုတစ်စည်းတည်း ပြန်လည်ကောက်ယူနိုင်ပြီ ဖြစ်သော်လည်း ကြမ်းခင်းပေါ်ရှိ ပြန့်ကျဲနေသော ပန်းအိုးလှလှလေး၏ အစိတ်အပိုင်းများကတော့ မည်သို့မျှ ပြန်လည်တွယ်ဆက်၍ မရနိုင် တော့ချေ။

ပန်းအိုးလေး ကွဲကြေသွားရတာ ဒေါသတကြီးနှင့် ပစ်ခွဲလိုက် သည့် ကျွန်တော့်ကြောင့်လား၊ ဒါမှမဟုတ် ကျွန်တော့်ပစ်ခွဲရာ လမ်း ကြောင်း၏ အနီးကပ်ဆုံးတည့်တည့်ရှိ မာကျောသော အုတ်နံရံကြီး ကြောင့်လား၊ ကျွန်တော် ရေရာစွာ မစဉ်းစားဝံ့တော့ချေ။

"ညီမလေးရဲ့စာကို ဖတ်ပြီး ကိုကိုနားလည် ပါတယ်။ ဒါပေမဲ့ ကိုကိုနားလည်ရုံနဲ့ ပြဿနာက ပြီးသွားမှာ မဟုတ်ဘူးလေ။

ရင်ဆိုင်ဖို့လိုသေးတယ်၊ ဖြေရှင်းဖို့လိုသေး တယ်၊ မှန်ကန်တဲ့ ရင်ဆိုင်ဖြေရှင်းနည်းမျိုး ညီမလေး ဆီမှာ ရှိမှာမဟုတ်ဘူး။ အဲဒီတော့ ... ကိုကို့စကား ကို ညီမလေး နားထောင်ရမယ်။ လိုက်နာရမယ်။

အဲဒီအတွက် မေမေစိန့်ကိုလည်း ကြောက် စရာ မလိုဘူး။ ဖေဖေ့ကိုလည်း ကြောက်စရာမလိုဘူး။



www.burmeseclassic.com

www.burmeseclassic.com



တခြားသူ ဘယ်သူ့ကိုမှလည်း ဂရုစိုက်စရာမလိုဘူး ဘယ့်နှယ့်လဲ ကိုကို့စကားကို ညီမလေး နားထောင်မှာလား''

လေးပင်စွာ ခေါင်းညိတ်သည်။

မိုင်ပေါင်းများစွာသော ခရီးကို စက္ကန့်ပိုင်းအတွင်း သွားလာကူးဖြတ်လိုက်သကဲ့သို့ မျက်စိတစ်မှိတ်အတွင်း၊ လျှပ်တစ်ပြက်အတွင်း ကျွန်တော်စိတ်၏တွေးဆမိသောဆန္ဒကို ကျွန်တော်၏ဦးနှောက်ဖြင့်လည်းကောင်း၊ နှလုံးသားဖြင့်လည်းကောင်း၊ နိုင်မာစွာ ဆုံးဖြတ်လိုက်လေ၏။

''ညီမလေး ကိုကို့ကို လက်ထပ်ရမယ်''

ခေါင်းကို တစ်ချက်ချင်း လေးပင်စွာ ခါယမ်းနေရှာသည်။

''ညီမလေးကို ကိုကို လက်ထပ်မယ်''

''မဟုတ်ဘူး . . . ကိုကို့နဲ့မဆိုင်ဘူး။ မဟုတ်ဘူး၊ အဲဒီလို မဟုတ်ဘူး။ အဲဒါမျိုး မဖြစ်စေရဘူး ညီမလေးပြဿနာကို ညီမလေးဘာသာပဲ ရှင်းပါစေ ကိုကိုရယ်''

သည်းထန်လှိုက်မောစွာ ရှိုက်ကြီးတငင် ငိုလေသည်။ ကျွန်တော့်ညီမလေးကို ကျွန်တော် ပိုက်ထွေးထားလိုက်သည်။ ကျွန်တော့်ရင်ခွင်ကို မျက်နှာအပ်လိုက်ရုံဖြင့် သူ့မျက်ရည်တွေ ခန်း





ခြောက်သွားလျှင် ဘယ်လောက်များ ကောင်းလိုက်လေမလဲ။ ကျွန်တော့်ပိုက်ထွေးမှုက သူ့ဒုက္ခတွေကို ကွယ်ပျောက်သွားစေလျှင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ အခုတော့ ကျွန်တော်လည်း မျက်ရည်ဝဲရသည်။

''ကိုကိုက ညီမလေးကို ကယ်တင်တာ မဟုတ်ပါဘူး၊ ကူညီတာလည်း မဟုတ်ဘူး၊ ကိုကို ကိုယ်တိုင်က ညီမလေးကို ချစ်နေတာ၊ ညီမလေးကရော ကိုကို့ကို မချစ်ဘူးလား''

(နှလုံးသားထဲက အမှန်တကယ် ပွင့်အံလာခြင်းသာ ဖြစ်ခွင့်ပေးပါတော့လား ကံတရားရယ်)

''ဘာလဲ . . . ပွဲလန့်တုန်း ဖျာခင်းတဲ့သူဆိုပြီး ကိုကို့စကားကို လက်မခံတာလားဟင်''

မော့ကြည့်နေသော မျက်ရည်လဲ့ မျက်နက်ဝန်းလေးကို ငုံ့လျက် ပြုံးကြည့်ကာ ကျွန်တော် မေးသည်။

''ကိုကို့ဆီက ညီမလေး အဲ့ဒီစကားတွေ မကြားချင်ဘူး။ မပြောနဲ့တော့နော် ကိုကို။ အထူးသဖြင့် ဒီလိုအချိန်မှာ အခုလို အခြေအနေမျိုးမှာ ကိုကိုမပြောပါနဲ့''

''ဘာဖြစ်လို့ မပြောရမှာလဲ၊ ဒီဘဝထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး ရေးထားတယ်လေ။ ကိုကိုသာ ညီမလေး၏ အုပ်ထိန်းသူ၊ ကိုကိုသာ ညီမလေးရဲ့အစ်ကို၊ ကို သာ ညီမလေးရဲ့အလင်းရောင်ဆို။

အလင်းတကာ့ အလင်းရောင်တွေထဲမှာ ချ ခြင်းရဲ့အလင်းရောင်ဟာ အတောက်ပဆုံးပဲ။ ကို ဟာ ညီမလေးအတွက် ချစ်ခြင်းအလင်းရောင် ကိုကို့စကားကို နားထောင်နော်။ မငြင်းနဲ့နော်"

ရင်ခွင်မှ ဖယ်ခွာသည်။ ကျွန်တော့်မျက်နှာကို နီးကပ်လျှ ငေးမောကြည့်ရင်း ...

"ကိုကို ... ညီမလေးကို အဲ့ဒီလောက်အထ ခွင့်မလွှတ်ပါနဲ့ ကိုကိုရယ်။ ယမင်းကို အပြစ်ဒဏ် တွေပဲ ပေးလိုက်ပါတော့"

"ဒါ အပြစ်မှ မဟုတ်တဲ့၊ ဘဝဆိုတဲ့ လမ်းခ ကို လျှောက်ရင်း၊ လှမ်းရင်းနဲ့ ခလုတ်တစ်ချက်တိုက် မိတာပဲ။ မိုက်ခဲ့တာ မှားခဲ့တာဟာ အပြစ်မဟုတ်သေး ဘူး။ မိုက်မှန်း မှားမှန်းသိရက်နဲ့ ဆက်ပြီး မှားနေ မိုက်နေတာသာ အပြစ်ဖြစ်တာ။

ကဲပါ ... အပိုတွေ ပြောမနေနဲ့တော့။ ကိုကို ညီမလေးကို ချစ်တယ်။ ညီမလေး ကိုကို့ကိုချစ်ရင်





ကိုကို့စကားကို နားထောင် ဒါပဲ၊ ဘာမှပြန်မပြောနဲ့ တော့ ..."

ခေါင်းငိုက်စိုက်ချကာ ...

"ညီမလေးကြောင့် ကိုကို ဘာကိုမှ မဆုံးရှုံး စေချင်ဘူး"

"ဆုံးရှုံးတယ်ဆိုတဲ့ ဝေါဟာရက ကုန်သည် ပွဲစားတွေ အမြတ်အစွန်းတစ်ခုတည်းကိုသာ အာသာ ငမ်းငမ်းဖြစ်နေသူတွေ ကြားထဲမှာသာ သုံးနှုန်းရမယ့် ဝေါဟာရပါ ညီမလေးရဲ့။

ချစ်သူခင်သူတွေ၊ မိတ်ကောင်းဆွေကောင်း တွေ၊ မိတ်စစ်ဆွေစစ်တွေ၊ တကယ့်မောင်နှမတွေ ကြားမှာ သုံးနှုန်းရမယ့် ဝေါဟာရ မဟုတ်ဘူး။ မိတ် ကောင်းဆွေစစ် ချစ်သူခင်သူ တစ်အူတုံစင်း မောင် ရင်းနှမတွေကြားထဲမှာ အဲဒီဆုံးရှုံးမှုဆိုတဲ့ စကားလုံး မသုံးသင့်ဘူး။ ရှိကို မရှိသင့်ဘူး"

"ယမင်း ဘာလုပ်ရမှန်း မသိတော့ဘူး ကိုကိုရယ်"

"ဘာလုပ်ရမှန်း မသိလို့ သိတဲ့သူက ပြော နေပြီပဲ၊ ကိုကို့စကားကို နားထောင်လိုက်ပါ။ ညီမ



www.burmeseclassic.com

www.burmeseclassic.com



လေး စဉ်းစားချင်ရင် စဉ်းစားပါဦး။ အချိန်တော့ သိပ်မကြာစေနဲ့နော်။

ဒီအတောအတွင်းမှာ ကိုကို ညီမလေးနဲ့ နေ့တိုင်းတွေ့မယ်။ အဖန်ငါးရာ ငါးကမ္ဘာကျင်လည် ရမယ့် အပြစ်၊ ပါဏာတိပါတာကံကို ကျူးလွန်ရမယ့် အပြစ်မျိုးကို မကျူးလွန်ပါဘူးလို့ ကိုကို့ကို ညီမလေး ကတိပေးထားရမယ်''

နှုတ်ခမ်းပါးလေးနှစ်လွှာက အံ့သြဟန်ဖြစ်ကာ မျက်လုံးလေးတွေက မမိုတ်မသုန်ကြည့်လျက် ခေါင်းညိတ်ကတိပေးသည်။ ပြီး နောက် ကျွန်တော့်ရင်ခွင်၌ ခိုလှုံနေရှာ၏။

တံခါးဝတွင် လူရိပ်တွေ့သည်။ ဖေဖေဟု သိသည်။ ပွဲရုံက ဘာပစ္စည်းများ ကျန်ရစ်ခဲ့သလဲ မသိ။

''သား . . . တံခါးဖွင့်ပေးဦးလေ''

ကျွန်တော့်တစ်ကိုယ်လုံး၏ ထူပူမှုက သာမိုမီတာအတွင်းရှိ ပြဒါးမှတ် ကျော်လွန်သွားနိုင်သည်။ မီတာတိုင် ကျိုးပဲ့သွားစေနိုင် သည်။

ဖေဖေ့ကို သံတံခါးဖွင့်ပေးနေရင်း . . . ခြေလက်မတုန်၊ ရင် မခုန်သော်လည်း ကျွန်တော့်နားရင်းတွေ ထူပူနေသည်။ ဖေဖေ့ကို ဝေ့ခနဲမျှ မကြည့်ရဲ။





ဖေဖေ ကျွန်တော့်မျက်နှာကို သေသေချာချာ ကြည့်နေပေ လိမ့်မည်။ ဖေဖေ့မျက်လုံးတွေကို ကျွန်တော် ကြောက်သည်။ ဖေဖေ့ မျက်လုံးတွေကို ကျွန်တော် သိသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

s

ရှည်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ ဟူသည့် စကားပုံသည် လွန်စွာခဲ့ဆုံးဖြတ်ရခက်သော ကိစ္စများအတွက် လုံးဝ အကျုံးမဝင်သော စကားပုံဟောင်းတစ်ခုဖြစ်သည်။

တစ်စုံတစ်ခုအဆင်ပြေဖို့ အခြားသောတစ်စုံတစ်ခု (သို့မဟုတ်) အခြားသောအရာများကို ပြတ်သားစွာ စွန့်လွှတ်ရပေလိမ့်မည်။



## အသည်းနှလုံး၏ကြေညာစာတမ်း

နွဲ့ယမင်းစိုးဟူသော ဒုက္ခသည်မလေးအတွက် ကျွန်တော် ဘာကိုစွန့်လွှတ်ရမည် ထင်ပါသလဲ။ ကျွန်တော့်မေးခွန်းထဲ၌ပင် အဖြေတစ်ခု ပါဝင်နေလေ၏။

ကျွန်တော့်ချစ်သူ သီဂီထွေးကို ကျွန်တော် စွန့်လွှတ်ရပေလိမ့်မည်။ လူတွေ ပြောပြောနေကြတဲ့ ရှည်လည်းလျှောက်သာ ပျားလည်းစွဲသာဆိုသော အခြေအနေမျိုးကို ကျွန်တော် ဖန်ဆင်းချင်ပါသည်။ ဒါပေမဲ့ နွဲ့ယမင်းစိုး၏အခြေအနေက အချိန်အခါကို အနည်းငယ်မျှပင် မစောင့်စားသင့်တော့ကြောင်း ကျွန်တော် ယူဆထားမိသည်။

ဖေဖေ့ကို တိုင်ပင်ချင်၏ ကျွန်တော် နှုတ်မဟရဲ။ သူငယ်ချင်းကို တိုင်ပင်ချင်၏။ နွဲ့ယမင်းစိုးကို အားနာသည်။ ပြီးနောက် ချစ်သူကို အသိပေး အကြံတောင်းချင်သည်။ နွဲ့ယမင်းစိုး၏ ဣန္ဒြေသိက္ခာကို အမြန်ဆုံးကာကွယ်ဖို့ သူ ဘယ်လောက်အထိ လိုက်လျောနိုင်မှာလဲ။

ဘဝသံသရာအဆက်ဆက် တင်ရှိခဲ့သော ဝဋ္ဋ်ကြွေးများကြောင့် နွဲ့ယမင်းစိုးအတွက် ကျွန်တော် ပေးဆပ်လိုက်တော့မည်။ အကြွင်းနာသူရဲကောင်းအဖြစ် ကျွန်တော် ရင်မကော့။ ပေးဆပ်သူကြီးအဖြစ် ကျွန်တော် ဂုဏ်မယူ။

အနည်းဆုံး ကျွန်တော်ရရှိမည့် ဆုလာဘ်ကတော့ ချစ်သူနှင့် ကွေကွင်းရခြင်း ဖြစ်ပေမည်။ သိပ်ကံဆိုးလျှင်တော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်သိက္ခာကိုပင် ထိခိုက်သွားနိုင်သည်။

နွဲ့ယမင်းစိုးကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည့် ကျွန်တော့် စိတ်နှလုံးအတွက် ကျွန်တော့်မှာ တိုင်ပင်ဖော် မရှိ၊ တိုင်ပင်ဖော်ဆို၍ ကျွန်တော်သာလျှင် ရှိသည်။ ကျွန်တော့်ဆုံးဖြတ်ချက် နိုင်မာဖို့ (သို့ မဟုတ်) နည်းလမ်းတစ်ခုပြောင်းဖို့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် နှစ်ကိုယ်ခွဲ၍ တိုင်ပင်ကြည့်ဖြစ်ပါသေး၏။

"သူ့ထိုက်နဲ့ သူ့ကံ၊ သူ့ပြဿနာ သူရှင်းပေ စေပေါ့ကွ၊ ပစ်ထားလိုက်"

"သူ့ပြဿနာသူ ဘယ်လိုလုပ်ရှင်းနိုင်မှာလဲ၊ မဖွယ်ရာတဲ့နည်းလမ်းနဲ့ ရှင်းလိုက်ရင် ဘယ်လိုလုပ် မလဲ၊ အဖန်ငါးရာ ငါးကမ္ဘာကိစ္စမျိုး သူ့ကို ငါ မကျူး လွန်စေချင်ဘူး။ ပါဏာတိပါတကံကို လူမသိသူမသိ ကျူးလွန်တာမျိုးကိုလည်း ငါ အားမပေးဘူး"

"မင်းချစ်သူ သိင်္ဂီထွေးအတွက် ထည့်မစဉ်း စားတော့ဘူးလား"

"စဉ်းစားတယ်၊ သိင်္ဂီထွေးကို ငါ စွန့်လွှတ် လိုက်ရင် သိင်္ဂီထွေး ရင်နာရုံအပြင် ဘာမှမထိခိုက် နိုင်ဘူး။ ညီမလေးကို ပစ်ထားလိုက်ရင် အရှက်သိက္ခာ လည်း ပွန်းပဲ့သွားနိုင်တယ်။ အသက်ခန္ဓာလည်း





ထိခိုက်သွားနိုင်တယ်"

"ငါ ... သနားတတ်တယ်"

"သိင်္ဂီထွေးကိုရော၊ မသနားဘူးလား"

"သနားတယ်၊ ဒါပေမဲ့ သိင်္ဂီထွေးက ရေစပ် မှာထိုင်နေတဲ့သူ ...။ နွဲ့ယမင်းစိုးက ရေလယ်မှာ နစ်နေတဲ့သူ၊ ရေနစ်တဲ့သူကို ငါ ပိုပြီး ဦးစားပေးရ မယ်။ ရေထဲကလူကို ဆယ်ယူပြီးမှ ရေစပ်က လူကို ငါဖြေရှင်းမယ်"

"ဘယ်လိုဖြေရှင်းမလဲ"

"နွဲ့ယမင်းစိုးကို ငါ လက်ထပ်မယ်။ သူ့ရင် သွေးအတွက် ငါ အမည်ခံမယ်။ ကိစ္စဝိစ္စတွေပြီးမှ သိင်္ဂီထွေးကို အဖြစ်မှန်အတိုင်း ငါပြောပြမယ်၊ လော လောဆယ်တော့ သူ ငါ့ကို မုန်းမေ့နေဖို့ လိုအပ်တယ်။ ကြိုပြီး ပြောပြမထားချင်ဘူး။ ပြောပြမိရင် သူ မစာနာ တတ်မှာစိုးတယ်"

"မင်းရဲ့ဂုဏ်သိက္ခာအတွက်ကော ထည့်မစဉ်း စားတော့ဘူးလား။ ဥပမာ သစ္စာမဲ့တဲ့သူလို့ အထင်ခံ ရတာမျိုးပေါ့"

"လ, ဘယ်လောက်သာသာ တိမ်မှောင်းစင်



www.burmeseclassic.com

www.burmeseclassic.com



သေးရင် လမင်းကို မမြင်နိုင်ဘူးလေ''

''မင်းရဲ့ အရင်းအနှီးက ကြီးမားလွန်းနေတယ်နော်''

''ဒါနအားကြီးတဲ့သူဟာ ဥစ္စာပစ္စည်းလျော့ပါးမှာကို မစဉ်းစားတော့သလိုပေါ့ကွာ။ စာနာသနားစိတ်ကြီးမားနေမိတဲ့အတွက် တခြားထိခိုက်မှုတွေကို ငါထည့်မတွက်ချင်တော့ဘူး''

''အဲဒီတော့ မင်း ဘယ်လိုလုပ်မယ် စဉ်းစားထားသလဲ''

''ညီမလေးကို လက်ထပ်မယ်လို့ ငါ ပြောပြီးပြီ။ ငါ့ကို မုန်းမေ့ဖို့ သီဂီထွေးကိုပြောဖို့ပဲ ကျန်တော့တယ်''

''မင်း . . . ပြောရက်လို့လား''

''ပြောရဲအောင် ပြောရမှာပေါ့။ ပြောဖြစ်အောင် ပြောမယ်''

''မင်း အတ္တတွေ သိပ်ကြီးမနေဘူးလား''

''ငါ့အတ္တက ငါ့အတွက်မှ မဟုတ်ဘဲ''

''သူငယ်ချင်းတစ်ယောက်ယောက်ကို တိုင်ပင်ပါဦးလား''





''မတိုင်ပင်တော့ဘူး၊ ဘာကို ဆုံးဖြတ်ရမယ်ဆိုတာ ငါပဲ သိတယ်''

ကိုယ့်ကိုယ်ကိုယ် နှစ်ကိုယ်ခွဲ၍ တိုင်ပင်ကြည့်သော်လည်း အခြားတစ်ပါးသောအဖြေကို တွေး၍မရ။

ထို့ကြောင့် ကျွန်တော် အခြားတစ်ပါးသောအရာများကို မျက်ကွယ်ပြုလျက် ညီမလေး နှင့်ယမင်းစိုးအတွက် ကိုယ့်ကိုယ်ကိုယ် မဟာတံတိုင်းကြီးအဖြစ် ရဲဝံ့စွာ သတ်မှတ်ပစ်လိုက်ပါသည်။

❋



www.burmeseclassic.com

www.burmeseclassic.com

တချို့ကိစ္စတွေအတွက်

အသည်းအသေး ထိုင်သင့်တယ် ...

တချို့ကိစ္စတွေအတွက်

မှန်ကြည့်သင့်တယ် ...

ဇဲ ...

သိပ်ကြီး ဆုံးဖြတ်ရခက်တဲ့

တချို့ကိစ္စတွေအတွက်တော့

မျက်လုံးကို နှိမ်ထားသင့်တယ်။ ။

❋ ❋ ❋



# ဒေဘက ကြေညာချက်



www.burmeseclassic.com

www.burmeseclassic.com

# (၂၂)

ဖြစ်ပျက်ကြုံတွေ့ခဲ့ရသမျှတွေကို 'အစဉ်တကျ ပြန်လည်စဉ်းစားပြီးမှ အိပ်ပျော်ခဲ့ရသဖြင့် ကျွန်တော် အိပ်ရာထ နောက်ကျသည်။

အိပ်ရာထ နိုးခါစ အသိဟာရားထဲ၌ပင်လျှင် နွဲ့ယမင်းစိုး၏ကိစ္စက အရင်ဦးဆုံး ရှိနေလေသည်။

လက်ရှိအခြေအနေ၌ နွဲ့ယမင်းစိုး၏အနီးတွင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ပြည့် ရှိနေချင်သည်။ ရှိနေသင့်သည်။ အရက်ဟူသော ခေါင်းစဉ်ကိုတပ်လျက် အသက်ကို ရန်ရှာလိုက်မှာ စိုးရိမ်၏။

မိုက်တုန်းက မိုက်၊ မှားတုန်းက မှားခဲ့ကြပြီးမှ 'အရက်နှင့်အသက်ကိုလဲတယ်' ဟူသော တန်ဖိုးကြီးမားသည့်စကားကို အသုံးပြုပြီး မိမိအသက်ကိုလည်းကောင်း၊ ဆက်နွယ်ရာ အသက်နှကိုလည်းကောင်း၊ ဖျောက်ဖျက်ရန်ရှာကြသော အမိုက်အမဲတွေ လူ့လောကကြမည့်မှုများ များပြားခဲ့လေသလဲ။

ရင်ထိတ်စွာ ကျွန်တော် တွက်ဆသည်။

ရက်တတ်ရင် အစကတည်းက ရက်စရာကို မပြုမူနဲ့ ကြောက်တတ်ရင် ကြောက်စရာကို မထိပါးနဲ့။

အခုတော့ အရက်ကန်းကုန်နေပြီ မဟုတ်လား ...ဟု ရင့်သီးခက်ယန်စွာ ပြောဆိုပြီး နွဲ့ယမင်းစိုးကို ကျွန်တော် ရိုက်နှက်ပစ်လိုက်ချင်သည်။

အချစ်ယောင်ဆောင်၍ လာတတ်သော သွေးကြောမျှင်တို့၏ အမိုက်အမှောင်တရားတို့ကို မသိတတ်သေးသည့် မိန်းကလေးပါလားဟု နှလုံးပိုက်မိသဖြင့် ကျွန်တော် အပြစ်မဖို့ရက်တော့ချေ။

မှားပြီးသူကို မှားတယ် ...မှားတယ်ဟု ပြောဆိုနေမည့်အစား အမှားထုထည် ဆက်လက်မကြီးထွားစေရန် စည်းတားကာကွယ်ဖို့သာ ကျွန်တော် လိုလားသည်။ ထို့ကြောင့် သူ့အနားမှာ





ကျွန်တော် ရှိနေချင်တယ်။

❋

အိပ်ရာနိုးလျှင်နိုးချင်း ညီမလေးနွဲ့ယမင်းစိုးထံသို့ ကျွန်တော်ဖုန်းဆက်သည်။ ဖုန်းကိုင်သူမှာ မေမေစိန် မဟုတ်သဖြင့် ကျွန်တော့်စိတ်အမော သက်သာရာရ၏။ နွဲ့ယမင်းစိုးနှင့်တွေ့သည်။ ကမ္ဘာအေးစေတီသို့လာရန် ကျွန်တော် မှာကြားသည်။ 'မာမီလစ်တာနဲ့ ထွက်ခဲ့မယ်' ဟု အလျင်အမြန်ပြောပြီး စကားပြောခွက်ကို ကမန်းကတန်းချလိုက်သံကြား၏။ ဘာပဲဖြစ်ဖြစ် စကားသံကြားနေရသေးသဖြင့် စိုးထိတ်မှုထုထည် အနည်းငယ်မျှ လျော့ပါးသည်။

❋



www.burmeseclassic.com

www.burmeseclassic.com



သိမ်တော်ကြီးလေ့ကားထစ်များမှ အတူတကွ ဆင်းသက်ခဲ့ကြသည်။ ကမ္ဘာအေးစေတီတော်ရင်ပြင်၏ ပြင်ပတွင် ရပ်ထားသော ကျွန်တော့်ကားရှိရာသို့ ဦးတည်လှမ်းလျှောက်ခဲ့ကြ၏။ မောနေသူလေးကို ကြည့်မြင်ရသဖြင့် ကျွန်တော် စိတ်မောသည်။

"ဘာဖြစ်လို့ ကားယူမလာတာလဲ ညီမလေးရယ်"

"မာမီ ကားယူသွားလို့ ပြီးတော့ သူပြန်လာမှ အပြင်ထွက်လာရင် ကိုကိုဆီကို နောက်ကျမှာစိုးလို့ တက္ကစီနဲ့လာတာ"

"နေကောင်းရဲ့လား ညီမလေးရယ်"

"ကောင်းပါတယ် ကိုကိုရဲ့၊ အပြေးအလွှား ထွက်လာရလို့ နည်းနည်းပဲ မောတာပါ"

ကားတစ်စီးဝင်လာသဖြင့် လူသွားလမ်းပေါ်သို့ အတူတက်လျှောက်ကြသည်။

"ကိုကို ညီမလေးကို ပြောစရာရှိလို့ ခေါ်တာလားဟင်"





"ပြောစရာ ထွေထွေထူးထူး မရှိပါဘူး။ ကိုကို ပြောချင်တာ ဖြစ်စေချင်တာ ညီမလေးကို ပြောထားပြီးပြီပဲ"

"ဒါဆို တွေ့ချင်လို့ ခေါ်တာလား"

ရပ်လျက် မေးသည်။

"တွေ့ချင်လို့ပေါ့။ ကျန်းကျန်းမာမာ လန်းလန်းဆန်းဆန်းရှိမယ့် မျက်နှာလေးကို တွေ့ချင်လို့၊ ကိုကို ညီမလေးကို စိတ်မချဘူး။ စိတ်ချလက်ချ ဖြစ်ချင်တယ် ညီမလေးရယ် . . .။ ကိုကို့ကို အမြန်ဆုံး လက်ထပ်ပါ"

ခေါင်းခါသည်။

"အချိန်ဆွဲလို့ မသင့်လျော်တော့ဘူး ညီမလေး"

လေသံမာလျက် ကျွန်တော် ပြောသည်။

"မသီဂီတွေးကို ယမင်း သနားတယ်။ ပြီးတော့ ကိုကို့ကို သနားတယ်။ အို . . . ညီမလေးကြောင့် နှစ်ယောက်စလုံး မကွဲကွာစေချင်ဘူး၊ ညီမလေး အဲဒါပဲ ပြောတတ်တယ်"

"အဲဒါက ခံစားချက်။ အခု နင်ဖြစ်နေတာ



www.burmeseclassic.com

ရင်ဆိုင်နေရတာတွေက အခက်အခဲ၊ အဲဒီအခက်အခဲကို ဘယ်လိုဖြေရှင်းမလဲ၊၊ စေတနာစိတ်အပြည့်နဲ့ နင် ဘယ်လိုဖြေရှင်းမလဲ . . . ပြော၊၊ အခက်အခဲကို ကျော်လွှားဖို့၊ ဖြေရှင်းဖို့ ခံစားမှုတွေကို ဘေးချိတ်ထားရမယ်၊၊

ညီမလေးရယ် . . . စကားတွေ မှန်လုံးစကျကပ်အောင် မလုပ်ပါနဲ့တော့၊၊ ကိုကို စိတ်တွေပူလွန်းလို့ပါ၊၊ ညကလည်း ဟိုတွေး၊ ဒီတွေးနဲ့ အိပ်မပျော်ဘူး၊၊

သီချင်းတွေးအတွက် ဘာမှ ထည့်မတွက်နဲ့၊၊ သူက သူ့ငယ်နှပ်စား မဟုတ်ဘူး . . . ဆရာမ၊ ဆင်ခြင်တုံတရားရှိတယ်၊ ခံစားနိုင်စွမ်းရှိတယ်၊၊ ညီမလေးသာ ဆင်ခြင်တုံတရားကင်းမဲ့တဲ့အလုပ်ကို လုပ်မှာစိုးလို့ ကိုကိုက ခခယယပြောနေတာ၊ အားမနာဘူးလား ညီမလေးရယ်''

''ကိုကို''

ခြေလှမ်းလေးရပ်လျက် ခေါ်သည်၊၊

''ညီမလေးကို ကိုကို သိပ်ချစ်တာပဲလား ဟင်''





''ချစ်တယ်၊ ကိုယ့်ကိုယ်ကိုယ်ချစ်သလိုမျိုး
ချစ်တယ်၊ နှစ်ဦးသဘောတူလက်ထပ်ဖို့ ကိုကို စီစဉ်
တော့မယ်နော်''

ခေါင်းညိတ်လိုက်လေ၏၊၊ ယခုမှ သက်ပြင်းချဖြစ်သည်၊၊ မျက်လုံးဆုံစွာ သူ ငေးကြည့်သည်၊၊ မျက်လုံးချင်း ကြုံဆုံငေးမောနေမိသော်လည်း ရင်တွင်မခုန်၊ သည်းခြေ မလှုပ်၊ အသိ မမော၊ သွေးကြော မစိမ့်၊၊

နွမ်းနယ်သည့်မျက်ဝန်းကို လန်းဆန်းစွာ ငေးကြည့်ပြီး ကြည်လင်စွာပြုံးလျက် နှစ်သိမ့်အားဖြစ်စေလိုက်သည်၊၊

''ကျွို''

ကျွန်ုတော်တို့နှစ်ယောက် လျှောက်လှမ်းနေရာ၏ တစ်ဖက်အခြမ်းရှိ ဥဿသီရိဥယျာဉ်တော်ဘက်အခြမ်းတွင် ကားတစ်စီး၏ ဘရိတ်အုပ်လိုက်သောအသံကို ပြင်းထန်စွာကြားရသည်၊၊

''ဟင် . . . မာမီ''

သည်ဘက်အခြမ်းသို့ ကူးလာနေသူမှာ ထိုကားအတွင်းမှ ဆင်းသက်လာသော ဒေါ်နေရီစိန်ဖြစ်၏၊၊ ခြေလှမ်းတွေ၊ ကိုယ်စီရပ်တန့်လိုက်ကြသည်၊၊ ဘာပဲဖြစ်ဖြစ်၊ ဘာပဲပြောပြော ရင်ဆိုင်ရတော့မည့် အခြေအနေဟု သိလိုက်သဖြင့် မတုန်လှုပ်စွာ ကျွန်တော်နေသည်၊၊

''ညီမလေး . . . မေမေစိန် ဘာပဲပြောပြော

www.burmeseclassic.com



ဘယ်လိုပဲထင်ထင် မနက်ဖြန်မနက် ကိုးနာရီမှာ ဒီနေရာကို ရောက်အောင်လာခဲ့၊ ကိုကို စောင့်နေမယ်နော် . . .။ ညီမလေး ကိုကိုနဲ့ လိုက်သွားပြီလို့ စာရေးခဲ့''

''ဟုတ်''

တိုတောင်းသော တုန့်ယင်သံ။

ဒေါ်နေရီစိန် ကျွန်တော်ရှေ့သို့ တည့်တည့်လာရပ်သည်။

''သမီး ကားထဲမှာ သွားထိုင်နေ''

နွဲ့ယမင်းစိုး ကျွန်တော့်ကို ငဲ့၍ပင်မကြည့်။ သူ့မိခင်၏ အမိန့်ကို နာခံလိုက်ရရှာသည်။

''သမီးခြေလှမ်းတွေ ပျက်နေလွန်းလို့ မနည်းကို နောက်ယောင်ခံလိုက်ရတယ် မင်းခန့် . . .။ မင်းက ဖအေတူသားမှ မဟုတ်ဘဲကွဲ့။ မပတ်သက်စေရဘူးလို့ လက်မ.ထောင်ပြီး ပြောခဲ့တဲ့ မင်းအဖေလို မင်းက မပြတ်သားဘူး''

ခေါင်းငုံ့လျက်သာ ကျွန်တော် နေသည်။

''နှမလေးလို ချစ်တယ်ဆိုရင် ဒီလို နိုးချောင်းနိုးဝှက် တွေ့စရာမလိုဘူး။ အို . . . ဘယ်လိုနည်းနှင့်မှ ပတ်သက်စရာ မလိုဘူး။ ဒါ နောက်ဆုံးအကြိမ်ဖြစ်ပါစေ မင်းခန့်ညား။ မင်းအရည်အချင်းနဲ့ မိန်းမတစ်





ယောက်ကို တခြားမှာ မရှာနိုင်ဘူးလား။ အကြံမပက်စက်စမ်းပါနဲ့''

မေးကြောတစ်ချက် တင်းလိုက်သော်လည်း ချက်ချင်း ပြေလျော့ရ၏။

''ငါဟာ မိထွေးပဲ၊ ဒါပေမဲ့ အခုအချိန်မှာ လောကကြီးထဲမှာ ငါလည်း တစ်ယောက်တည်း၊ မိထွေးနဲ့ သမီးလေးလည်း တစ်ယောက်တည်း။ မိထွေးနဲ့ စိတ်မချဘူးဆိုပြီး သားမယားလို ကျင့်ကြံဖို့ မင်း မစဉ်းစားပါနဲ့''

''မေမေစိန်''

အသိဉာဏ်က ထိန်းချုပ်ထားပါလျက် အသည်းနှလုံး၏ ခံပြင်းစိတ်ကြောင့် အသံကုန် အော်ဟစ်လိုက်မိသည်။

''မင်း . . . မအော်ပါနဲ့၊ အော်ရင်းအော် ငါက အော်ရမှာပါ။ မင်း . . . သိပ်မိုက်ရိုင်းတယ်''

လှည့်ထွက်သွားသည်ကို ကျွန်တော် ငဲ့မကြည့်။ ကားစက်နှိုးသံကြားသည်။ ကားကွေ့သည်။ မောင်းထွက်သွားပြီးသည်အထိ ခြေစုံရပ်နေရာမှ ကျွန်တော် နေရာမရွေ့ဖြစ်သေး။

*



www.burmeseclassic.com

www.burmeseclassic.com



အမှန်တရား ... တဲ့။
ဘယ်သူတွေ
ခကာခကာ ပြောနေကြတာလဲ။
အမှန်တရား ... အကြောင်း
ကောင်းကောင်း၊ သိချင်ရင်
မျိုးသိပ်တတ်အောင် ကြိုးစားပါ။
ဒါပေမဲ့ ...
တစ်ချိန်ချိန်မှာ
ဖော်ထုတ်ဖို့ မမေ့နဲ့။
အဲဒီအချိန်မှာ
အမှန်တရားဟာ
သူ့ဥဩ်ထဲကနေ
သူ့အလိုလို ခွဲထွက်လာပြီး ...
အတောင်ပံမဲ့နှာ ပျံသန်းနေလိမ့်မယ် ...
လောလောဆယ်တော့ ...
ငါ့ကို အိပ်ဆေးပေးပါ ...။ ။

❊ ❊ ❊



(၂၃)

ဆိုင်ကောင်တာသို့ ဝင်လျှင်ဝင်ချင်း ကျွန်တော့်စားပွဲတွင် ဖော်ဝိတ်ထိုင်နေသည်ကို တွေ့၏။ ဈေးဝယ်လာသူတွေ ကျဲပါးနေသေးသည်။ အရောင်းဝန်ထမ်းများအားလုံး တာဝန်ကိုယ်စီ ထမ်းဆောင်နေကြ၏။ ဆိုင်မန်နေဂျာက အစွန်ဆုံးကောင်တာအနီးတွင် ရပ်နေသည်။

"အနော်ရထာလမ်းကဆိုင်ကို ငါ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ အဲဒီမှာ မတွေ့တာနဲ့ ဒီကို လိုက်လာတာ။ ဒီလည်း မရောက်သေးဘူးဆိုလို့ ငါ ထိုင်စောင့်နေတာ။ ဆယ်လူလာဖုန်းကို ငါ ဆက်ကြည့်သေးတယ်၊ မရဘူး။ မင်း စက်ပိတ်ထားတာလား''

''အင်း''

''နေပါဦး၊ မင်းက ဘယ်သွားနေတာလဲ''

''ဘုရားသွားဖူးတာ''

''အခါတိုင်း ညနေစောင်းမှ မင်း ဘုရားတက်တာပါ''

ဟု ဖော်ဝိတ်ပြောသည်။ ကျွန်တော် ဘာမှ ပြန်မပြောဘဲ သူ့နံဘေးတွင် ထိုင်လိုက်၏။

''ရော့''

အဖြူရောင် စာအိတ်တစ်အိတ် ပေးသည်။

''ဘာလဲ''

''စာ . . . သီဂီထွေးရဲ့ စာ''

ကျွန်တော် ငိုချင်သည်။

''မဖတ်ချင်ဘူးကွာ၊ ပြန်ယူသွားလိုက်ပါ''

''မင်းကွာ . . . ၁၁စ်စိမ်းချိုး ချိုးရုံတွင် မဟုတ်တော့ဘူး၊ ခါးခါးသီးသီးကို ဖြစ်နေတာပါလား''





''ဟုတ်တယ်၊ ငါ သူ့ကို မချစ်တော့ဘူး၊ မပတ်သက်ချင်တော့ဘူး''

''စာတော့ ဖတ်လိုက်ပါကွာ။ မုန်းတယ်၊ မေ့တယ်၊ စိမ်းကားတယ်ဆိုရင်လည်း လူကြီးဆန်ဆန် စိမ်းကားစမ်းပါ။ ရော့ . . .''

စကားလုံးဖြင့် ချည်နှောင်ခြင်းကို ခံလိုက်ရသည်။ အိတ်ကို ကျွန်တော် ယူသည်။ စိတ်၊ အသိ၊ နှလုံးသည်းခြေ အားလုံးသော အာရုံတို့ကို ထုံကျင်နေသူကဲ့သို့ဖြစ်အောင် ကျွန်တော် နေလိုက်၏။ စာအိတ်ကိုဖွင့် စာရွက်ခေါက်တစ်ခေါက်တွေ့၊ စာရွက်ခေါက်ကို ဖြန့်လျက် . . .

မိုင်ပေါင်းများစွာ ဝေးကွာနေသော မှိုင်းပျပျအရပ်ဒေသတစ်ခုကို မှုန်ရီစွာငေးမောကြည့်သကဲ့သို့ စာရွက်ကို ကျွန်တော် ငေးကြည့်ဖတ်ရှုသည်။ ဝေးကွာနေသည်ဟု တွေးမြင်ထားပါလျက် အနီးတွင် ရှိနေသည်ဟု သေချာအောင် အသိပေးလိုက်သော အရာကတော့ ကျွန်တော်၏ချစ်သူ သီဂီထွေး၏ လက်ရေးဝိုင်းဝိုင်းလေးများပင် ဖြစ်သည်။

*မောင်*

*မောင့်ကို အင်းလျားလမ်းမှာ ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်။ သူ ဘယ်သူလဲ . . .။*



www.burmeseclassic.com

www.burmeseclassic.com

## မောင်လှကျိုး (ချင်းချောင်းခြံ)

မောင့် လိုအင်ဆန္ဒကို လိုက်လျောဖို့၊ သိဂီ ဆုံးဖြတ်လိုက်

ပြီ မောင် ...။

မောင်ရယ် ...

ခြံခုန်သွားပြီလို့ သိဂီ မတွေးရက်ပါဘူး။ ခန့်မှန်းသိနဲ့ သိ

သာ သိလိုက်ပေမယ့်၊ အဲဒီ့အသိကို သိဂီ လက်မခံချင်

အမှန်ပါ။

မောင် ...မဖြစ်နိုင်ဘူး၊ မောင် ဒီလိုလူစားမျိုး မဟုတ်

လို့ ကိုယ့်ကိုယ်ကိုယ် အကြိမ်ကြိမ်အခါခါ ပြောပြနေမိ

သေးတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ မောင်ရယ် ...။ မောင်

အကြောင်းပြချက် ခိုင်ခိုင်လုံလုံနဲ့ မှုန်းမေ့ခိုင်းတာ မဟုတ်

ပေမယ့် သိဂီက အကြောင်းအရင်း မခိုင့်တခိုင့်ကို တွေ့

လိုက်ရလို့ ...'ဪ် ...ဒါကြောင့်ကိုး' လို့ တွေးလိုက်

တော့တာပါ။

ကျေးဇူးတင်ပါတယ် ...မောင်။ တစ်ပြိုင်နက်တည်းမှာ

နှစ်ကောင်မဖမ်း၊ လှေနှံရံနှစ်ဖက်မနင်းဘဲ အလိုမကျ

ဘက်ကို ပြတ်ပြတ်သားသား ကန်ထုတ်ဝံ့တဲ့ မောင့်ရဲ့

ယောက်ျားပီသမှုကို သိဂီ အသိအမှတ်ပြုပါတယ်။

မုန်းမေ့ဖို့ ခက်ခဲပေမယ့် မုန်းမေ့စေချင်တဲ့ သိဂီ့ချစ်

မောင့်စကားကို အပြည့်အဝ လိုက်နာနားထောင်ရတာပဲ



## အသည်းနှလုံး၏ကြေညာစာတမ်း

နှလုံးသွင်းမိတဲ့အခါ မုန်းဖို့ မေ့ဖို့ မခက်တော့ပါဘူးမောင်။

မောင့်စကားကို သိဂီ နားထောင်လိုက်တာပါ။

စိတ်တောင်းနှလုံးကောင်းရှိသူ၊ ဘာသာတရားကို ရိုးကျိုး

တတ်သူတစ်ယောက်က သစ္စာမဲ့တဲ့အလုပ်ကို လုပ်မိတာ

ဟုတ်မှဟုတ်ပါ့မလားလို့တော့ သိဂီတစ်သက်လုံးတွေး

တောနေမိမှာပါ။

မောင် ...စိတ်ချလက်ချ စိမ်းချမ်းသာပါ။ မောင့်စကားကို

သိဂီ နားထောင်လိုက်ပါပြီ။ မုန်းတယ်လို့တော့ ထည့်မရေး

လိုက်တော့ပါဘူး ...မောင်။

မောင့်သူငယ်ချင်း

သိဂီထွေး

စာရွက်ကို မည်သို့မျှ တုန်ယင်ခြင်းမရှိသော လက်ချောင်းများ ဖြင့်ကိုင်ကာ ခေါက်ပြီး စာအိတ်ထဲသို့ တည်ငြိမ်စွာထည့်သည်။ ပြီးနောက် စာအိတ်ကို အံဆွဲထဲသို့ ပစ်ထည့်လိုက်၏။

ကျွန်တော်ပြုမူမိသမျှ အမူအရာများသည် ဝမ်းနည်းတသ စိတ်ကို ဖုံးကွယ်ထိန်းချုပ်ထားခြင်းဟု ဖော်ဝိတ် မရိပ်စားမိနိုင်ပေ။ သိဂီထွေး၏စာကို ဖတ်ပြီးသည့်နောက် ကျွန်တော်၏ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ငါးပါးစလုံးသည် လေဟာနယ်တစ်ခုကို ဖြတ်သန်းကာ ရေတွင်းထဲသို့ ပြင်းထန်စွာ ကျရောက်ပျောက်ကွယ်သွားသကဲ့သို့ ရင်၌ ခံစားလေပ်ဟာ သွားရ၏။

ချစ်သူ၏နှုတ်ဆက်စာ၊ နှုတ်ဆက်စကားကို ကြားသိလိုက်ရခြင်းသည် ကျွန်တော့်အဖို့ ကွဲအက်ကြေမွသွားသော မိမိ၏ခန္ဓာကိုယ်အား မိမိဘာသာ တွေ့မြင်နေသကဲ့သို့ ရင်နင့်စွာ ထုံကျင်ခံစားလိုက်ရသည်။

"မိဘတွေက သီဂီထွေးကို မေးတယ်တဲ့။ အိမ်ထောင်ရက်သား ပြုကြတော့မလား၊ စိစဉ်နေကြပလား ... တဲ့၊ မင်းသာ သူ့နေရာမှာဆိုရင် ဘယ်လိုဖြေမလဲ မင်းခန့်ညား။ ချစ်သူက စွန့်ခွာချိန်ကျမှ မိဘက ထိမ်းမြားဖို့စကား လမ်းဖွင့်တယ်၊ သီဂီထွေး ဘယ်လိုခံစားရမယ်ဆိုတာ မင်း ... တွေးကြည့်စမ်းပါ"

ဇော်ဝိတ်က လေသံအုပ်အုပ်ဖြင့် ပြော၏။ ကျွန်တော့် တည်ငြိမ်မှုအမှုအရာ မပျက်။

"ဇာတ်လမ်းက ပြီးနေတဲ့ဟာ ...။ မင်းက ဇာတ်သိမ်းရောက်မှ လွမ်းစရာတွေ ပြောနေပြန်ပါပြီ"

"ငါ့ကို မသရော်နဲ့ ... မင်းခန့်ညား၊ ငါ တွေး





ကြည့်တယ်။ မင်း ရှုးများရှုးနေသလား။ မရှုးဘူးဆိုရင်တော့ မင်းက တမင်သက်သက် သစ္စာမဲ့တာပဲ"

"ငါ ... ဘယ်တော့မှ သစ္စာမမဲ့ဘူး"

"မင်း ... ပါးစပ်ကသာ သစ္စာမမဲ့ဘူးပြောတယ်။ သစ္စာမဲ့တဲ့သူလို့ သီဂီထွေးက စွပ်စွဲလိုက်ပြီမဟုတ်လား။ မင်းဘေးနားမှာ အခြားတစ်ယောက်ရှိတယ်လို့ မယူဆခင်အထိ မင်းကို သီဂီထွေး မနှုတ်ဆက်သေးပါဘူး။ ဟော ... အခု မင်းက တခြားတစ်ယောက်နဲ့ ပတ်သက်နေတယ်လို့ သူ ယူဆတဲ့အတွက် ပြတ်ပြတ်သားသား နောက်ဆုတ်သွားပြီလေ။

ပညာတတ် ပီသတယ်ကွာ၊ လင်လုပွဲကို မဆင်နွှဲချင်လို့ သူ နောက်ဆုတ်လိုက်တာ ဖြစ်မယ်"

"ဇော်ဝိတ်၊ မင်းကိုယ်မင်း ဆရာဝန်တစ်ယောက်ဆိုတာ မမေ့နဲ့လေ၊ မင်း စကားလုံးတွေ ကြမ်းနေတယ်"

"ဟား ... ဟား ... ဟား ... ဟား"

ဇော်ဝိတ် ဟက်ဟက်ပက်ပက် ဟားတိုက်သည်။ ကျွန်တော် စိတ်မလုံခြုံစွာဖြင့် ဘေးဘီကို ဝေ့ကြည့်မိသေး၏။



www.burmeseclassic.com

www.burmeseclassic.com

**မောင်လူမျိုး** (ချင်းချောင်း၊ပြ)

"စကားကြမ်းတာကိုတော့ မင်း နားကြားပြီး ကတ်တယ် မဟုတ်လား၊ မင်းလုပ်ရပ်က ဒီ့ထက် ကြမ်းတဲ့ စကားမျိုးနဲ့မှ တန်ကာကျမှာကွ မင်းခန့်ညား . . ။ သီဂီတွေးကို မတောင်းပန်တော့ဘူးလား၊ မုန်း ဖို့ မမေ့ဖို့ စိတ်လိုက်မာန်ပါ မဆုံးဖြတ်ဖို့ မင်း . . . စာတစ်စောင်တောင် မရေးတော့ဘူးလား . . . ဟင်"

ခေါင်းကိုသာ ကျွန်တော် ဆက်တိုက်ခါပစ်လိုက်သည်။

"သီဂီတွေး တွေ့တယ်ဆိုတဲ့ ကောင်မလေး က ဘယ်သူလဲ"

"မဟုတ်ဘူး၊ သူတွေ့တာ မဟုတ်ဘူး၊ စိတ် အမုန်းနဲ့ ပြောတာဖြစ်မယ်"

"ဒါဆို မင်း သူ့ကို သစ္စာမဖောက်ဘူးပေါ့"

"ဟုတ်တယ် . . . ငါ သူ့ကို နောက်ဆုံးထွက် သက်အထိ သစ္စာမဖောက်ဘူး။ ဒါပေမဲ့ သူ့ကိုငါ ဘယ်တော့မှ မပတ်သက်တော့ဘူး"

"ဟာကွာ"

"ဒုန်း"

ဇော်ဝိတ်က စားပွဲပေါ်သို့ လက်ဖြင့်ရိုက်သည်။

"မင်း ရှူးရင်ရှူး၊ မရှူးရင် ငါ ရှူးတော့မယ်



**အသည်းနှလုံး၏ကြေညာစာတမ်း**

မင်းခန့်ညား။ မင်း . . . အရူး၊ သတ်သတ်လွတ်စား၊ တရားတွေထိုင်၊ မနိုင်ဝန်ထမ်းပြီး စိတ်ကစဉ့်ကလျား ဖြစ်နေတဲ့ကောင်။ သီဂီတွေးကို လက်မထပ်မချင်း မင်းကို ငါ မကျေနပ်ဘူး . . . ။ ငါ ပြန်မယ်"

ဝုန်းခနဲ ထ,ရပ်ပြီး လှစ်ခနဲ ပြန်သွားသည်။ သူ့ကျောပြင်ကို ကြည့်လျက် ကျွန်တော် သက်ပြင်းမချမိ။ မနက်ဖြန် မနက်ကိုးနာရီ ဆိုတာကို အာရုံရောက်နေသည်။ ဘာတွေဖြစ်ဦးမလဲ၊ ဘာတွေဲဖြစ် လာမလဲ။ ကျွန်တော် ကြိုသိချင်သည်။

အံဆွဲကို ဆွဲကြည့်မိ၏။ ချစ်သူ၏ နှုတ်ဆက်စာလေးက မကျေနပ်စွာ မော့ကြည့်နေလေသည်။ အနားမှာ လူတွေသာ မရှိပါက ကျွန်တော် မျက်ရည်ကျမှာ သေချာသည်။ အခုတော့ မျက်လုံးတွေကို လက်ဖနောင့်ဖြင့် ခပ်နာနာ ဖိပွတ်လိုက်ရ၏။

သူ ထင်ချင်ရာ ထင်ပေ့စေတော့လေဟု ဖြေတွေး တွေး သော်လည်း တစ်သက်လုံး အထင်လွဲတော့မှာပါလားဟု သိလိုက်ရ သဖြင့် ရင်ထဲ ကွဲအက်သလို ခံစားငိုချင်သည်။ တကယ်သာဆို ကံ ကြမ္မာရယ် တို့က ချစ်သူတွေလေ၊ မနက်ဖြန်မရောက်သေးခင် နှုတ် ဆက်ခွင့်လေး ပေးသင့်တယ်။ ကံကြမ္မာရယ် . . . ၊ ရက်စက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး (ချင်းချောင်းမြို့)

## ခွဲခွဲခွာခွာ

နှုတ်ဆက်ခွင့်မျှ မကာမပေး
ဝေးဝေးတော့ ဝေပြီ။
အထင်တော်လွဲ
ကြင်ဖော်ခွဲခွာ၊ အသည်းနာနှင့်
ဖက်သင့်ဓား၊ နှလုံးသား ခွေ
ရှုံးသွားလေသူ၊ ကြည်ပြုံးပါသည်။
တကယ်သာဆို
တွယ်တာလိုသမျှ ကိုယ်က ကြိုးပမ်း
ခွေ့ဆံလမ်းမှာ ...
ပန်းလည်းမပွင့်
လ.ရောင်လွင့်ကြွေ၊ တိမ်မျက်ရည်ဖြို
ကိုယ်မငိုဘူး၊ အချစ်ဦးရေ။
သာရာမှာ ... နား
နားရာမှာ ပျော်
ပျော်ရာမှ ... မြင့်၊



အသည်းနှလုံး၏ကြေညာစာတမ်း

သခင့်သတင်း၊ နားစွင့်ရင်းနဲ့
ချစ်ခြင်းရဲ့ဖက်၊ ရင်ကော့ခံယူ
ဟန်မှုမတိမ်း၊ မျက်ရည်ထိန်းကာ
သူ့မိမ်းလိုသာ နေတော့မယ် ...။ ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

မနက် ခုနစ်နာရီလောက်ကတည်းက ကျွန်တော် အိပ်ရာနိုးနေသည်။ အိပ်ရာနိုးလျှင်နိုးချင်း နွဲ့ယမင်းစိုးကို သတိရ၏။ သူလည်း အိပ်ရာနိုးနေလောက်ပြီဟု ကျွန်တော် ခန့်မှန်းသည်။ နောက်နှစ်နာရီလောက်ဆိုလျှင် သူနှင့်ကျွန်တော် တွေ့ရတော့မည်။ အရာရာကို ရင်ဆိုင်ရတော့မည်။ ရင်ထဲတွင် လှုပ်ခနဲဖြစ်၏။ ရင့်မမောမိသော်လည်း ရင်မောစရာကိစ္စပါလားဟု ဆင်ခြင်တွေးတောဖြစ်သည်။





အတွေးတွေကို ဖယ်ခွာထုတ်ပြီး အိပ်ခန်းထဲမှ ထွက်ခဲ့သည်။ သဖေလည်း အိပ်ရာနိုးနှင့်လောက်ပြီ ...ဟု သိ၏။

✲

မနက်ရှစ်နာရီခွဲတိတိတွင် အပြင်သို့ထွက်ခွာဖို့ ကျွန်တော် အဆင်သင့် ဖြစ်နေပေပြီ။

ဧည့်ခန်းအတွင်းသို့ ခေါင်းပြူကြည့်လိုက်သေးသည်။ အလုပ်ကိစ္စတွေကို ဖုန်းဆက်ညွှန်ကြားနေသော ဖေဖေ့ကို တွေ့၏။

ကျွန်တော့်ဘောင်းဘီခါးပတ်ကြိုးတွင် ချိတ်ဆွဲထားသော ဆယ်လူလာဖုန်းသို့ ကျွန်တော့်လက် ရောက်ရှိသွား၏။ နွဲ့ယမင်းစိုး၏ ဖုန်းနံပါတ်များကို ဖိနှိပ်လိုက်သည်။ ချိန်းဆိုရာနေရာသို့ သူ ထွက်လာ မလာကို သိချင်သဖြင့် မည်သူဖုန်းကိုင်လေမလဲဟု ကျွန်တော် ဂရုတစိုက် နားစွင့်၏။ နွဲ့ယမင်းစိုး ဖုန်းလာကိုင်လျှင်တော့ အမြန်ထွက်လာဖို့ ကျွန်တော်ပြောမည်။ အခက်အခဲရှိနေမည်ဆိုပါက မည်သို့မည်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာရမည်ကို ကျွန်တော် လမ်းညွှန်မည်။ ဒေါ်နေရီစိန် ဖုန်းသ
ကိုင်လျှင်တော့ ကျွန်တော့်စကားပြောစက်ကို အသာလေး ပြန်ပိတ်
လိုက်ပါမည်။

"တီ . . . တီ . . . တီ"

"ဟုတ်ကဲ့ဆရာ . . . ဆရာ ဘာညွှန်ကြားဦး
မယ် မသိသေးလို့ ကားတွေကို မထွက်နိုင်သေး
တာပါ။ ကုန်တွေက တင်ပြီးသားပါ"

"မနေ့ကတည်းက ပို့လိုက်ဖို့ ပြောခဲ့သား
ပဲကွာ။ ဘာမှ မှာစရာမရှိဘူး။ ထွက်နိုင်းလိုက်တော့"

"ဟုတ်ကဲ့"

ဖေဖေ့စကားသံနှင့် ဖုန်းစပီကာထဲမှ တင်ပြသံများကို ကြား
နေရသဖြင့် ကျွန်တော် အိပ်ခန်းအတွင်းသို့ ပြန်ဝင်လာသည်။ ဆယ်လူ
လာဖုန်းကို နားမှာ ကပ်ထားဆဲရှိ၏။

"တီ . . . တီ . . . တီ"

နွဲ့ယမင်းစိုးအိမ်မှ ဖုန်းကိုင်သံ မကြားရ။

ဒေါ်နေရီစိန် အိပ်ရာမှ မနိုးသေးတာလား။

ဒါမှမဟုတ် နွဲ့ယမင်းစိုးရော ဒေါ်နေရီစိန်ရော မရှိကြတာ
လား။ ကျွန်တော် စဉ်းစား၏။

"တီ . . . တီ . . . တီ . . ."





ဒေါ်နေရီစိန် ဈေးဝယ်ထွက်သွားသည်လည်း ဖြစ်နိုင်သည်။
နွဲ့ယမင်းစိုးကတော့ သည်မနက်အဖို့ ဈေးဝယ်လိမ့်မည်မဟုတ်ဟု
ကျွန်တော် ယုံကြည်သည်။ ဒါဆို . . . နွဲ့ယမင်းစိုး ကျွန်တော်နှင့်
ချိန်းဆိုရာသို့ ထွက်လာလောက်ပေပြီ။ ထိုကဲ့သို့ ကျွန်တော် သတ်မှတ်
၏။

"တီ"

ဆယ်လူလာကို ပိတ်လိုက်သည်။ အိပ်ခန်းထဲမှ ထွက်လာခဲ့
၏။ ယခုအချိန်တွင် ဖေဖေက ကျွန်တော့်ကို တစ်စုံတစ်ခု ခိုင်းစေမှာ
ကို ကျွန်တော် စိုးရိမ်၏။

ယခင်နေ့များကဆိုလျှင် 'ဖေဖေ . . . သား သွားပြီ' ဟု
နှုတ်ဆက်ပြီး ကားသော့လေးကို ဝှေ့ယမ်းကာ ခြေလှမ်းပြင်နေကျ။

ဖေဖေကလည်း 'ညကျရင် ဒီကိုပြန်အိပ်မှာလား။ ရှစ်မိုင်ကို
ပြန်အိပ်မှာလား' . . . မေးနေကျ။

ယခုမူ သာမန်နှုတ်ဆက်စကားပြောရမှာကိုပင် ရင်ထိတ်နေမိ
၏။ လက်မှနာရီကိုကြည့်လိုက်သောအခါ ရှစ်နာရီလေးဆယ်မိနစ်။

ဧည့်ခန်းကို ခေါင်းပြူကြည့်လိုက်သည်။ စပီကာဖုန်းအနီးတွင်
ဖေဖေရှိနေ၏။ အကျီကြယ်သီး တပ်နေသည်။ ဘာပဲဖြစ်ဖြစ် 'ဖေဖေ
သားသွားပြီ' ဟု ပြောပြီး ကမန်းကတန်းမှန်း မသိသာစေသော
ခြေလှမ်းများဖြင့် ထွက်ခွာဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။ အသက်



www.burmeseclassic.com

www.burmeseclassic.com



ကို တဝရှုသွင်းလိုက်၏။

"တီ ... တီ ..."

စပီကာခွက်အတွင်းမှ ဖုန်းမြည်သံ။ စကားပြောခွက်ကို မကိုင်ဘဲ ဖေဖေအသံပြုသည်။

"ဟဲလို ... ပြောပါ"

"မင်းခန့်ညားတို့ အိမ်ကလား"

ထိုအသံကို ကျွန်တော် ကြားဖူးသည်။ အမေးစကားသံသည် ခက်ထန်မာကျောနေ၏။

"ဟုတ်ပါတယ်"

"မင်းခန့်ညား ရှိသလား"

ဒေါ်နေရီစိန်၏ အသံဟု ကျွန်တော်သိလိုက်၏။

"အခုပြောနေတာ ဘယ်သူလဲ"

"နေရီစိန် ... နွဲ့ယမင်းစိုးရဲ့မိထွေး နေရီစိန်"

"ဘာကိစ္စရှိလို့လဲ ... ငါ့သားနဲ့ နင်နဲ့ ဘာ အကြောင်းကိစ္စရှိနေလို့လဲ နေရီစိန်"

ကျွန်တော် ... ဖေဖေ့ကို ကိုယ်ရောင်မပြဝံ့သေး။

"သိချင်ရင် ရှင့်သားကို မေးကြည့်လိုက်ပါ ဦးမင်းခန့်။ မင်းခန့်ညားကို ပြောလိုက် နွဲ့ယမင်းစိုး





ဆုံးပြီလို့ပြောလိုက်"

"ဘာ"

"ဟုတ်တယ် ... ရှင့်သား မင်းခန့်ညား ကြောင့် ကျွန်မသမီး ဆုံးပြီ၊ အခု ကျွန်မ (......) ဆေးရုံက ဖုန်းဆက်တာ"

ကျွန်တော် ဖေဖေ့နံဘေးသို့ အပြေးထွက်လာခဲ့၏။

ဖေဖေ ကျွန်တော့်ကို စူးခနဲ တစ်ချက်ကြည့်သည်။

"ငါ့သားနဲ့ ဘာဆိုင်လို့လဲ ...၊ ငါ မေးနေတယ် နေရီစိန်။ စိုးစိုးဆုံးတာ တကယ်လား။ ဘာကြောင့်ဆုံးတာလဲ၊ ငါ့ကိုပြောစမ်း ...။ ငါ့ကို ပြော"

"အင်္ဂလိပ်လိုပဲ ပြောမယ် ... Abortion ဖြစ်တာ။ အဲဒီ ပြဿနာက ရှင့်သားနဲ့ရတဲ့ ပြဿနာပဲ။ ဒီနေ့မနက် သူတို့ ခိုးပြေးဖို့ စီစဉ်ထားကြတယ်"

'ဟုတ်လား' ဟု အဓိပ္ပာယ်ရသော မျက်လုံးများဖြင့် ဖေဖေ ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော် တုန်လှုပ်နေရပေပြီ။

"ကျွန်မ အိပ်ရာနိုးတော့ သမီးလေး ... လှေကားပေါ်က ပြုတ်ကျထားတယ် ထင်တာပဲ၊ လက်ထဲမှာလည်း အထုပ်အပိုးနဲ့၊ သွေးအိုင်ထဲမှာလည်း စာတစ်စောင်။ ကိုကိုနဲ့လိုက်သွားပြီတဲ့ ...

www.burmeseclassic.com



ရေးထားတဲ့စာ။ ရှင်ဖတ်ချင်ရင် လာဖတ်၊ ကျွန်မဆီ
မှာ ရှိတယ်''

ဖေဖေ အံ့ကြိတ်သည်။ ကျွန်တော့်ကို ကြည့်သည်။ မျက်ရည်တွေ ဝေ့တက်လျက် ကျွန်တော် ခေါင်းခါသည်။

''ဘာဖြစ်လို့ သေရတာလဲ၊ ဆေးရုံကို အချိန်မီ မပို့ဘူးလား''

''အချိန်မီသလား ... မမီသလား ကျွန်မ မသိဘူး။ ကျွန်မတွေ့တော့ သမီးလေး သတိလစ်နေပြီ။ စကားမေး မရတော့ဘူး။ ဆေးရုံကိုရောက်တော့ သွေးပေါင်ကျနေပြီ။ သွေးလွန်ပြီး ဆုံးတာ''

ဒေါ်နေရီစိန်၏ စကားသံတွင် ငိုသံပါလာ၏။

''နွယ်မင်းမိုးရဲ့ ခင်ပွန်းနာမည်ကို မင်းခန့်ညား လို့ ကျွန်မ ပြောလိုက်တယ်။ ကန့်ကွက်ချင်ရင် လာပြီး ကန့်ကွက်ပါ ... လို့ မင်းခန့်ညားကို ပြောလိုက်ပါ။ ဒါပဲ ... ကိုမင်းခန့်။ ရှင့်သားက ဖအေတူသား မဟုတ်ဘူး။ သားရေပေါ်အိပ် သားရေးနားစား ကိုယ့်တာဝန် ကိုယ်မယူတဲ့ကောင်''

မည်သည့်စကားမျှ ကျွန်တော် မကြားရတော့ ...။ လက်ကိုင်တုတ်လေးကို ဖေဖေ ကိုင်သည်။ ကျွန်တော့်ကိုမကြည့်ဘဲ





တိုက်ခန်းတံခါးဝသို့ ခြေလှမ်းပြင်၏။

''ဖေဖေ''

''မင်း ငါ့ကို မခေါ်နဲ့၊ ဖေဖေလို့ မခေါ်နဲ့၊ အဖေလို့ မသတ်မှတ်နဲ့တော့။ မင်းပြဿနာကို မင်းရှင်း။ မင်းဘာသာ မင်းရင်ဆိုင်၊ ငါ့သမီးအလောင်းကို ငါသွားကြည့်မယ်။

အလောင်းက မင်းသူငယ်ချင်း ဇော်ဝိတ်ရဲ့ ဆေးရုံပေါ်မှာ၊ ငါ မရှက်ဘူး။ မင်းနဲ့ ဘာမှမပတ်သက်တဲ့ လူတစ်ယောက်အဖြစ် ငါ သွားမယ်။ အခုအချိန်ကစပြီး မင်း ... ငါ့ကို စကားလုံးဝမပြောနဲ့၊ ဒီတိုက်ခန်းမှာ မင်းနေလိုက်တော့၊ ရှစ်မိုင်အိမ်မှာ ငါနေမယ်၊ မင်းကို ... ငါ လုံးဝ မျက်နှာချင်း မဆိုင်ချင်တော့ဘူး''

''ဖေဖေ ... သား ...''

''တော်တော့ မင်းခန့်ညား၊ မင်းအသံ ငါ မကြားချင်ဘူး။ မင်းခန့်ရဲ့သားလို့ ... မင်းကိုယ်မင်း မသတ်မှတ်နဲ့တော့၊ မင်းက လူယုတ်မာ၊ အခွင့်အရေးသမား၊ လူယောင်ဆောင်တဲ့ ... ခွေး''

''ဖေဖေ''



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များ ဖိတ်လျှံလျက်သား ကျွန်တော် အော်ဟစ်သည်။

"တောက်"

ဖေဖေ့တက်ခေါက်သံသည် နံရံတစ်ခုလုံး တုန်ခါသွားစေ၍ ကျပ်တည်းကျဉ်းမြောင်းမှုများစွာဖြင့် ကျွန်တော် ကျန်ရစ်ခဲ့သည်။

❊

အိပ်ခန်းထဲသို့ ကျွန်တော်ဝင်သည်။ ခေါင်းအုံးအောက်သို့ ကျွန်တော် လက်နှိုက်သည်။

ကျွန်တော့်ဂုဏ်သိက္ခာ ကာကွယ်ပေးမည့်အရာများ ခေါင်းအုံးအောက်တွင် ရှိနေ၏။

ဒါပေမဲ့ ခေါင်းအုံးအောက်မှ လက်ပြန်အရုပ်မှာတော့ ကျွန်တော့်လက်ထဲသို့ မည်သည့်အရာမျှ ပါမလာစေချင်တော့ပေ။

ကျွန်တော့်ကိုယ်ကျွန်တော် ကာကွယ်ဖို့ထက်၊ ဆေးရုံ





သွားဖို့က ပို၍အရေးကြီးသောကိစ္စဖြစ်သည်။ နားနှင့်ဆတ်ဆတ်ကြားနာထားပါလျက် ညီမလေးနှဲ့ယမင်းစိုး သေဆုံးသည့်သတင်းစကား မဟုတ်ပါစေနဲ့ဟု ဆုတောင်းစိတ် ဖြစ်မိသေးသည်။

........ဆေးရုံ ထိုဆေးရုံတွင် ဖော်ဝိတ်ရှိ၏။ ကျွန်တော် ဖော်ဝိတ်ကို ဘယ်လိုပြောမလဲ။ ဖော်ဝိတ် ကျွန်တော့်ကို ဘာတွေပြောမလဲ။

ညီမလေး ကျွန်တော့်ကို ဘာတွေပြောချင်ခဲ့သလဲ၊ ဘာပဲဖြစ်ဖြစ်လေ။

ကျဉ်းမြောင်းလှောင်ပိတ်မှုအတွင်းသို့ ရောက်ရှိနေပြီဖြစ်သော ကျွန်တော့်အဖို့ စက္ကန့်မိနစ်တိုင်းမှာ ထပ်မံဖြစ်ပေါ်လာမည့်ကိစ္စတိုင်းကို ရင်ဆိုင်ကြုံတွေ့ရပေတော့မည်။ ရှောင်လွှဲ၍ မရ။

အနည်းဆုံးတော့ ညီမလေး၏ နောက်ဆုံးမျက်နှာကို ငေးမောကြည့်ဖို့ ........ဆေးရုံသို့ ကျွန်တော်သွားမှဖြစ်မည်။ ဖော်ဝိတ်နှင့် မတွေ့ပါစေနဲ့ဟုပင် ကျွန်တော် ဆုမတောင်းချင်တော့ ...။ ဆုတောင်း၍ မရနိုင်တော့ ...။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

(၂၅)

'မီးယပ်နှင့်သားဖွားဆောင်' ဟူသော စားလုံးများကို မြင်သည်နှင့် ကျွန်တော် အသက်ရှူရပ်မတတ် ခံစားရ၏။ ထိုစာလုံးများ၏ အောက်တည့်တည့်တွင် ဆရာဝန်နှစ်ဦးရပ်နေသည်ကို တွေ့၏။ ဒေါက်တာဇော်ဝိတ်ဟုခေါ်သော ကျွန်တော့်သူငယ်ချင်း၊ နောက်တစ်ဦးကတော့ ဇော်ဝိတ်ဆေးခန်းတွင် ကျွန်တော်နှင့် ကြုံဆုံဖူးသော ဒေါက်တာသန့်ဇင်။





သူတို့နှစ်ဦး၏အနီးသို့ ကျွန်တော် လျှောက်ခဲ့မိသည်လား၊ ကျွန်တော်ထံသို့ သူတို့လျှောက်ခဲ့ကြသည်လား၊ ကျွန်တော် . . . သတိမပြုမိတော့။

ကျွန်တော့်မျက်နှာရှေ့တည့်တည့်သို့ ဒေါက်တာဇော်ဝိတ်ရောက်ရှိလာသောအခါ ကျွန်တော်သည် ရေညှိတက်နေသော ကျောက်ရုပ်တစ်ရုပ် ဖြစ်သွား၏။

ဇော်ဝိတ်၏အကြည့်မျက်လုံးထဲတွင် နာကျင်ခြင်း၊ အံ့ဩခြင်း၊ စိတ်မကောင်းခြင်းတွေ ရောထွေးနေသည်ကို ကျွန်တော်မြင်သည်။ ဒေါက်တာသန့်ဇင်၏ မျက်လုံးထဲမှာတော့ . . .

'ကျွန်တော် ခင်ဗျားအကြောင်း တစ်စွန်းတစ်စမှ ဇော်ဝိတ်ကို ပြောမထားပါဘူး' ဟူသော စကားတွေ။

'ဒါပေမဲ့ ခင်ဗျား ရက်စက်တယ်' ဟူသော အဓိပ္ပာယ်တွေကို မြင်နေရသည်။ ကျွန်တော့်မျက်လုံးထဲမှာ ဘာတွေရှိနေလိမ့်မယ်လို့ သူတို့ ထင်မြင်ကြလေမလဲ။

''နွဲ့ယမင်းဝိုးဆီ လာတာလား မင်းခန့်ညား''

''အေး''

မေးသောအသံသည် ပါးလုပ်သော တုန်ခါသံ။

ဖြေသောအသံသည် ပါးလွှာသော ရင်လှိုက်သံ။

''ဆုံးသွားပြီကွ၊ လေကားနဲ့ ခေါင်းရိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ယူဆရတယ်။ အဲဒီဒဏ်ရာကြောင့် သတိ
လစ်နေတုန်းမှာ Abortion ဖြစ်ပြီး သွေးလွန်ခဲ့တာ
ဒီကိုရောက်တော့ Pressure က Zero ပြနေပြီ"

"ငါ ... သိပြီးပြီ"

ဖော်ဝိတ်က ရီဝေသော မျက်လုံးများဖြင့်ကြည့်လျက် ...

"သူ့ရဲ့ခင်ပွန်းနာမည်ကို မင်းခန့်ညားလို့
ရေးထားတာရော မင်း ... သိလား"

"သိတယ်"

"သီဂီတွေး မသိသေးဘူး"

စကားအတွင်း၌ မြှားတစ်စင်းပါဝင်လာသည်ကို ကျွန်တော် သိလိုက်၏။ ရင်တွင် စူးနင့်သွားစေသည်။

"သူသိရင်လည်း ... သူပါ အရှက်ကွဲလိမ့်
မယ် ထင်တယ်၊ မင်းကွာ ..."

ဖော်ဝိတ်စကားအဆုံးတွင် ကျွန်တော့်မျက်လုံးတွေမှ မျက်ရည်တွေ စီးကျလာသည်။

"ဖော်ဝိတ် မင်းထင်သလို မဟုတ်ဘူး"

ရင်ထဲတွင် ဆို့နေ၏။ မည်သို့သော စကားလုံးများဖြင့် ဖော်ထုတ်ရမည် မသိ။

"ဟိုမှာ ... အလောင်းထုတ်လာပြီ"





ဒေါက်တာသန့်ဇင်၏ အသံကြောင့် လက်ဝဲဘက်သို့ ကျွန်တော် ငဲ့ကြည့်မိသည်။ တွန်းလှည်းပေါ်တွင် ပိတ်ဖြူဖြင့် လွှမ်းခြုံထားသော သက်မဲ့ရုပ်အလောင်းတစ်ခု၊ ရွေ့လျားနေသော နံဘေးတွင် ဒေါ်နေရီစိန်။ ခပ်လှမ်းလှမ်းတွင် ကျွန်တော့်အဖေ ဦးမင်းခန့် ...။

ထိုနေရာသို့ ကျွန်တော် ပြေးသွားမိသည်။ အလောင်း၏ ဦးတည်ရာ ရှေ့တည့်တည့်တွင် ကျွန်တော် ရပ်သည်။ ကျွန်တော်၏ တားဆီးမှုကြောင့် တွန်းလှည်း တွန်းလာသော ဆေးရုံဝန်ထမ်းက အရှိန်လျော့သည်။

"မင်းခန့်ညား ... မကိုင်နဲ့၊ မထိနဲ့"

ဒေါ်နေရီစိန်၏ အသံ။

"ကျွန်တော် ညီမလေးကို ကြည့်ချင်လို့ပါ"

"ကြည့်စရာ မလိုဘူး။ လာစရာ မလိုဘူး။
အသုဘချတဲ့နေ့လည်း မင်း လာစရာမလိုဘူး။ ဘယ်
တော့မှ မလာနဲ့"

ဖေဖေ့မျက်နှာကို ကျွန်တော် မကြည့်ဖြစ်တော့။

"မဟုတ်ဘူး မေမေစိန်။ မေမေစိန်တို့ ထင်
တာတွေ မဟုတ်ဘူး"

ဒေါ်နေရီစိန်၏မျက်ဝန်းများသည်လည်း အမုန်းတရားတွေ ကြေကွဲနေရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ . . . တရားမစွဲချင်ဘူး၊ မင်း
ဖယ်ပေး၊ သမီးကို လုံးဝမထိနဲ့၊ ရော့ . . . သမီးရေးခဲ့
တဲ့စာ၊ အဲဒီစာကိုကိုင်ပြီး မင်းကြိုက်သလို ငြင်း"

စိုစွတ်နေသော စာရွက်လိပ်ကို ကျွန်တော်ဖြည်ကြည့်လိုက်သည်။

မာမီ . . . .

သမီး . . . ကိုကိုနောက်ကို လိုက်သွားပြီ။

သမီးကို ခွင့်လွှတ်ပါ။

ယမင်း

စာရွက်ကို ကိုင်မ,ထားသော ကျွန်တော့်လက်ချောင်းများသည် တည်ငြိမ်မှုမရှိ။ ဖေဖေ မေးကြောများ တင်းထားသည်ကို ကျွန်တော် မြင်သည်။

"ကျွန်တော် ညီမလေးမျက်နှာကို ကြည့်ပါရစေ မေမေစိန်ရယ်"

"မင်း လမ်းဖယ်တော့ မင်းခန့်ညား . . . မင်းကို ငါရွံတယ်"

အနီးတွင် လူတွေလာရောက်ကြည့်ရှုနေသည်ကို ကျွန်တော်





မြင်သည်။ ထိုအထဲတွင် ကျွန်တော့်စတိုးဆိုင်မှ ကောင်မလေးနှစ်ယောက်ကို ကျွန်တော်တွေ့၏။ ကျွန်တော့်ကို လာရောက်ကန်တော့ခဲ့ဖူးသော ယဉ်ယဉ်နုနှင့် ခင်လေးနိုင်ဟု ကျွန်တော် သိလိုက်ရသည်။ သူတို့ထံမှ ကျွန်တော် အကြည့်လွှဲလိုက်ရ၏။

"ဖယ်ပေးလေ . . ."

"မေမေစိန် ထင်တာမျိုး မဟုတ်ဘူးလို့ ကျွန်တော်ပြောတာကို ယုံပါ"

"လူသတ်မှုနဲ့ တရားရုံးရောက်ချင်သလား၊ အနိုင်ကျင့်လိမ်လည်မှုနဲ့ တရားစွဲခံချင်သလား . . . မင်းခန့်ညား"

"မေမေစိန် ကြိုက်သလိုလုပ်၊ ကျွန်တော် ခံမယ်။ ညီမလေးကို ကြည့်ခွင့်ပေးပါ"

"မကြည့်နဲ့ . . . မင်းက လူယုတ်မာ၊ နှမလေးလို ချစ်ပါတယ်ဆိုပြီး နှမလို သဘောမထားဘူး။ အယုံသွင်းပြီး ယုတ်မာတယ်။ မင်းသွားတော့ . . . ဖယ်ပေး"

ဒေါ်နေခြည်စိန် ငိုသည်။ ဆို့တက်လာသော ကျွန်တော့်မျက်ရည်တွေကို ကျွန်တော် ဖယ်သုတ်လိုက်၏။ တစ်ချိန်လုံး ငြိမ်သက်နေသော ဖေဖေက . . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းခန့် မင်း ... အရှက်မရှိဘူးလား။
လမ်းဖယ်စမ်း"

ဖေဖေ့ကို မမိုတ်မသုန်ကြည့်ရင်း ကျွန်တော် နောက်ဆုတ်ပေးလိုက်ရသည်။

ကျွန်တော့်ပခုံးပေါ်သို့ လက်တစ်ဖက်ကျရောက်လာသည်။ ဇော်ဝိတ်ဟု သိ၏။ ညီမလေး၏အလောင်းကို သယ်ဆောင်သွားကြပေပြီ။

ရပ်ကြည့်နေကြသော လူစုထဲမှ ယဉ်ယဉ်နုနှင့် ခင်ခင်လေးတို့သည် ကျွန်တော့်ကို နှုတ်မဆက်၊ စကားမဆိုတဲ့ ဝေ့ခနဲ တစ်ချက်မျှသာ ငဲ့ကြည့်သွားကြသည်ကို ကျွန်တော် သတိပြုမိ၏။

မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်မိသည်။

"သိင်္ဂီထွေးရောက်နေတယ် မင်းခန့်ညား
ဟိုမှာ ..."

နွဲ့ယမင်းစိုး၏အလောင်းသည် ဓာတ်လှေကားအတွင်းသို့ ရောက်ရှိသွားပြီကို လှမ်းမြင်လိုက်ရသည်။ ဓာတ်လှေကားအနီးတွင် ရပ်ကြည့်နေသူမှာ သိင်္ဂီထွေးဖြစ်၏။

"သူ ... ငါ့ဆီကို ဝင်လည်တာ။ ဒါပေမဲ့
သူ ... အားလုံးကို ကြားသိသွားပြီ"

ကျွန်တော် မတုန်လှုပ်တော့။





ပြုံးပျက်ခါစ၊ သိက္ခာတစ်ပါးကို မည်သည့်စကားလုံးနှင့်မျှ ကျွန်တော် တာမဖို့ချင်တော့။ ပွဲကျနေသော ကမ်းပါးကို ထပ်မံတိုက်စားရိုက်ခတ်တော့မည့် လှိုင်းလုံးများ၏ပမာဏကို ကျွန်တော် တွက်ဆမိသည်။

ရှင်ပြန် ထမြောက်ခြင်း (ပြန်လည်နိုးထခြင်း) ဟူသော ဝေါဟာရကို အသက်သွင်း၍ ညီမလေး နွဲ့ယမင်းစိုး၏ ရုပ်ကလပ်ပေါ်သို့သာ အုပ်မိုးလွှမ်းခြုံလိုက်ချင်သည်။

(ကိုကို့ကို ကယ်ပါဦး ... ညီမလေးရယ်)

❊

ဇော်ဝိတ်၏ နားနေခန်းအတွင်း၌ ကျွန်တော်တို့သုံးယောက်ရှိနေကြသည်။ သိင်္ဂီထွေးကို ကျောက်ရုပ်တစ်ရုပ်ဟု ကျွန်တော် သဘောထားသည်။ ဇော်ဝိတ်ကိုလည်း ကျောက်ရုပ်တစ်ရုပ်အဖြစ် မြင်နိုင်အောင် ကျွန်တော် နှလုံးသွင်းသည်။ ကိုယ့်ကိုယ်ကိုယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



သက်မဲ့တစ်ခုကဲ့သို့ ကျွန်တော် သတ်မှတ်ထား၏။ နှလုံးခုန်သံကိုပင် ကျွန်တော် မကြားချင်တော့ချေ။

"မောင်က သစ္စာမဲ့တယ်၊ ရက်စက်တယ်ဆို တာထက် ပိုပြီး ကျူးလွန်နေတာကိုး"

သိင်္ဂီထွေး၏ လှိုင်းပုတ်သံ။

သူ့ထံမှ ကျွန်တော် မျက်နှာလွှဲ၏။

"ပါးစပ်က ဘုရား . . . ဘုရား၊ ခြေလက်က ကားရားကားရားလို့ မောင့်ကိုဝေဖန်ကြတော့မှာပဲ"

အကြည့်လွှဲထားသော်လည်း အသိတရားက လွှဲဖယ်နေ၍မရ။ ရုပ်ခန္ဓာကို မတုန်မလှုပ်အောင် နေပါလျက် စိတ်နှလုံးသည် ဆတ်ဆတ်ခါအောင် တုန်လှုပ်လျက်ရှိပါ၏။ ဇော်ဝိတ်က . . .

"ဘာမှပြောမနေနဲ့တော့ သိင်္ဂီထွေး၊ မှားတာက မှားပြီးပြီ။ အဲဒီအမှားကြောင့် တုံ့ပြန်လာမယ့် အရာတွေကို ဘယ်လိုရင်ဆိုင်မလဲ၊ ရင်ဆိုင်နိုင်အောင် ငါတို့ ဘာလုပ်ပေးရင် ကောင်းမလဲ"

"ဘာမှ မလုပ်ပေးနဲ့"

ကျွန်တော့် အော်သံ။

"ငါ . . . တာမှ မမှားဘူး . . . မမှားဘူး"

"အခု . . . ဒီမှာထိုင်နေတဲ့အချိန်ထိ မင်း . . .





မှန်နေတယ်ပေါ့၊ ဟုတ်လား . . . မင်းခန့်ညား"

ခြောက်သွေ့မာထန်သော အမေး။

ဇော်ဝိတ်၏မျက်နှာတည့်တည့်ကို စူးစိုက်စွာ ကျွန်တော် ကြည့်လျက် . . .

"ဟုတ်တယ်။ ငါ . . . မှန်တယ်"

ဇော်ဝိတ်က အံကြိတ်သည်။ သိင်္ဂီထွေး မျက်ခုံးတွန့်သည်။ ဇော်ဝိတ်က . . .

"ကမ္ဘာကြီးလုံးတယ်ဆိုတဲ့ အမှန်တရား အတွက် သက်သေပြနိုင်ခဲ့ကြတယ်၊ ကမ္ဘာမှာ ဆွဲအား ရှိတယ်ဆိုတဲ့ အမှန်တရားအတွက် သက်သေပြနိုင်ခဲ့ ကြတယ်။

မင်း . . . မှန်တယ်ဆိုတဲ့ အမှန်တရားအတွက် တခြားသူတွေကို ဘေးဖယ်ထား၊ ငါတို့နှစ်ယောက်ကို သက်သေပြ"

လက်ထဲရှိ စာရွက်လိပ်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရသည်။

"အမှန်တရားဆိုတာ သက်သေမလိုဘူး ဇော်ဝိတ်။ မှန်နေဖို့ပဲလိုတယ်။ အမှန်တရားကို မြေ့မြင်ဖို့အတွက် ကြည့်မယ့်လူတွေရဲ့ မျက်လုံးတွေက



www.burmeseclassic.com

www.burmeseclassic.com



အဝိဇ္ဇာကင်းဖို့ပိုတယ်''

ဇော်ဝိတ် 'တက်' ခေါက်သည်။

''မင်း . . . အခုထိ တရားဟောနေတုန်းပဲလား''

''ငါ . . . တရားမဟောဘူး၊ စကားပြောနေတာ။ ငါ့ စကားတစ်ခွန်းကြောင့် ငါ့ကို ထိနိုက်ချင်ထိနိုက်ပေ့စေ၊ တခြားသူကို မထိနိုက်စေချင်ဘူး။ အဲဒါ . . . ငါ့အမှန်တရားပဲ''

''မင်း . . . အရူး။ မင်း . . . ရူးနေပြီ မင်းခန့်ညား''

''ဟုတ်တယ်၊ အစဉ်အလာနဲ့ ဆန့်ကျင်နေရင် ဒီလိုပဲ အပြောခံရမှာပဲ၊ ဟုတ်တယ်၊ ငါ့ကို အရူးတစ်ယောက်လို့ပဲ သဘောထားလိုက်ပါ ဇော်ဝိတ်။

ဒါဟာ ငါ့ပြဿနာမဟုတ်ဘူး။ ဒီကိစ္စက ငါ့အမှား မဟုတ်ဘူးလို့ပဲ လူ့လောကရဲ့ အစဉ်အလာအတိုင်း သက်သေတွေ၊ အထောက်အကူတွေနဲ့ သိုင်းသိုင်းဝန်းဝန်းရှင်းပြလိုက်ရင် အခု . . . ရင်ဆိုင်နေရတဲ့ ဂုဏ်သိက္ခာကျဆင်းပွဲကြီးထဲက ငါလွတ်မြောက်သွားနိုင်တာပေါ့။ ဒါပေမဲ့ . . . ငါ . . . အဲဒီ အစဉ်အလာ





ကြီးကို မုန်းတယ်။

အရှေ့ဘက်မှာ ပန်းခင်းကြီးရှိတယ်၊ သာယာဝပြောခြင်း ရှိတယ်လို့ သေချာတဲ့အတွက် လူပေါင်းများစွာက အရှေ့အရပ်ကို ဦးတည်ပြီး အလုအယက် လျှောက်လှမ်းနေကြတဲ့အချိန်မှာ . . .

အနောက်ဘက်မှာတော့ ချောက်ကမ်းပါးကြီးရှိတယ်၊ အဲဒီ ချောက်ကမ်းပါးကြီးထဲမှာတော့ ဘာရှိသလဲ မသိဘူးဆိုရင် ငါကတော့ အဲဒီ မသေချာတဲ့ အနောက်အရပ်ကိုပဲ သွားကြည့်ချင်တယ်။ လူ့အစဉ်အလာနဲ့ဆန့်ကျင်ပြီး ဘာကိုမှ မဖြေရှင်းတဲ့ ငါ့ကို အရူးလို့ သတ်မှတ်လိုက်တာ၊ မင်း . . . မမှားပါဘူးကွာ''

''မင်း . . . စကားလုံးတွေနဲ့ ကာကွယ်နေတာလား မင်းခန့်ညား''

''မင်းနဲ့ သိင်္ဂီတွေးနဲ့က ငါ့သူငယ်ချင်းတွေဖြစ်တဲ့အတွက် ငါ . . . စကားများများ ပြောလိုက်မိတာကို ကာကွယ်နေတယ်လို့ မင်းထင်နေသလား။

မေမေစိန်က ငါ့ကို နာလွန်းလို့ မရ့ရတဲ့နည်းနဲ့ ထောင်ထဲ ပို့မယ်ဆိုရင်တော့ ငါ . . . ဘာစကား



www.burmeseclassic.com

www.burmeseclassic.com



လုံးနဲ့မှ မကာကွယ်ဘူး ဇော်ဝိတ်၊ ဘယ်သက်သေခံ ပစ္စည်းနဲ့မှ မဖြေရှင်းဘူး''

''မင်း ... မဖြေရှင်းတော့ မင်း လူ့အသိုင်းအဝိုင်းမှာ ဘယ်လိုမျက်နှာနဲ့ ဆက်ပြီးနေမှာလဲ၊ မင်း ... မရှက်ဘူးလား၊ မကြောက်ဘူးလား။

နှမအရွယ် မိန်းကလေးတစ်ယောက်ကို ဖျက်ဆီးထားတဲ့လူလို့ မင်းကို ... ထင်နေကြပြီလေ''

ဇော်ဝိတ်စကားသံတွေ ငိုသံပါလာ၏။

''ငါက ... ဘယ်လိုပဲအထင်ခံရ ခံရ အသက်ရှင်နေပါသေးတယ်ကွာ။ ညီမလေးက သေသွားပြီကွ၊ သူ့ကို ... ငါ နောက်ထပ် တစ်ကြိမ်ထပ်ပြီး မသေစေချင်တော့ဘူး''

ကျွန်တော် မျက်ရည်ကျသည်။ သီဂီထွေးက လက်ကိုင်ပဝါ လှမ်းပေးသည်။ လက်ကိုင်ပဝါကို လက်ထဲတွင်သာ ကျွန်တော် ကိုင်ထား၏။ မျက်ရည်စကို မတို့ဖြစ်။

''မောင် ... မမှားဘူးပေါ့။ မောင့် စကားအသွားအလာရ အဲဒီလိုအဓိပ္ပာယ် သက်ရောက်နေပြီ ဟုတ်လား ... မောင်''

မောင် ... ဟူသော အခေါ်အဝေါ်ကို ကျွန်တော် မကြားချင်





တော့ပေ။

''ငါ့ကို မောင်လို့ မခေါ်ပါနဲ့ သီဂီထွေး''

ယခုမှ မျက်ရည်တွေက ပိုကျလာ၏။

ယခုမှ မျက်ရည်စကို လက်ကိုင်ပဝါဖြင့် တို့မိသည်။ မျက်နှာကို လက်ကိုင်ပဝါဖြင့် ဖိပိတ်ထားလိုက်ရတော့၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

. . . . . . . ဆေးရုံမှ စတိုးဆိုင်သို့ ကားမောင်းထွက်လာသည် တစ်လျှောက်လုံး နွဲ့ယမင်းစိုး၏ မျက်နှာကိုသာ ကျွန်တော် မြင်ယောင်နေသည်။

သက်ပြင်းအခါခါချမိသော်လည်း ရင်ထဲ . . . မပေါ့။

မျက်ရည်တွေ အခါခါကျမိသော်လည်း ရင်ထဲ . . . မငြိမ်း

ကျွန်တော် ကံဆိုးလွန်းသည်။ ညီမလေး ပို၍ ကံဆိုးသည်





အရောင်းကောင်တာများသည် ခြောက်ကပ်ကပ်ဖြစ်နေသည်ကို သတိပြုမိ၏။

"‥‥‥‥လူတွေ နည်းလှချည်လား မန်နေဂျာကြီး"

"ငါးယောက် အလုပ်ထွက်သွားတယ် . . . ဆရာ။ အခုလေးတင် ထွက်သွားကြတာ"

"ဘယ်သူတွေလဲ . . . ဘာဖြစ်လို့လဲ"

မန်နေဂျာကြီးက . . .

"ယဉ်ယဉ်နုရယ်၊ ခင်လေးနိုင်ရယ်၊ သွယ်သွယ်ရယ်၊ နန္ဒာထွန်းရယ်၊ ဆွေအေးဟန်ရယ်။ အဲဒီ ငါးယောက် ထွက်စာတင်သွားတယ် . . . ဆရာ။ ဒီမှာ ရှိတဲ့သူတွေကလည်း တချို့ထွက်မယ်လို့ ပြောတယ်"

"ဟာ . . . ဘာဖြစ်ကြတာလဲ"

"ကျွန်တော် မေးကြည့်တယ်ဆရာ၊ မဖြေဘူး။ ယဉ်ယဉ်နုကတော့ တစ်ခွန်းပြောသွားတယ်။ ဦးမင်းခန့်ညားကို ကြောက်လို့တဲ့"

ရင်တွင်း၌ ရိုက်ခတ်ခံစားမှုကြောင့် ကျွန်တော် ယိမ်းယိုင်မတတ် ဖြစ်သွားရသည်။

"ဦး"



www.burmeseclassic.com

www.burmeseclassic.com



အရောင်းဝန်ထမ်း ကောင်မလေးတစ်ယောက်၏ မဝံ့မရဲ ခေါ်သံ။

"ဘာပြောမလို့လဲ"

ဟု ကျွန်တော် မေးလိုက်သည်။

"ဦးကြောင့် ကောင်မလေးတစ်ယောက် ဒီနေ့မနက်ပဲ သေသွားတယ်ဆို၊ ဟုတ်လား ... ဟင်"

ကျွန်တော် မျက်နှာထား မတင်းမာမိအောင် နေသည်။

"မင်းက ... ဟုတ်တယ်လို့ ယူဆသလား"

"သမီး မယူဆပါဘူး။ ဒါပေမဲ့ ယဉ်ယဉ်နုနဲ့ ခင်လေးနိုင်က ပြောသွားတယ်၊ ဦးက ကောင်မလေး တစ်ယောက်ကို တာဝန်မယူဘဲ ပစ်သွားတယ် ... တဲ့။ အဲဒီလိုလူမျိုးနားမှာ မနေသင့်ဘူးတဲ့။ သမီးရဲ့ အိမ်ကိုလည်း အဲဒီအကြောင်း ဝင်ပြောမယ် ... တဲ့"

"မင်းက ... အလုပ်မထွက်ချင်ဘူးလား"

"မထွက်ချင်ဘူး ... ဦး။ ဒါပေမဲ့ အိမ်ကို ယဉ်ယဉ်နုတို့ သွားပြောကြရင်တော့ အိမ်က ထွက်ခိုင်းမှာ"

"ထွက်ခိုင်းရင်လည်း ထွက်လိုက်ပေါ့။ ကိုယ့်





ကို ဘာမှအားမနာနဲ့"

"မဟုတ်ဘူး ... ဦး။ သမီးသိချင်တာက သူတို့ စွပ်စွဲတာတွေ ဟုတ်မဟုတ်ဘဲ သိချင်တာ။ ခင်လေးနိုင်က ဖွတ်ထွက်မှ တောင်ပို့မှန်းသိတယ် ဆိုတဲ့စကားကိုတောင် သုံးသွားတယ်။ ဦးမင်းခန့်ညား ဆိုတာ အဲဒီလိုလူစားမျိုး မဟုတ်ဘူးလို့ သမီး သက်သေပြချင်တယ်။ သူတို့ပြောတာ ဟုတ်,မဟုတ် သမီး ကိုပြောပါ။ သမီးသိချင်လို့ပါ။ သမီး ... ဦးကို ပိုပြီး ရှိသေချင်လို့ပါ"

"မင်း ... နာမည် ဘယ်သူလဲ"

"မင်းမင်းနိုင်"

"ကိုယ် ... ကိုယ်တိုင်၊ အဲဒီပြဿနာကို ရင်ဆိုင်နေရသေးတယ်။ ဖြေရှင်းပြဖို့ နည်းလမ်းလည်း မရှိသေးဘူး။ ဘာကိုမှ မထိခိုက်တဲ့ ဖြေရှင်းနည်းကို တွေ့တဲ့အခါ မင်း ... သိချင်တာကို ကိုယ် ဖြေနိုင်ပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ... ဦး။ မိဘတွေက အလုပ်ထွက်ခိုင်းရင် သမီး ... ဘယ်လိုပြောရမလဲဟင်"

"မိဘရဲ့စကားကို ဘယ်တော့မှ ငြင်းဆန်



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့။ မိဘက မှားနေရင်တောင် စိတ်ထဲကနေ မငြိုငြင်မိပါစေနဲ့ . . .။ မိဘစကားကို နားထောင်လိုက်ပေါ့ကွာ''

ကြားသိချင်သော အဖြေစကားကို တိကျရေရာစွာ မကြားသိပါပဲလျက် မင်းမင်းခိုင်ဆိုသော ကောင်မလေး၏ မျက်နှာပြင်သည် အဖြေတစ်ခုကို ရှင်းသန့်စွာ သိကြားရသကဲ့သို့ ရှိသည်။

ပန်းသတင်း လေညင်းတွေက သယ်ဆောင်လေ့ရှိသည်ဟု ကိုယ်တိုင်ကိုယ်ကျ ညွှန်မပြတတ်သော်လည်း ကျွန်တော့်သတင်းကိုတော့ လေပြင်းတွေ သယ်ဆောင်သွားခဲ့ကြပြီဆိုတာ ကိုယ်တိုင်ကိုယ်ကျ သိလိုက်ရသည်။

လူတွေအားလုံး ကိုယ့်အလုပ်ကို ကိုယ့်ဘာသာ လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို မြင်ပါလျက် ဘယ်သူကများ ကျွန်တော့်ကို အာရုံထားကာ ငေးကြည့်တွတ်ထိုးနေလေမလဲ။ စိတ်မလုံခြုံသဖြင့် ခန္ဓာကိုယ်သည် နေစရာမရ။

''မန်နေဂျာကြီး''

''ပြောပါ . . . ဆရာ''

''လေးငါးဆယ်ရက်လောက် စာရင်းအင်းတွေကို သေသေချာချာပြုစုထားလိုက်ပါ။ ဒီ . . . ရက်အတွင်း ငွေရေး၊ စာရင်းရေး ခင်ဗျားပဲ ကိုင်ထားလိုက်ပါ။ ကျွန်တော် . . . ဆိုင်ကို မလာချင်သေးဘူး''

''ဟုတ်ကဲ့၊ စိတ်ချပါ ဆရာ''

မန်နေဂျာကြီး၏ စိတ်ထဲတွင်လည်း သိချင်စရာတွေ ရှိနေပေလိမ့်မည်။

*

ကျွန်တော့်ကို မည်သူကယ်တင်နိုင်မည်နည်း။

သေသူကို နောက်ထပ်တစ်ဖန် ထပ်မံသေစေနိုင်သောကိစ္စမျိုးကို ကျွန်တော် မကျူးလွန်ချင်။

ဒီလောက်တောင် အနစ်နာခံနေရသလား . . . ဟု ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်ကြည့်သည်။ ယခုအချိန်သည် ကျွန်တော် အနစ်နာခံနေသော အချိန်မဟုတ်၊ စဉ်းစားတွေဝေနေချိန်သာ ဖြစ်၏။ နွယ်မင်းစိုးကို လက်ထပ်ဖို့ ဆုံးဖြတ်ခြင်းကို ကျွန်တော့်၏ အနစ်နာခံခြင်းဟု သညာတတ်၍ ရနိုင်သည်။





www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး (ချင်းချောင်းဖြူ)

နွဲ့ယမင်းစိုး ဆုံးပါးသွားပြီဖြစ်သော . . . အခုအချိန်အခါမှာ . . . ကျွန်တော် ဆက်လက်အနစ်နာခံပေးစရာ မလိုအပ်တော့သော ယခုအချိန်အခါမှာ ကျွန်တော့်ရင်ထဲ၌ စာနာစဉ်းစားခြင်းတစ်ခုတည်းသာ ရှိနေ၏။ စွပ်စွဲမှုများမှ ကျွန်တော် ကင်းလွတ်ဖို့ နွဲ့ယမင်းစိုး၏ အမည်နာမကို အသုံးပြုပြီး ကျွန်တော် တစ်ကိုယ်ကောင်းဆန်သင့်ပါသလား။

ဘာမှမသိတော့သောသေသူကို နောက်ထပ် ဘာမှ မစွန်းထင်းစေလိုတော့သည့် ကျွန်တော့်၏ စာနာခြင်းက မှန်ကန်မှုရော ရှိပါသလား။ ကျွန်တော် မှားယွင်းပါရစေ။ စာနာစိတ်တစ်ခုတည်းဖြင့် အမှန်တွေကို ခေါက်သိမ်းထားပါရစေ။

*

ညနေစောင်းသည်အထိ ကျွန်တော် နေရာအနှံ့သို့ ကားလျှောက်မောင်းဖြစ်သည် ၅ွှစ်မိုင်အိမ်ရှေ့သို့ ညနေခြောက်နာရီခန့်တွင်



## အသည်းနှလုံး၏ကြေညာစာတမ်း

ကျွန်တော် ရောက်၏။ ဝင်းတံခါးပိတ်ထားသည်။ သော့ခတ်ထားသည်။ ကျွန်တော် . . . ကားဟွန်းကို မငဲ့မရဲစွာ တီးသည်။

အိမ်၏ဝန်ထမ်းတစ်ဦး ထွက်လာ၏။ သော့ဖွင့်ပေးခြင်း မရှိ။

"အန်ကယ်လေး၊ အန်ကယ်ကြီးက ပြောခိုင်းလိုက်တယ်။ ဗိုလ်တထောင်က တိုက်ခန်းမှာပဲ နေပါတဲ့။ ဒါမှမဟုတ် ဒီမှာနေမယ်ဆိုရင် ဗိုလ်တထောင်က တိုက်ခန်းမှာ သူနေမယ်တဲ့"

"မဟုတ်ဘူး . . .။ နေထိုင်ဖို့ကိစ္စအတွက် ကျွန်တော် လာတာမဟုတ်ဘူး။ ဖေဖေနဲ့တွေ့ချင်လို့ လာတာပါ။ ဖေဖေ့ကို ခေါ်ပေးပါ"

"'မင်းကို ငါ . . . မတွေ့ချင်ဘူး မင်းခန့်ညား။ မင်း . . . ပြန်တော့"

သဖင်ပန်းများရှိရာ စင်အောက်မှ ဖေဖေထွက်လာသည်ကို မြင်၏။ ဝင်းတံခါး၏ သံတိုင်းများအကြားမှ စူးရဲသော ဖေဖေ့မျက်လုံးများကို ကျွန်တော် မြင်နေရသည်။ ရှေ့တည့်တည့်သို့ ရောက်လာသည်။ အကြည့်မလွှဲသေး။

"ဖေဖေ့ကို သား . . . ရှင်းပြပါရစေ။ မင်းခန့်ညားဆိုတဲ့ကောင်က အခုအချိန်ထိ ဖေဖေ့သားအဖြစ် လိပ်ပြာသန့်သန့်နဲ့ ခံယူဆဲပါ ဖေဖေ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့ဖြစ်ဖြစ် သားဟာ ဖေဖေ့သားပဲ။ သေတဲ့အထိ ဦးမင်းခန့်ရဲ့သားအဖြစ် ဂုဏ်ယူပြီး သေသွားမှာပါ ဖေဖေ''

''မင်း . . . ပြန်တော့''

''သားကို ရှင်းပြခွင့် မပေးတော့ဘူးလား ဖေဖေ''

''မပေးဘူး။ မကြားချင်ဘူး။ တစ်ခါတည်း မှာလိုက်မယ်။ အသုဘချတဲ့နေ့ကျရင် မင်း မလာခဲ့ပါနဲ့။ နေရီစိန် မှာလိုက်တယ်။ မလာစေနဲ့တဲ့''

ကျွန်တော် ဒူးတုတ်လျက် ထိုင်ချလိုက်သည်။

ဖေဖေ့ကို ကန်တော့လိုက်သည်။ သားအဖနှစ်ယောက်ကြား ရှိ သံတံခါးကြီးသည် သော့ခတ်လျက် ခြားနားထား၏။ ထို . . . တံခါး ကို ကျွန်တော် တွန်းဖွင့်ချင်သည်။

❋ ❋ ❋



(၂၇)

**အကျဉ်းသား**

ကံဆိုးရော ဝေဒနာပြန်
နှစ်လိုက်ရှုန်းလိုက်၊ မောပန်းဟိုက်ခဲ့။
ဖိုက်ဖိမ်မှာ၊ အားကိုးမရှိ
သတိကင်းလွှတ် မကျွတ်စေနိုင်
ရင်တစ်ခုလုံး ဝိုးဟုန်းဟုန်းတောက်



www.burmeseclassic.com

www.burmeseclassic.com

## ပေါင်လှမျိုး (လှိုင်းစဉ်းမြ)

ဘယ်တော့မှ ပြီးမြောက်လေမလဲ။
နောင်တကြီးချိန် တွန့်လိမ်လှုပ်ရှား
အရှုံးကဲ့သို့ ရင်ဆို့မွန်းကျပ်
မထူမတ်နိုင်။
တစ်တိုင်မကျွာ၊ အသာကာပ်တိုး
အကိုပ်ဆိုးကြောင့်
အိပ်ကောင်းခြင်းလည်း မအိပ်ရ။
လွန်ပါရစေ ...
သောကနွေဆိုး၊ အပြိုးပြင်းထန်
ညှိဝင့်ကကို အပန်းပန်ကြောက်
ဖူးထောက်လျက်သာ တောင်းပန်ပါသည်။
ငါ့မှာ ...
ခံနိုင်ခွမ်းလည်း မရှိတော့ ...။ ။

❋



## အသည်းနှလုံး၏ကြေညာစာတမ်း

ဖြစ်မှဖြစ်ရလေ ... ဟူသော စိတ်နှလုံးဖြင့် နွဲ့ယမင်းစိုးကို သတိရခြင်း ...။

ငါ ဘယ်လို ဖြေရှင်းရမလဲ ... ဟူသော စိတ်အတွေးဖြင့် ဖေဖေအပါအဝင် ဒေါ်နေရီစိန်၊ ဇော်ဝိတ်၊ သီဂီထွေးနှင့် အခြားသူများ၏မျက်နှာများကို မြင်ယောင်ခြင်း ...

စသော ... စသည့် အတွေးများစွာကြောင့် တစ်မေးမှုပင် အိပ်မပျော်ဘဲ မိုးစင်စင်လင်းခဲ့ရသည်။

ဖေဖေ ... စကားပြောခွင့်ပေးလျှင် ကောင်းမည်။ ဖေဖေ ... ဖြေရှင်းခွင့်ပေးလျှင် ကောင်းမည်။ ဖေဖေ ဆွေးနွေးခွင့်ပေးလျှင် ကောင်းမည်။ တခြားသူတွေ ထင်မြင်ဝေဖန်ရှုံ့ချသည်ထက် ဖေဖေ အထင်လွဲမှုကို ကျွန်တော် ရှောင်ရှားချင်သည်။ ဖေဖေ့မျက်မှောက်၌ ဖေဖေ နားလည်လက်ခံသော ဖေဖေ့သားအဖြစ်သာ လိပ်ပြာလုံစွာ ကျွန်တော် နေချင်သည်။

ညီမလေး ... နွဲ့ယမင်းစိုးသာ သက်ရှိထင်ရှားရှိနေဦးမည်ဆိုလျှင် ...

"နင့်ကြောင့် ငါအရှက်ကွဲရပြီ" ဟုပြောဆို ဝေါက်ငမ်းမိပေမည်။ အခုတော့ ကျွန်တော့်ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့။ ငါ့ကို သူအရက်ကွဲအောင် တမင်ဖန်တီးခဲ့တာမှ မဟုတ်ဘဲဟု တွေးပြီး စိတ်ဖြေနိုင်ခဲ့သည်။

❊

မည်သည့်မိတ်ဆွေ သူငယ်ချင်းကိုမျှ ကျွန်တော် မတွေ့ဆုံချင်တော့။ ဖုန်းမြည်သံကြားသည့်အခါတိုင်း မည်သည့်ဆက်သွယ်မှုကိုမျှ ကျွန်တော် မတုံ့ပြန်ခဲ့။

ဆက်သွယ်ရေးကိရိယာများ အားလုံး ဖြုတ်တောက်ထားလိုက်သည်။ အခန်းပြတင်းပေါက်တွေကို ကျွန်တော် ပိတ်ပစ်လိုက်သည်။ အိပ်ခန်းနံရံရှိ ကျွန်တော့်ဓာတ်ပုံကို ငေးမောကြည့်ကာ ကျွန်တော် စကားတွေအများကြီး ပြောဖြစ်သည်။

ကျွန်တော် မျက်ရည်တွေကျသည်။ ညီမလေး၏ ဓာတ်ပုံတွေကိုကြည့်ကာ ကျွန်တော်ငိုသည်။

အိပ်မရ၊ စားမရ။ မအိပ်ချင်၊ မစားချင်။





ခန္ဓာဝန်တစ်ခုလုံးနှင့် ကင်းလွတ်ရာသို့ ကျွန်တော် ရောက်ချင်သည်။

တိုက်ခန်းထဲတွင် ကျွန်တော် အော်ဟစ်သည်။ တိုက်ခန်းအတွင်းရှိ ကြည့်မှန်တွေကို ကျွန်တော် ရိုက်ခွဲသည်။ မှန်ကွဲစများကြားထဲတွင် ကျွန်တော် လှဲအိပ်သည်။ ဝိညာဉ်ကိုယ်ပွားက နံရံတွေကို ဦးခေါင်းဖြင့် ပြေးဆောင့်သည်။ နံရံမပြိုပျက်သဖြင့် ဝိညာဉ်ကိုယ်ပွားတွေ များစွာ ဆပွားလာလေ၏။

ဝိညာဉ်ကိုယ်ပွားတစ်ခုက ညီမလေးနဲ့ယမင်းစိုးကို ရှာဖွေတွေ့ရှိသွားသည်။ ညီမလေးနှင့်အတူ နံရံကြီးကို ဖြိုခွင်းပစ်လိုက်သည်။

ဟိုမှာ . . . ကြည့်စမ်းပါဦး ညီမလေးရေ့၊ လူတွေ၊ လူတွေရဲ့အရိပ်တွေ၊ လဲကျနေတဲ့ လူတစ်ယောက်ကို ဝိုင်းဝန်းပြီး လက်ညှိုးထိုးနေလိုက်ကြတာ။ သူတို့ ဘယ်သူတွေလဲ။ အပြစ်ရှိတဲ့သူတစ်ယောက်ကို အခွင့်ကောင်းစောင့်ပြီး အပြစ်ပေးကြဖို့ ဝိုင်းအုံနေလိုက်ကြတာ။ အဲဒါ လူတွေဆိုတာ သေချာရဲ့လား။ ကျူးလွန်ဖူးတဲ့အပြစ်တွေကို မေ့လျော့ထားပြီး ပစ္စုပ္ပန်ကျူးလွန်သူကို အပြစ်ဖို့ကြတော့မယ်။ အမြန်လာပါ ညီမလေးရေ . . .။

ငယ်ငယ်က အဖြစ်အပျက်တစ်ခုကို သတိရတယ်။ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် ကျောင်းအတူတူပြေးကြတယ်။ နှစ်ယောက်အတူတူ ရေဆင်းကူးကြတယ်။ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



က ရေနစ်တယ်။ ရေနစ်ပြီးသေသွားတဲ့ ကောင်မလေးက သနားစရာ ရေမနစ်ဘဲ ကျန်ရစ်ခဲ့တဲ့ ကောင်လေးကတော့ တရားခံ။

ကျောင်းပြေးအောင် စည်းရုံးသူ၊ ရေထဲဆင်းအောင် ခေါ်သြသူ၊ သေအောင်ညွှန်သူ တရားခံတဲ့။

ကျန်ရစ်တဲ့ကောင်လေးက ကောင်မလေးကို လှုပ်နှိုးပြီး ပြောနိုင်းတယ်။ 'နင့်ဘာသာ ရေထဲဆင်းတာလို့ ပြောပေးပါလား . . . ဟာ" တဲ့။

နှစ်ဦးသဘောတူ အတူတူကျောင်းပြေးခဲ့ကြပါလျက် ခြေချော် လက်ချော် ဖြစ်သွားတဲ့အခါကျတော့ သေတဲ့သူက ကွင်းလုံးကျွတ်၊ မသေဘဲကျန်နေခဲ့တဲ့သူက အရာရာကို ရင်ဆိုင်ဖြေရှင်းရတော့တာ ပေါ့။

ကိုကို . . .

ဘာကို . . . ဘယ်လို ရင်ဆိုင်ဖြေရှင်းမလဲ။

ညီမလေးရေ . . .

❋





ဖေဖေနှင့်စကားပြောခွင့်ရဖို့ ကျွန်တော် အကြိမ်ကြိမ်ကြိုးစားသည်။ ဖေဖေ့ကို ရှင်းပြဖို့ အကြိမ်ကြိမ် ဆက်သွယ်သည်။ မည်သည့် ဆက်သွယ်ကြိုးပမ်းမှုကိုမျှ ဖေဖေလက်မခံခဲ့ပေ။

နွဲ့ယမင်းမိုး၏ အပြစ်တွေကို တစ်စစီထုတ်ဖော်ပြီး ကျွန်တော် လွတ်မြောက်မှုကို ကျွန်တော် (တစ်ကိုယ်ကောင်းဆန်စွာ) ဖန်တီးသင့် ပါသလား။

ဘာပဲဖြစ်ဖြစ်လေ၊ သံသယများစွာအနက်က ကျွန်တော့် အပေါ် ဖုံးအုပ်နေသည့် ဖေဖေ့၏ သံသယကိုတော့ မဖြစ်, ဖြစ်တဲ့ နည်းဖြင့် ခွာချချင်သည်။ ဘယ်သူတွေ ဘယ်လိုမြင်မြင်၊ ဘယ်လို ထင်ထင်၊ ဖေဖေ့အမြင်၊ ဖေဖေ့အထင်၌ ကျွန်တော် ဖေဖေ့သားစစ်စစ် ဖြစ်ချင်သည်။

ချစ်သူအထင်လွဲလျှင် ကျွန်တော် . . . ရင်ကွဲခံရသည်။

သူငယ်ချင်းအထင်လွဲလျှင် ကျွန်တော် . . . ရင်အနာခံရသည်။

ပတ်ဝန်းကျင် အထင်သေးလျှင် ကျွန်တော် . . .

ရဲဝံ့အေးဆေးစွာ တည်ငြိမ်လျက် နေရဲသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေ့အထင်လွဲမှုကိုတော့ ကျွန်တော် ရင်မဆိုင်ရဲ မခံယူရဲ။ ဖေဖေကိုယ်တိုင် ကျွန်တော့်ကို အထင်လွဲနေခြင်းသည် ကျွန်တော်ကိုယ်တိုင် ဖေဖေ့ကို စိတ်သောကရောက်အောင် ပြုမူနေသကဲ့သို့ ခံစားတုန်လှုပ်ရချေ၏။

ဘဝ . . . ကို ရင်နာတတ်ခဲ့ပြီ။

❋ ❋ ❋



(၂၈)

'ရွှေတကော' သုသာန်သို့ဟူသော စာလုံးများကို ရိပ်ခနဲသာ မြင်လိုက်ရ၏။ ကားကို အရှိန်မမြှင့်သင့်မှန်း ကျွန်တော်သိသည်။ ဒါပေမဲ့ ဘာထူးတော့မှာတဲ့လဲ။ သေချင်သေပါစေတော့ . . . ဟူသော စိတ်အတွေးဖြင့် ကားကို တမင်အရှိန်မြှင့်လိုက်မိသည်။

စိတ်ရှုပ်ထွေးခဲ့သည့် နာရီများစွာ၊ အိပ်မပျော်ခဲ့သည့် နာရီများစွာ၊ မှန်းကျိုပ်ခဲ့ရသည့် နာရီများစွာ၏ . . . အလွန်၊ ယခုအချိန်အခါ



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ကျွန်တော် စိတ်ရှုပ်ထွေး၍ မဖြစ်တော့၊ အိပ်ပျော်ချင်နေ၍ မရတော့။ မွန်းကျပ်နေ၍ မပြီးတော့။

မကြာမီမိနစ်ပိုင်းအတွင်း ညီမလေးနှင့်ယမင်းစိုး၏ ရှုပ်အလောင်းကို ပြာမှုန့်ဖြစ်စေတော့မည်။

''မင်း ... လာစရာမလိုဘူး၊ ဘယ်တော့မှ မလာနဲ့''

ဒေါ်နေရီစိန်၏တားဆီးသံ။

''တစ်ခါတည်းမှာလိုက်မယ်။ အသုဘချတဲ့နေ့ကျရင် မင်း မလာခဲ့ပါနဲ့၊ နေရီစိန်က မှာလိုက်တယ် မလာစေနဲ့ ... တဲ့''

ဖေဖေ့၏အမိန့်စကားသံ။

အားလုံး၏စကားကို ကျွန်တော် နာခံချင်ပါသည်။ ဒါပေမဲ့ ညီမလေးကို ကျွန်တော်မှ မမြင်ရသေးဘဲ။ သူ့မျက်နှာကို ငေးကြည့်ပြီး ကျွန်တော် စကားတွေ ပြောချင်သည်။ မေးခွန်းတွေအများကြီး မေးချင်သည်။ မှာစရာရှိတာတွေ မှာချင်သည်။ ညီမလေးလည်း ကျွန်တော့်ကို တွေ့ချင်နေလိမ့်မယ်လို့ မထင်မိကြဘူးလား။

ကျွန်တော် ... လက်မှနာရီကို ကြည့်လိုက်၏။

အလို ... ဟိုခေါင်းတိုင်အထက်မှာ မီးခိုးငွေ့တွေ၊ အဖြူရောင်လေးတွေ။ အဲဒါ ... ညီမလေးလားဟင်၊ နေပါဦး ညီမလေးရယ်၊ ကိုကို နှုတ်ဆက်ပါရစေဦး ...။

ကားကို သင်္ချိုင်းဟော်စက်ရှိရာဘက်သို့ အရှိန်ပြင်းစွာကွေ့၊





ကားကြီးတစ်စီး လာနေသည်ကို ရိပ်ခနဲတွေ့၊ အချိန်မမီ၊ ရှောင်ချိန်မရ၊

'ဒုန်း'

'အ ... အား'

''ဟာ ... သေပြီ ဟိုမှာ ... ကားတိုက်ပြီ''

ကျွန်တော့်မျက်နှာတစ်ခုလုံးတွင် မှန်ကွဲစတွေစိုက်နေသည်။ စေးကပ်နေသောအရာများကြောင့် မျက်လုံးတစ်ဖက် ဖွင့်မရ။ ကားလက်ကိုင်ခွေက ကျွန်တော့်ရင်ဝသို့ စူးနစ်နေစေသည်။ ခြေထောက်နှစ်ချောင်းစလုံး လှုပ်ရှား၍မရ။

ခေါင်းငိုက်စိုက် ကျချင်သည်။ ဒါပေမဲ့ ကျွန်တော် စိတ်မလျှော့။ ကားတံခါးကို ဖွင့်လိုက်၏။ တံခါးအပွင့် မြေပြင်ပေါ်သို့ ကျွန်တော် ခွေခနဲအကျ၊ လူတွေအုံနေပြီကို ကျွန်တော် သိလိုက်ရ၏။

ခြေထောက်တွေလား၊ အရိပ်တွေလား၊ မြေခဲတွေလား၊ မသဲကွဲတော့။ ခန္ဓာကိုယ်တစ်ခုလုံး လှုပ်၍မရတော့။

''သေပြီနဲ့ တူတယ်''

ကျွန်တော် ... မသေသေးဘူး၊ မသေချင်သေးဘူး။

ညီမလေးနဲ့တွေ့ချင်သေးတယ်၊ လူတွေရဲ့ အထင်အမြင်တွေ လွဲမှားနေတယ်ဆိုတာ ပြောပြဖို့ ညီမလေးကို လှုပ်နှိုးဦးမယ်။

ညီမလေး ပြုံးပြနေတာကို ကျွန်တော်တွေ့တယ်။ ခုန်က မီးခိုးငွေ့တွေဟာ ညီမလေးလား။

www.burmeseclassic.com



ကိုကို လိုက်ခဲ့ချင်တယ်။ လူတွေဟာ ဖြေရှင်းပြလို့ လက်ခံမယ့်သတ္တဝါတွေ မဟုတ်ဘူး။ အထင်ကို အမြင်လုပ်ပစ်တတ်တဲ့သူတွေ။ ဟုတ်တယ် . . . ကျွန်တော် သေလိုက်တော့မယ်။ ဒါပေမဲ့ ဖေဖေ့ကို နှုတ်ဆက်ချင်လိုက်တာ။

"ခဏဖယ်ပေးကြပါဗျာ၊ လမ်းပေါက်ဖွင့်ပေးပါ။ ကျွန်တော် ဆရာဝန်ပါ . . . ကျွန်တော် ကြည့်ပါရစေ"

ဒါ . . . ဇော်ဝိတ်အသံပဲ။ ဒါပေမဲ့ ဇော်ဝိတ်ကို ကျွန်တော် မမြင်ရတော့ဘူး။ ကျွန်တော့်ရင်ဘတ်ကို တစ်စုံတစ်ခုနဲ့ ဖိကပ်နေတဲ့သူဟာ ဇော်ဝိတ်ပဲ ဖြစ်မယ်။

"မင်းခန့်ညား . . . မင်းခန့်ညား"

သူ့ခေါ်သံကို ကျွန်တော်ကြားတယ်။ ကျွန်တော့်ပြန်ထူးသံကို သူ ဘာဖြစ်လို့ မကြားတာလဲ။ ကျွန်တော် ပြန်ထူးနေပါရဲ့။ ဒါပေမဲ့ ပါးစပ်ထဲက သွေးတွေက ထွက်နေသည်။

"မောင် . . ."

ကြည့်စမ်းပါဦး . . . သနားစရာကောင်းလိုက်တဲ့ ခေါ်သံ။

ချစ်သူရဲ့ သစ်စိမ်းချိုး . . . ချိုးမှု၊ ချစ်သူရဲ့ ဂုဏ်သိက္ခာကျဆင်းမှုတွေကြားမှာ လုံးဝ ယိုင်လဲမသွားသေးတဲ့ ကျွန်တော့်ချစ်သူ သီဂီတွေးရဲ့ ခေါ်သံလေး။





ပြန်ထူးချင်လိုက်တာ။

"မောင် . . . ."

မငိုပါနဲ့ သီဂီရယ် . . .။ မောင့်ချစ်သူ ဘယ်တော့မှ မငိုပါနဲ့။ ဒါဟာ . . . ဝဋ်ကြွေးတစ်ခု၊ ဒါဟာ . . . ပေးဆပ်မှုတစ်ခု . . . လို့ နှလုံးသွင်းလိုက်စမ်းပါ။ သံသရာလည်ပတ်ခဲ့တဲ့ တစ်လျှောက်လုံးမှာ ဒီလိုအဖြစ်မျိုးတွေ ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါများ ကြုံတွေ့ခဲ့ပြီးပြီလဲ။ မောင်ကိုယ်တိုင်မသိဘူး . . . ကွယ်။ နောက်ထပ် ဘယ်လောက်များ ကြုံတွေ့ရဦးမလဲ . . .။ မောင် . . . မသိဘူးကွယ်။

သံသရာလည်ပတ်ခဲ့သမျှ ဒီခရီးဟာ နောက်ဆုံးခရီးဖြစ်ပါစေလို့ သီဂီ ဆုတောင်းပေးပါလားဟင်။

သွေးစက်များ လျှံထွက်နေသော ကျွန်တော့်မျက်လုံးအတွင်း၌ သွေးများနှင့်အတူ အရည်ကြည်တချို့ စိမ့်ထွက်နေသည်ကို ကျွန်တော် သိနေသေး၏။ အဲဒါ . . . မျက်ရည်တွေလေ။

"မင်းခန့်ညား"

ဇော်ဝိတ်၏ တိုးညင်းစွာ ခေါ်သောအသံ။

ကျွန်တော် . . . လက်သီးဆုပ်ကို ဖြေချလိုက်၏။ လက်သီးဆုပ်အတွင်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားခဲ့သည့် စာရွက်ငယ်ကလေး နီရဲစိုရွှဲနေပေလိမ့်မည်။ အဲဒါ . . . ညီမလေး နောက်ဆုံးရေးခဲ့တယ်ဆိုတဲ့ စာလေး။



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ ဖေဖေရှိရင် သိပ်ကောင်းမှာပဲ၊ ဖေဖေ့ကို သတိရလိုက်တာ။

'သေရမှာကို ကြောက်နေတဲ့သူ ထိတ်လန့်တုန်လှုပ်နေတဲ့သူဟာ သေခြင်းတရားကို အရှုံးပေးသူပဲ။ သေရမှာကို မကြောက်ဘူး၊ မတုန်လှုပ်ဘူး၊ မထိတ်လန့်ဘူး ဆိုတဲ့သူဟာ သေခြင်းတရားကို နိုင်နေတဲ့ လူပဲ''

''သား နိုင်ချင်တယ် ဖေဖေ''

''နိုင်ချင်ရင် ကောင်းတာ အကုန်လုပ်၊ မကောင်းတာ အကုန်ရှောင်။ ငါ ... ကောင်းတာ အကုန်လုပ်တယ်၊ မကောင်းတာ တစ်ခုမှ မလုပ်ဘူး။ အဲဒီတော့ သေရင် ကောင်းရာမွန်ရာကို ရောက်မှာပဲလို့ တွေးကြည့်လိုက်ရုံနဲ့ သေခြင်းတရားကို အနိုင်ရပြီးသား ဖြစ်နေပါပြီ သားရယ်''

ကြည့်စမ်း။ ဖေဖေ့ကိုသာ သတိရပြီး ဖေဖေ့စကားတွေကို မေ့နေလိုက်တာ၊ ကျွန်တော် လက်အုပ်ချီချင်တယ်။ ဘုရား ... တရား ... သံဃာ ... မိဘ ... ဆရာသမားများကို ရည်စူးချင်တယ်။ လက်အုပ်ချီလို့ မရတော့လို့ စိတ်ဖြင့်သာ ရည်စူးလိုက်ရသည်။

ရည်စူးရာတွင် ဘုရားရှင်၏ မျက်နှာတော်၊ ဘုရားရှင်၏ တရားတော်၊ သံဃာတော်အရှင်မြတ်တို့၏ သြဝါဒ။ ပြီးနောက် ဖေဖေ ဖေဖေ့ကို ကျွန်တော် အာရုံပြုသည်။





တစ်ကိုယ်လုံး လှုပ်ရှား၍ မရတော့သည်ကို သိသည်။ အသက်ရှူ ခက်လာသည်။ ဝေဒနာတစ်ခုကို ခံစားလာရသည်။

ထိုဝေဒနာကို ကျွန်တော် သိနေသေးသည်။ လွန်စွာနာကျင်သည့်အခါ စူးရဲစွာ နာကျင်သည်။ တစ်ဖန် ... ညင်သာစွာ နာကျင်သည်။ ထို့နောက် ဆစ်ခနဲ ဆစ်ခနဲမျှသာ နာကျင်သည်။ နောက်ထပ်တစ်ဖန် မခံသာအောင် နာကျင်လာပြန်သည်။ မတည်မြဲတဲ့ ဝေဒနာ၊ ပြောင်းလဲနေတဲ့ ဝေဒနာဟာ ရေးရေးမျှ သိလာသည်။ ဝေဒနာဟူသမျှ အနိစ္စပါလားဟု မြင်လာသည်။

ဤခန္ဓာကိုယ်သည် ကျွန်တော့်ခန္ဓာကိုယ်ဟု အမည်မတပ်သင့်တော့မှန်း ယခုမှ ကျွန်တော်သိ၏။ ရုပ်ခန္ဓာကြီးတစ်ခု ရုပ်အဖွဲ့အစည်းကြီးတစ်ခုဟု ယခုမှသာ နှလုံးသွင်းနိုင်သည်။

..........................

..........................

..........................

ရှိုက်သံသဲ့သဲ့ကို ကြားရသည်။

ရုပ်ခန္ဓာကိုယ်ကြီးကို သယ်ဆောင်ကြသည်။ အရာရာသည် အနိစ္စဟု နှလုံးသွင်းမိပြီးသည့် တစ်ခဏ၌ ကျွန်တော် ဘာကိုမျှ သိခွင့်မရှိတော့။


❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



# အသည်းနှလုံးငါ

# ကြေညာစာတမ်း



www.burmeseclassic.com

www.burmeseclassic.com

## (၂၈)

မင်းခန့်ညား၏ ရှာပနအခမ်းအနားသည် လွန်စွာစည်ကား သော ရှာပနတစ်ခု ဖြစ်ခဲ့၏။ လွန်စွာထူးဆန်းသော အဖြစ်အပျက်ဟု ပြောဆိုခဲ့ကြ၏။

ချစ်သူကောင်မလေး သကြိုဟ်သောနေ့တွင် သူပါ လိုက်သေ သည်ဟု ထင်မြင်ချက်များ ပေးကြ၏။ ထင်ရာပြောကြ၏။

ရှင်မွေ့နွန်းနှင့် မင်းနန္ဒာတို့ကဲ့သို့ မီးခိုးချင်းပေါင်းစပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သယောင်၊ တချို့က ပြောကြပြန်သေးသည်။ သေချာတစ်ခုကတော့ မင်းခန့်ညားနှင့် နွဲ့ယမင်းစိုးတို့သည် မိုးနိုးချင်း မပေါင်းစပ်ကြပါ။

အဘယ်ကြောင့်ဆိုသော် . . .

(၁) သူတို့နှစ်ယောက်သည် ချစ်သူများ မဟုတ်ခဲ့ကြ။

(၂) နွဲ့ယမင်းစိုးအား မိုးသကြိုဟ်ခဲ့ခြင်းဖြစ်ပြီး

(၃) မင်းခန့်ညားကိုတော့ ဂုသွင်းသကြိုဟ်ခဲ့ခြင်းဖြစ်၏။

ဒေါက်တာဇော်ဝိတ်နှင့် ဆရာမသိင်္ဂီထွေးတို့က မင်းခန့်ညား၏ရှာပနကို ကြီးမြတ်ခန့်ထည်စွာ သကြိုဟ်ခဲ့ခြင်းဖြစ်၏။

မင်းခန့်ညား၏ဖခင် ဦးမင်းခန့်ကတော့ မျက်ရည်တစ်စက်မျှ မကျအောင် ထိန်းထားနိုင်ခဲ့သည်။

❋

သားဖြစ်သူ အိပ်ခန်းတွင်းသို့ ဦးမင်းခန့် ဝင်ခဲ့၏။

နံရံရှိ မင်းခန့်ညား၏ဓာတ်ပုံကို မော့ကြည့်လိုက်သေးသည်။ ကြေတွန့်နေသော စောင်တစ်ထည်ကို ညီညာအောင် ခေါက်သည်။ ပြီးနောက် . . . ခုတင်ခြေရင်းတွင် ထားသည်။





ခေါင်းအုံးတစ်လုံးကို ကိုင်မ,ကာ လက်ဖြင့် ဖုန်ခါသည်။ ထိုအခါတွင် ခေါင်းအုံးစွပ်အတွင်းမှ စာအိတ်တစ်အိတ်၊ ဓာတ်ပုံ သုံးပုံနှင့် စာချုပ်တစ်ခု ထွက်ကျလာ၏။

ဓာတ်ပုံတွေကို ကမန်းကတန်း ကောက်ယူကြည့်သည်။

"ဟာ"

နွဲ့ယမင်းစိုးနှင့် အခြားအမည်မသိ ကောင်လေးတစ်ယောက်၏ ရင်းနှီးစွာ တွယ်ယှက်ထားသောပုံများ ဖြစ်သည်။ စာချုပ်ကို ဖြန့်ကြည့်လိုက်သောအခါ . . .

BURMESE CLASSIC .com

<u>နှစ်ဦးသဘောတူလက်ထပ်ခြင်း</u>

ကျွန်တော် မောင်စိုးခ (. . . . /၀၀၇၄၅၈) နှင့် ကျွန်မ နွဲ့ယမင်းစိုး (. . . . /၀၀၇၅၇၉) တို့သည် ယနေ့ (. . . .) တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါသည်။

(စိုးခ) (နွဲ့ယမင်းစိုး)

စာချုပ်ကို ခုတင်ပေါ်သို့ အလျင်အမြန်ပစ်တင်ပြီး ဖောက်လက်စ စာအိတ်အတွင်းသို့ လက်နှိုက်ယူလိုက်သည်။ နွဲ့ယမင်းစိုး၏ လက်ရေးဟု သိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ယမင်းကို ခွင့်လွှတ်ပါ ကိုကိုရယ်၊ ယမင်းကို ကယ်ပါဦး။ ယမင်း မှားခဲ့ပြီ ကိုကို။

ကိုကိုနဲ့ ဘဘနဲ့ အိမ်မှာမရှိကြတဲ့နောက်ပိုင်း ယမင်း အိမ်မှာ မနေချင်တော့ဘူး။ အိမ်မှာ မနေတတ်တော့ဘူး။ ယမင်း အိမ်က ထွက်ပြေးခဲ့တယ် ကိုကို။ သူငယ်ချင်းတစ်ယောက်ရဲ့အိမ်မှာ နေတယ်။ အဲဒီမှာ စိုးခဆိုတဲ့ ကောင်လေးတစ်ယောက်နဲ့ တွေ့တယ်။ စိတ်ညစ်ရင် ရည်းစားထားပါလား — လို့ သူငယ်ချင်းက အကြံပေးတာနဲ့ အဲဒီစိုးခကို ရည်းစားအဖြစ် ထားလိုက်တယ်။

နောက် အဲဒီကောင်လေးက ယမင်းကို ခိုးပြေးတယ်။ သူ့အိမ်က လက်မခံလို့ နှစ်ဦးသဘောတူ လက်ထပ်စာချုပ် ချုပ်ပြီး သူငယ်ချင်းအိမ်မှာပဲ နေကြရတယ်။ ယမင်းမှာရှိတဲ့ လက်ဝတ်လက်စားတွေကိုပဲ ထုခွဲစားသောက်ကြရတာပေါ့။

သိပ်မကြာခင်မှာပဲ စိုးခက နိုင်ငံခြားမှာ အလုပ်သွားလုပ်မယ်ဆိုပြီး ထွက်သွားတာ၊ ပြန်မလာတော့ဘူး။ အဲဒီအချိန်မှာ မာမီနဲ့ တွေ့တယ်။ အိမ်ထောင်ကျတာ အသိမပေးလို့ သူငယ်ချင်းအိမ်ကို နှတ်ပိတ်ထားရတယ်။

အခုတော့ ကိုကိုရယ်။

ယမင်း မထင်မှတ်ထားတာကို ရင်ဆိုင်နေရပြီ။ ညီမလေး ဘယ်လိုလုပ်ရမလဲ ကိုကိုရယ်။ မာမီ့ကိုလည်း ကြောက်တယ်။





ကိုကို့ကိုလည်း ကြောက်တယ်။ ညီမလေးကို မဆူ ပါနဲ့နော် ကိုကို။

ကိုကိုသာ ညီမလေးရဲ့ အုပ်ထိန်းသူလို့ ညီမလေး သတ်မှတ်ပါရစေ။ ကိုကိုသာ ညီမလေးရဲ့အစ်ကိုပါ။ ကိုကိုသာ ညီမလေးရဲ့ အလင်းရောင်ပါ။

ဒါပေမဲ့ ကိုကိုရယ် —

ကိုကို့ကို ညီမလေး အားနာတယ်၊ ရှက်လည်း ရှက်သေပါတယ်၊ ကြောက်လည်း ကြောက်တယ်။ ညီမလေး ဘာလုပ်ရမလဲဟင် ကိုကို။

ဘယ်သူ့ကိုမှ အသိမပေးပါနဲ့လို့ ညီမလေး တောင်းပန်ထားပါရစေ။ ညီမလေး သေသွားခဲ့ရင်တောင် ဒီအကြောင်းတွေကို ကိုကိုက လျှို့ပြီး ဘယ်သူ့မှ မသိပါစေနဲ့နော်။

ကိုကို့ကိုချစ်လို့ ယုံကြည်လို့ အားကိုးလို့ ကိုကို့ကို ဖွင့်ပြောပြတာပါ။ ညီမလေး မိုက်ခဲ့ပါတယ် ကိုကို။ ညီမလေးကို ခွင့်လွှတ်ပေးပါ။

ကိုကို့ရဲ့
(ညီမလေး)
ယမင်း

စာရွက်ကို ကိုင်ထားသော ဦးမင်းခန့်၏လက်များ တုန်လှုပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ"

နံရံရှိ သားဖြစ်သူ မင်းခန့်ညားဓာတ်ပုံကို မော့ကြည့်သည်။

"သား"

ခေါ်သံသည် ကျယ်လောင်လွန်းလှ၏။

"သား"

မျက်ရည်များ စီးကျလာသည်။ လက်ကိုင်တုတ်လေးကို ခုတင်စောင်းတွင်တင်လျက် ခုတင်ပေါ်သို့ တက်၏။ မင်းခန့်ညား၏ ဓာတ်ပုံကို ပွေ့ဖိုက်ကြည့်ရှုလျက် . . .

"သား . . . သား . . .။ ဖေဖေ . . . သား။

မင်းဟာ . . . ငါ့သား . . . မင်းခန့်ရဲ့သား။

ဖေဖေ့ကို . . . ဖေဖေ့ကို ခွင့်လွှတ်ပါသားရယ်။

သား . . ."

မျက်ရည်မိုးများ ရွာကျသည်။ ရင်တစ်ခုလုံး လှိုင်းထန်နေသည်။ ဓာတ်ပုံထဲက မင်းခန့်ညားကတော့ မျက်ရည်များ ဝေဒနာများမှ လုံးဝင်းကင်းလွတ်လျက် ရှိ၏။ မင်းခန့်ညား၏ ခုတင်ခေါင်းရင်းတွင် 'မှန်သောစကားကို ဆိုခြင်း' ဟူသော စာအုပ်ငယ်လေးတစ်အုပ်ကို မြင်တွေ့လိုက်ရသည်။ ။

*လေးစားခင်မင်လျက် . . .*

မောင်လှမျိုး (ချင်းလျှောင်းမြို့)